မြန်မာ့အလင်း

အတွဲ (၅၃) အမှတ် (၃)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၃ ရက်၊ ကြာသပတေးနေ့။

နိုင်ငံတော် အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။

❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။

❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားနှင့် ဂျာမနီနိုင်ငံတို့သို့ သဝဏ်လွှာများပေးပို့

နေပြည်တော် အောက်တိုဘာ ၃

၂၀၁၃ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သည့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စ ပတ်ဂွန်ဟေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သည့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ချောင်ဟုန်ဝန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ထို့အတူ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၏ ဂျာမန်ပေါင်းစည်းရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သမ္မတ မစ္စတာ ဂျိုဝါကင်း ဂေါက်ခ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၏ ဂျာမန်ပေါင်းစည်းရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ အင်ဂျယ်လာ မာကယ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဒေသခံပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သင့်သည်များ မှာကြား

သံတွဲ အောက်တိုဘာ ၂

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၈ နာရီတွင် စစ်တွေမြို့ ဗန္ဓုလရိပ်သာဧည့်ခန်းမ၌ စစ်တွေမြို့မှ ရခိုင်တိုင်းရင်းသား မြို့မိမြို့ဖများ၊ အစ္စလာမ်လူမှုရေးခေါင်းဆောင်များအား သီးခြားစီတွေ့ဆုံ၍ ဒေသတည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)

ထို့နောက် နိုင်ငံတော်သမ္မတသည် စစ်တွေမြို့တွင် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ ဒုက္ခသည်များအား စနစ်တကျနေရာချထားပေးနေမှုနှင့် မြို့တည်ငြိမ်အေးချမ်းလာမှုအခြေအနေကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဝင် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ပြည်နယ်အတွင်း ပဋိပက္ခများဖြစ်ပွားခဲ့မှုအခြေအနေ၊ ပြန်လည်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ခဲ့မှု၊ ဒုက္ခသည်စခန်းများဖွင့်လှစ်ထားမှုနှင့် အမိုးအကာအောက် ရောက်ရှိရေးအတွက် နေအိမ်တန်းလျားများ တည်ဆောက်ပြီးစီးမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်သမ္မတက ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည်များကို လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ဒုတိယဝန်ကြီးများနှင့်အတူ မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် ကျောက်ဖြူမြို့သို့ ရောက်ရှိသည်။

ထို့နောက် လေဆိပ်ဧည့်ခန်းမ၌ ကျောက်ဖြူမြို့ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် မြို့မိမြို့ဖများအားတွေ့ဆုံ၍ *စာမျက်နှာ ၈ ကော်လံ ၁* ▲

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စေတနာနှင့်နေရာ

“စေတနာကောင်းလျှင် ကံကောင်းသည်၊ စေတနာမှန်လျှင် ရောင်ပြန်ဟပ်စမြဲ၊ မှန်သောစေတနာ အကျိုးပေးကောင်းသည်” ဟူသော စကားတို့သည် အရာရာစေတနာထား လုပ်ကိုင်ဆောင်ရွက်ကြမည်ဆိုပါက ကြီးပွားတိုးတက်နိုင်ကြောင်းကို မီးမောင်းထိုးပြနေခြင်းပင်ဖြစ်သည်။ စေတနာသည် ဘဝတိုးတက်ရေးအတွက် မီးရှူးတန်ဆောင်သဖွယ်ဖြစ်သည်။ အကျိုးအမြတ်ကို မစဉ်းစား၊ အရာရာစေတနာထား လုပ်ကိုင်သူတို့ ကြီးပွားတိုးတက်ကုန်ကြလေပြီ။

သို့သော် အချို့မှာကား စေတနာနှင့် လုပ်ကိုင်ရမည့် အမှုကိစ္စတို့တွင် နေရာကို ဦးစားပေးလုပ်ကိုင်မိသဖြင့် အကျိုးနည်းရလေသည်။ ထင်ရှားသော ဥပမာတစ်ခုဆိုရလျှင် စေတနာကောင်းသောဈေးဆိုင်နှင့် စေတနာမကောင်းသော ဆိုင်နှစ်ဆိုင်၏ ရောင်းအားအခြေအနေကို လေ့လာကြည့်လျှင် တွေ့နိုင်ပါသည်။ စေတနာကောင်းသောဈေးသည်သည် ၎င်း၏ကုန်ပစ္စည်းများကို ပစ္စည်းမှန်၊ ဈေးမှန်ဖြင့် စေတနာထား ရောင်းချလေ့ရှိပါသည်။ ထို့ကြောင့်လည်း စေတနာအလျောက် ကုန်ပစ္စည်းများ ရောင်းအားအလွန်ကောင်းပြီး ကြီးပွားတိုးတက်လေ့ရှိပါသည်။ စေတနာမပါဘဲ ရောင်းသူမှာ ထိုသို့မဟုတ်။ မိမိ၏ ဈေးဆိုင်နေရာသည် လူသွားလူလာ အလွန်များပြားခြင်းကို အခွင့်ကောင်းယူ၍ ကုန်ပစ္စည်းများကို အဆမတန်ဈေးတင်ရောင်းလေ့ရှိပါသည်။ ဤလူမျိုးသည် စေတနာထက် နေရာကို ဦးစားပေးနေသူသာဖြစ်သည်။ အမှန်စင်စစ် နေရာသည်ကား အဓိကမဟုတ်။ စေတနာသည်သာလျှင် အဓိကဖြစ်သည်။ စေတနာထား ရောင်းဝယ်ဖောက်ကားမည်ဆိုလျှင် နေရာမကောင်းသော်လည်း ရောင်းဝယ်ဖောက်ကား ကြီးပွားတိုးတက်နိုင်သည်။ ဆိုင်ကြီးကြီးမဟုတ်သော်လည်း စေတနာထား၍ ရောင်းချသောဈေးဆိုင် အများအပြားပင်ရှိသည်။

ထို့ကြောင့်လည်း စေတနာသည် ကံဖြစ်သည်။ စေတနာကောင်းလျှင် ကံကောင်းသည်ဟု ဆိုကြခြင်းပင်ဖြစ်ပေသည်။ ဤသာဓကနည်းတူ ကျွန်ုပ်တို့သည်လည်း မည်သည့်အလုပ်မဆို စေတနာထား အလုပ်လုပ်ကြမည်ဆိုလျှင် ကံကောင်းမည်မှာ သေချာသည်။ စေတနာသည် တူသောအကျိုးပေးသည်ဟု ဗုဒ္ဓဘုရားရှင်က ဟောကြားတော်မူခဲ့လေသည်။ စေတနာကောင်းလျှင် ကံကောင်းမည်၊ စေတနာဆိုးလျှင် ကံဆိုးမည်သာဖြစ်သည်။ ကံကောင်းလိုသူတိုင်းသည် စေတနာကောင်းဖို့လိုသည်။ စိတ်ကောင်းစိတ်မြတ်များ မွေးမြူကြဖို့လိုသည်။ ထို့ကြောင့် လူတိုင်းလူတိုင်းသည် နေရာကိုအဓိကမထားဘဲ စေတနာသာ အဓိကထား လုပ်ကိုင်ကြမည်ဆိုလျှင် ကြီးပွားတိုးတက်မည်ကား အမှန်ပင်ဖြစ်ပါကြောင်း။ ။

ချိန်ခါမရွေးသတိပေး
မီးဘေးကင်းဝေးမှာ

ပြည်တွင်းသတင်း

နေပြည်တော်သို့ Bangkok Airways လေယာဉ်ခရီးစဉ် စတင်ဆိုက်ရောက်

နေပြည်တော် အောက်တိုဘာ ၂

Bangkok Airways လေကြောင်းလိုင်းသည် ဗန်ကောက်-နေပြည်တော် ခရီးစဉ်သစ်ကို ATR-72 လေယာဉ်ဖြင့် စက်တင်ဘာ ၃၀ ရက်က စတင်ပြေးဆွဲရာ ထိုင်းနိုင်ငံသား ခရီးသည် ၅၅ ဦးနှင့် အခြားနိုင်ငံသားခရီးသည် ကိုးဦး၊ မြန်မာနိုင်ငံသားတစ်ဦး စုစုပေါင်း ခရီးသည် ၆၅ ဦးလိုက်ပါလာကြပြီး နေပြည်တော်လေဆိပ်သို့ ည ၇ နာရီတွင် ဆိုက်ရောက်လာသည်။

အဆိုပါ လေယာဉ်ဖြင့် လိုက်ပါလာသည့် နိုင်ငံခြားသားခရီးသည်များအား ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် နေပြည်တော်လေဆိပ်မှ ကြိုဆိုနှုတ်ဆက်ပြီး ဟိုတယ်များ၌ တည်းခိုရန် အဆင်ပြေစေရေး စီစဉ်ဆောင်ရွက်ပေးသည်။

အဆိုပါ Bangkok Airways သည် ဗန်ကောက်-နေပြည်တော် ခရီးစဉ်ကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၂၆ ရက်အထိ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များနှင့် အောက်တိုဘာ ၂၇ ရက်မှစတင်၍ နေ့စဉ်ပုံမှန် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောမြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း ရာနှုန်းပြည့်ပြီးစီး

ဆော အောက်တိုဘာ ၂

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် လယ်ယာမြေမှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်း မြို့နယ်လုံးကျွတ်ရာနှုန်းပြည့် ပြီးစီးသည့် အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီတွင် ဆောမြို့နယ် ခန်းမ၌ကျင်းပရာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်နိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်၊ မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးတင်နိုင်ထွန်း၊ ဂန့်ဂေါခရိုင်နှင့် ဆောမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးနှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ တာဝန်ရှိသူများက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ကြသည်။

ဆောမြို့နယ်အနေဖြင့် ကျောက်ထုမြို့နယ်ခွဲ အပါအဝင် ဦးပိုင်ပေါင်း ၃၆၃၁၄ အား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးရန် လျာထားဆောင်ရွက်ခဲ့ရာ ဦးပိုင်ပေါင်း ၃၆၅၂၁၊ တောင်သူပေါင်း ၁၆၅၆၂ ဦးသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေးခဲ့ပြီးဖြစ်၍ မြို့နယ်လုံးကျွတ် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးခဲ့ပြီဖြစ်သည်။

မကွေးတိုင်းဒေသကြီးတွင် လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ဦးပိုင်ပေါင်း ၁၆၄၂၆၄၀ လျာထားခဲ့ရာ ၂၀၁၃ ခုနှစ် စက်တင်ဘာလကုန်အထိ ဦးပိုင်ပေါင်း ၁၀၁၃၄၃၄ အတွက် တောင်သူပေါင်း ၅၄၇၃၄၈ ဦးကို ထုတ်ပေးနိုင်ခဲ့ပြီး ၆၁ ဒသမ ၇၀ ရာခိုင်နှုန်းလုပ်ငန်းများ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

တင်နိုင်ထွန်း

ထင်သာမြင်သာ ပြုပြင်စရာ

ဖျာပုံတံတား အန္တရာယ်ကင်း လမ်းမီးလင်းဖို့လို

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိ အခြားမြို့နယ်များနှင့် ဆက်သွယ်ထားသည့် ဖျာပုံတံတားကြီးကို သက်ဆိုင်ရာဌာနများမှ လိုအပ်ချက်များကို ပြုပြင်ဆောင်ရွက်ရန် ရှိနေရာတွင် ဖျာပုံတံတားကြီးပေါ်ရှိ လမ်းမီးများအပြင် တံတားရေလယ်တိုင်မီးများနှင့် သတ်မှတ်နေရာများ မီးမလင်းသည်မှာ နှစ်အတန်ကြာနေပြီကို တွေ့ရှိနေရသည်။

အဆိုပါ တံတားကြီးကို သက်ဆိုင်ရာဌာနများမှ တံတားကြီးစတင် တည်ဆောက်စဉ်မှ ယနေ့အချိန်အထိ ကိုယ်ပိုင် Transformer နှင့် အရေးပေါ်မီးစက် တပ်ဆင်အသုံးပြုခဲ့ရာတွင် ယခုအချိန်တွင် လမ်းမီးများမလင်းဘဲ အမှောင်အတိကျနေခြင်းကြောင့် ပြည်သူများ နေ့စဉ်ယာဉ်တိုက်မှုနှင့် အခြားအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့နေရသဖြင့် သက်ဆိုင်ရာဌာနမှ ဖျာပုံတံတားကြီး မီးလင်းရေးအတွက် အမြန်ဆုံးပြုပြင်ရန် လိုအပ်နေပြီဖြစ်သည်။ဖျာပုံမြို့နေ ပြည်သူတစ်ဦးက “ကျွန်တော်တို့မြို့မှာ ညနေခင်းနဲ့ နံနက်စောစော လမ်းလျှောက်တိုင်း မီးမလင်းတော့ ယာဉ်တိုက်မှုအန္တရာယ်ကို မကြာခဏကြုံတွေ့နေရတာ ကြာပြီဗျာ။ နောက်ပြီးတော့ တံတားပေါ် ဖြတ်သန်းသွားလာတဲ့ ခရီးသွားကားတွေနဲ့ ဆိုင်ကယ်တွေကလည်း အမှောင်ထဲမှာ ပေးမောင်းတော့ အန္တရာယ်ကွေ့မှာ ယာဉ်တိုက်မှုတွေဖြစ်နေရတာကို သက်ဆိုင်ရာက ပြည်သူတွေအတွက် ပွင့်လင်းမြင်သာစွာ လမ်းမီးတွေ မီးလင်းအောင် ဆောင်ရွက်ပေးဖို့ လိုနေပြီပေါ့ဗျာ”ဟု ပြောသည်။ **ချမ်းသာ**

မြန်မာ-လာအို ချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတားတည်ဆောက်

နေပြည်တော် အောက်တိုဘာ ၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းလပ်မြို့နယ်ခွဲရှိ မြန်မာ-လာအို ချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတား စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး ကျိုင်းတုံမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတွဲဖက်ပြည်နယ် အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီးဦးခင်ရီ ပြည်တွင်းပြည်ပသတင်းမီဒီယာများအား တွေ့ဆုံ၍ မြန်မာနိုင်ငံမိတ်ဆွေများအဖွဲ့ ဝန်ကြီးအဆင့်အစည်းအဝေး အတွေ့အကြုံများ ရှင်းလင်းပြောကြား

ရန်ကုန် အောက်တိုဘာ ၂

ပြည်တွင်း ပြည်ပသတင်းမီဒီယာများအား အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် စက်တင်ဘာ ၂၆ ရက်က ကျင်းပခဲ့သည့် မြန်မာနိုင်ငံ မိတ်ဆွေများအဖွဲ့ ဝန်ကြီးအဆင့်အစည်းအဝေး (Group of Friends of Secretary General on Myanmar Ministrials Meeting) တက်ရောက်ခဲ့ခြင်းဆိုင်ရာ အတွေ့အကြုံများရှင်းလင်းခြင်းကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် စက်တင်ဘာ ၂၆ ရက်က အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ကျင်းပခဲ့သည့် မြန်မာနိုင်ငံ မိတ်ဆွေများအဖွဲ့ ဝန်ကြီးအဆင့် အစည်းအဝေးသည် (၆၈)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အစည်းအဝေးကာလအတွင်း ဆက်စပ်ဆောင်ရွက်ချက်တစ်ခု ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံ မိတ်ဆွေများအဖွဲ့မှာ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထွေထွေ ညီလာခံ၏ ဆုံးဖြတ်ချက်အရ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အကျိုးဆောင်မှုကို အထောက်အကူပြုရန် ၂၀၀၇ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သော အဖွဲ့ဖြစ်ကြောင်း၊ နိုင်ငံ (၁၄) နိုင်ငံနှင့် ဥရောပသမဂ္ဂတို့ပါဝင် ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများမှာ အာရှဒေသမှ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်း၊ စင်ကာပူ၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားတို့ပါဝင်ပြီး အခြားဒေသမှ အမေရိကန်၊ ဗြိတိန်၊ ရုရှား၊ ပြင်သစ်၊ သြစတြေးလျ၊ နော်ဝေ တို့ ပါဝင်ပါကြောင်း။

၎င်းအဖွဲ့၏ အစည်းအဝေးများကို ကုလသမဂ္ဂဌာနချုပ်တွင် အခါအားလျော်စွာ ကျင်းပလေ့ရှိပြီး ဝန်ကြီးအဆင့် အစည်းအဝေးများကို ကုလသမဂ္ဂအထွေထွေ ညီလာခံကာလတွင် နှစ်စဉ် ကျင်းပလေ့ရှိပါကြောင်း၊ ယခင်က မြန်မာနိုင်ငံအား ဖိတ်ကြားမှု ရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်နိုင်ခဲ့ခြင်း မရှိခဲ့ပါကြောင်း၊ ယခုထပ်မံ၍ ဖိတ်ကြားလာရာတွင် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများ ရှင်းလင်းပြောကြားနိုင်ရန်နှင့် မြန်မာနိုင်ငံ အသွင်ကူးပြောင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများကို နိုင်ငံတကာနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်တက်ရောက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ပြည်တွင်း ပြည်ပသတင်းမီဒီယာများအား ကုလသမဂ္ဂဌာနချုပ်တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံ မိတ်ဆွေများအဖွဲ့ ဝန်ကြီးအဆင့်အစည်းအဝေး အတွေ့အကြုံများရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ယခုနှစ် အစည်းအဝေးတွင် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်နေသည့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ အောင်မြင်မှုကို ကုလသမဂ္ဂနှင့် နိုင်ငံတကာမှ အသိအမှတ်ပြုဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ အလားတူ ကြုံတွေ့နေသည့် စိန်ခေါ်မှုအချို့ကိုလည်း စိုးရိမ်မှုရှိပြီး ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ နိုင်ငံတကာမှလည်း ပူးပေါင်းကူညီ ဆောင်ရွက်ပေးရန် တိုက်တွန်းပါကြောင်း၊ ယခုအစည်းအဝေးသို့ မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ် တက်ရောက်မှုကို ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုကို နိုင်ငံတကာမှ ပိုမိုထိရောက်စွာ အကူအညီပေးနိုင်ရန် ယခုအဖွဲ့ကို Partnership Group for Peace, Development and Democracy in Myanmar ဟု အမည်ပြောင်းရန် အဆိုပြုပါကြောင်း၊ လိုအပ်ပါက နိုင်ငံနှင့်နိုင်ငံတကာ အဖွဲ့အစည်းများပါ တိုးချဲ့ဖွဲ့စည်းသင့်၊ မသင့် အဖွဲ့ဝင်များမှ အကြံပြုစေလိုကြောင်းနှင့် မြန်မာနိုင်ငံပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတကာမှ ပိုမိုပူးပေါင်း ကူညီ ဆောင်ရွက်ပေးစေလိုကြောင်းဖြင့် ပြောကြားခဲ့ပါကြောင်း။

မိမိအနေဖြင့်လည်း နိုင်ငံတော်အစိုးရသစ်က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများ တစ်ပြိုင်တည်း ဆောင်ရွက်နေမှု၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးဆောင်ရွက်မှုနှင့် နောက်ဆုံး ဖြစ်ပေါ်တိုးတက်မှုများ၊ ရခိုင်ပြည်နယ် အရေးကိစ္စ မှုတစ္စာ စီစဉ်ဆောင်ရွက်နေမှုများ၊ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အပြုသဘောဆောင်သော ဆက်ဆံရေးများ ဖော်ဆောင်နေမှုနှင့် အနာဂတ်တွင် မိတ်ဆွေများအဖွဲ့၏ အားပေးထောက်ခံမှုများဖြင့် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းချပြခဲ့ပါကြောင်း၊ ယင်းရှင်းလင်းမှုများအပေါ် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များကလည်း နိုင်ငံတော်၏ အချိန်တိုအတွင်း ဖြစ်ပေါ်တိုးတက်မှုများနှင့် နိုင်ငံတော်သမ္မတကြီး ဦးဆောင်မှု အခန်းကဏ္ဍအား အသိအမှတ်ပြုပါကြောင်း၊ အဖွဲ့အမည်ပြင်ဆင်ရန် အတွင်းရေးမှူးချုပ်၏ အကြံပြုချက်ကို အပြုသဘောရှုမြင်ထောက်ခံ ပြောကြားကြပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးအကြိမ် အစည်းအဝေးတက်ရောက်ရာတွင် အဖွဲ့ဝင်နိုင်ငံ အားလုံးက ကြိုဆိုကြသကဲ့သို့ မိမိတို့ တာဝန်ရှိသူများ ကိုယ်တိုင်ကိုယ်ကျ ရှင်းလင်းခွင့် ရရှိခြင်းဖြင့် တစ်ဆင့်ကြားကို နားလည်မှုလွဲမှားမှုများ၊ သံသယဖြစ်မှုများအပေါ် ဖြေရှင်းနိုင်ခဲ့ပါကြောင်း၊ မိမိတို့အစည်းအဝေး တက်ရောက်သည့်အတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု ပုံရိပ်ကို ပြသရာရောက်ပါကြောင်း၊ ယခုအစည်းအဝေးမှသည် မိမိတို့နိုင်ငံ၏ မိတ်ဆွေများအဖွဲ့ အဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုနီးကပ်စွာ၊ ရင်းနှီးပွင့်လင်းစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ Group of Friends ၏ အမည်ပြောင်းရန် အဆိုပြုခြင်းမှာ မြန်မာနိုင်ငံ လူ့အခွင့်အရေးကိစ္စအပေါ် မူတည်ဖွဲ့စည်းခဲ့ရာမှ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုကို အားပေးကူညီရန် ဖြစ်၍ အပြုသဘောရှုမြင်ပါကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်တွင်း ပြည်ပသတင်းမီဒီယာများမှ သတင်းထောက်များက မြန်မာနိုင်ငံ မိတ်ဆွေများအဖွဲ့ အစည်းအဝေးနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကိုရီးယားနှင့်ဂျာမနီနိုင်ငံတို့သို့ သဝဏ်လွှာများပေးပို့

နေပြည်တော် အောက်တိုဘာ ၃

၂၀၁၃ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သည့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ယွန်ပြောင်ဆဲထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၏ ဂျာမန်ပေါင်းစည်းရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂီဒို ဗက်စ်တာ ဗယ်လာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်တာနက်အသုံးပြုသူ မိဘပြည်သူများသို့ အသိပေးတင်ပြခြင်း

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် အင်တာနက်အသုံးပြုသူမိဘပြည်သူများ၏ အင်တာနက်ချိတ်ဆက်အသုံးပြုမှုမြန်ဆန်တည်ငြိမ်မှုရရှိစေရေးအတွက် ဆက်သွယ်မှုကွန်ရက်တိုးတက်ရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ စီမံကိန်းအရ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့များတွင် ISP နှင့် National Gateway များ အဆင့်မြှင့်တင်ခြင်းနှင့်အသစ်တပ်ဆင်ခြင်းလုပ်ငန်းများကို သတင်းအချက်အလက်နှင့် နည်းပညာဌာနနှင့် NTT Communications တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့တွင် လက်ရှိ ISP Network နှင့် ချိတ်ဆက်ထားသော POP များအား အသစ်တပ်ဆင်ပြီးဖြစ်သော ISP Network အသစ်ပေါ်သို့ အောက်ဖော်ပြပါ အချိန်များတွင် ပြောင်းရွှေ့ချိတ်ဆက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် အဆိုပါအချိန်များတွင် ပြောင်းရွှေ့ချိတ်ဆက်မည့် POP ဧရိယာအတွင်းရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်တာနက် အသုံးပြုနိုင်မှုများ ခေတ္တပြတ်တောက်မည် ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။ **(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)**

စဉ်	ရက်စွဲ	အချိန်	POP အမည်	ပြတ်တောက်ချိန်
၁	၅-၁၀-၂၀၁၃	၀၂း၀၀နာရီမှ ၀၂း၁၅နာရီအထိ	ဟံသာဝတီ POP	၁၅ မိနစ်
၂	၈-၁၀-၂၀၁၃	၀၂း၀၀နာရီမှ ၀၂း၁၅ နာရီအထိ	မိုဘိုင်း POP	၁၅ မိနစ်
		၀၂း၁၅ နာရီမှ ၀၂း၃၀နာရီအထိ	မရမ်းကုန်း POP	၁၅ မိနစ်
		၀၂း၃၀နာရီမှ ၀၂း၄၅နာရီအထိ	မောင်ထော်လေး POP	၁၅မိနစ်
၃	၉-၁၀-၂၀၁၃	၀၂း၀၀နာရီမှ ၀၂း၁၅ နာရီအထိ	MICT POP	၁၅ မိနစ်

နိုင်ငံတကာသတင်း

ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ငွေကြေးအထောက်အပံ့ ပိုမိုပေးမည်ဟု ကမ္ဘာ့ဘဏ် ကတိပေး

ဝါရှင်တန် အောက်တိုဘာ ၂

ဆင်းရဲနွမ်းပါးမှုများ အဆုံးသတ်စေရေး၊ ကမ္ဘာတစ်ဝန်းဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ကာ စီးပွားရေး ခိုင်မာတောင့်တင်းမှုမရှိသည့် ဆင်းရဲသားပြည်သူများ၊ ပဋိပက္ခပြဿနာများ ဖြစ်ပွားရာ ဒေသများအတွက် ငွေကြေးအကူအညီ အထောက်အပံ့များ တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ကျင်ယွန်ကင်က အောက်တိုဘာ ၁ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စု၌ ငွေကြေးမတည်ငြိမ်မှုနှင့် ကမ္ဘာ့စီးပွားရေးဂယက်ကြောင့် ဈေးကွက်သစ်များ ပေါ်ထွန်းရေးနှင့် အာဖရိကရှိ ဖွံ့ဖြိုးဆဲနိုင်ငံများကို အကြီးအကျယ် ထိခိုက်စေနိုင်ကြောင်း ကင်ကဂျော့ ဝါရှင်တန် တက္ကသိုလ်၌ ကမ္ဘာပေါ်တွင် နေထိုင်သူ လူဦးရေ၏ ၁ ဘီလီယံထက် မနည်းသော လူဦးရေမှာ တစ်ရက်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅ ဒေါ်လာ အောက်သာ ဝင်ငွေရှိသည်ဟုဆိုသည်။

ကမ္ဘာ့ဘဏ်အနေဖြင့် စီးပွားရေး ခိုင်မာမှုမရှိသည့် ဒေသများ ပဋိပက္ခဖြစ်ကာ အတိဒုက္ခ ကြုံတွေ့နေရသည့်ဒေသများအတွက် ငွေကြေးထောက်ပံ့မှု တိုက်ရိုက်ကူညီလိမ့်မည်ဖြစ်ကြောင်း ကင်ကကတိပေးခဲ့ခြင်းဖြစ်သည်။ **(အင်န်အိတ်ချ်ကေ)**

လွှတ်တော်ဘတ်ဂျက်ခွဲဝေမှုသဘောမတူသည့်အတွက် အမေရိကန်၌ အစိုးရယန္တရားတစ်စိတ်တစ်ပိုင်းရပ်ဆိုင်း

နယူးယောက် အောက်တိုဘာ ၂

အမေရိကန်နိုင်ငံတွင် လွှတ်တော်နှစ်ရပ်အတွင်း ကျန်းမာရေးဘတ်ဂျက်ခွဲဝေသုံးစွဲမှုညှိနှိုင်းမှုမရသည့်အတွက် အစိုးရယန္တရားလုပ်ငန်းတစ်စိတ်တစ်ပိုင်းရပ် ဆိုင်းသွားခဲ့ရကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

သမ္မတ အိုဘားမားအနေဖြင့် အစိုးရပြန်လည်စတင်နိုင်ရေး ၎င်း၏ ကျန်းမာရေးဆိုင်ရာ အဆိုပြုချက်အပေါ် ထောက်ခံမှုရရှိရန် ကြိုးပမ်းလျက်ရှိသည်။

အမေရိကန်နိုင်ငံတွင် အဆိုပါဘတ်ဂျက်ခွဲဝေမှုအပေါ် သဘောထားကွဲလွဲခဲ့သဖြင့် အလုပ်သမား ၇၀၀၀၀၀ လစာမရဘဲ ထွက်ခွာရမည့်အခြေအနေနှင့်ရင်ဆိုင်နေရသည်။ ပန်းခြံများ၊ ပြခန်းပြတိုက်များနှင့်အဆောက်အအုံအတော်များများ ပိတ်ထားလိုက်ရပြီ ဖြစ်သည်။

အစိုးရတစ်ရပ် ရပ်ဆိုင်းအောင် ပြုလုပ်ခဲ့သည့်အတွက် အောက် လွှတ်တော်ကိုယ်စားလှယ်ကွန်ဆာ ဗေးတစ်ရီပတ်ဘလီကင်တို့အား အောက်တိုဘာ ၁ ရက်က သမ္မတ အိုဘားမားက အပြစ်ပြောဆိုခဲ့သည်။

ယင်းတို့သည် သန်းပေါင်းများစွာသော အမေရိကန်သူ အမေရိကန်သားများ ကျန်းမာရေးစောင့်ရှောက်မှုအာမခံချက်ပေးရန် ငြင်းဆိုခဲ့ကြပြီး အစိုးရယန္တရား ရပ်တန့်သွားအောင် လုပ်ခဲ့ကြသူများဖြစ်ကြောင်း မစ္စတာ အိုဘားမားက အိမ်ဖြူတော်၌ ပြောကြားသည်။

လွှတ်တော်အနေဖြင့် ဘတ်ဂျက်ကို ခွင့်ပြုပေးရမည်ဖြစ်ကြောင်း၊ အစိုးရရပ်ဆိုင်းထားရမှုကို အဆုံးသတ်ရမည်ဖြစ်ကြောင်း၊ စီးပွားရေးရပ်ဆိုင်းမှုကိုလည်း ကာကွယ်ရမည်ဖြစ်ကြောင်း ၎င်းကအခိုင်အမာ ပြောကြားလိုက်သည်။ **(ဘီဘီစီ)**

ဝူတစ်ပ်တိုင်ဖွန်း မုန်တိုင်းကြောင့် ရေလုပ်သား ၅၈ ဦး ပျောက်ဆုံးနေဆဲ

ပေကျင်း အောက်တိုဘာ ၂

ပြီးခဲ့သည့် စက်တင်ဘာ ၂၉ ရက် နေ့လယ်ပိုင်းက ဝင်ရောက်ခဲ့သော တိုင်ဖွန်း ဝူတစ်ပ်မုန်တိုင်းကြောင့် တောင်တရုတ်ပင်လယ်တွင် ငါးဖမ်းလှေသုံးစင်း နစ်မြုပ်ခဲ့ပြီး ရေလုပ်သား ၅၈ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ ကယ် ဆယ်ရေးများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ကြောင်း အောက်တိုဘာ ၂ ရက် ဆင်ဟွာသတင်းတွင် ရေးသားထားသည်။

ငါးဖမ်းလှေငါးစင်းဖြင့် ငါးဖမ်းရေလုပ်သား ၈၈ ဦး ထွက်ခွာသွားရာ ငါးဖမ်းလှေသုံးစင်း နစ်မြုပ်ခဲ့၍ သုံးဦးသေဆုံးခဲ့ပြီးဖြစ်သည်။ **(ဆင်ဟွာ)**

သမ္မတအိုဘားမား မလေးရှားခရီးစဉ်ဖျက်သိမ်း

ကွာလာလမ်ပူ အောက်တိုဘာ ၂

အမေရိကန်သမ္မတဘားရက်အိုဘားမားသည် လွှတ်တော်မှ ကျန်းမာရေးဘတ်ဂျက်သဘောမတူသဖြင့် အစိုးရယန္တရားတစ်စိတ်တစ်ပိုင်း ရပ်ဆိုင်းထားရမှုကိုကိုင်တွယ်ရန် မလေးရှားသို့သွားရောက်မည့်ခရီးစဉ်ကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ်နာဂျစ်၏ရုံးက ပြောသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် လာမည့်သီတင်းပတ်တွင် မလေးရှားနိုင်ငံသို့ သမ္မတအိုဘားမားကိုယ်စား လာရောက်လိမ့်မည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ်ရုံးက ပြောသည်။

အမေရိကန်နိုင်ငံ၌ လွှတ်တော်နှစ်ရပ်က ဘတ်ဂျက်သစ်ကို သဘောမတူနိုင်သည့်အတွက် အစိုးရတစ်စိတ်တစ်ပိုင်းရပ်ဆိုင်းထားရသည်။ လာမည့် အောက်တိုဘာ ၁၁ ရက်တွင် ကွာလာလမ်ပူစီးပွားရေးကွန်ဖရင့်၌ မစ္စတာကယ်ရီ မိန့်ခွန်းပြောကြားလိမ့်မည်ဖြစ်ကြောင်း သမ္မတအိုဘားမားက ဝန်ကြီးချုပ်ကို အသိပေးခဲ့ကြောင်းလည်း မလေးရှားဝန်ကြီးချုပ်ရုံးက ပြောသည်။ **(ဘီဘီစီ)**

- - - - - - - - - - - - - - - - - - - -

မြောက်ကိုရီးယားအပေါ် အမေရိကန်၏ ရန်လိုသောမူဝါဒ စွန့်လွှတ်ရန် တောင်းဆို

ပြုံယမ်း အောက်တိုဘာ ၂

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို စွန့်လွှတ်ရန် မတောင်းဆိုမီ မြောက်ကိုရီးယားနိုင်ငံခြားရေး ဒုတိယဝန်ကြီးက အမေရိကန်အား ၎င်းတို့နိုင်ငံအပေါ် ထားရှိသော အမေရိကန်၏ ရန်လိုသော မူဝါဒကိုစွန့်လွှတ်ရန် တိုက်တွန်းပြောကြားလိုက်သည်။

တိုက်တွန်းပြောကြား

မြောက်ကိုရီးယားနိုင်ငံခြားရေး ဒုတိယဝန်ကြီး ပတ်ကီယွန်သည် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ အောက်တိုဘာ ၁ ရက်က အထက်ပါအတိုင်း တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

ကိုရီးယားကျွန်းဆွယ်ပြဿနာမှ ငြိမ်းချမ်းရေးရယူရန်အတွက် ဆိုလျှင် မြောက်ကိုရီးယားအပေါ် ထားရှိသော အမေရိကန်၏ ရန်လိုသည့်မူဝါဒကို အဆုံးသတ်ပေးဖို့ တစ်နည်းသာရှိသည်ဟု ပတ်က ဆိုခဲ့သည်။

၁၉၅၃ ခုနှစ် စစ်ဆိုင်းထားမှုမှ ငြိမ်းချမ်းရေးသဘောတူစာချုပ်ဆီသို့ ပြောင်းလဲမှုတွင် အမေရိကန်က သဘောတူညီရန် ၎င်းကတိုက်တွန်းသည်။ ကိုရီးယားနှစ်နိုင်ငံအနေဖြင့် စစ်ဖြစ်နေဆဲ အခြေအနေ၌ရှိနေဆဲပင်ဖြစ်သည်။ ၎င်းက ကျွန်းဆွယ်မတည်မငြိမ်ဖြစ်နေသော အခြေအနေအတွက် အမေရိကန်အား အပြစ်ဖို့ပြောဆိုလိုက်ခြင်းဖြစ်သည်။

သူသည် မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ခြောက်နိုင်ငံဆွေးနွေးမှုကိုမူ ထုတ်ဖော်ပြောဆိုခြင်း မပြုခဲ့ပေ။

သို့သော်သံတမန် ဆက်ဆံရေးတိုးတက်စေရေးအတွက် ပွင့်ပွင့်လင်းလင်းဆွေးနွေးမှုကို တံခါးဖွင့်ထားသည်ဟု ဆိုခဲ့သည်။

(အင်န်အိတ်ချ်ကေ)

အီရန်သမ္မတသည် သိုးယောင်ဆောင်သော ဝံပုလွေဟု အစ္စရေးဝန်ကြီးချုပ် ပြောကြား

တဲလ်အဗစ် အောက်တိုဘာ ၂

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက အီရန်အစိုးရနှင့် လုပ်ကိုင်နေမှုကို သတိပေးလိုက်သည်။ အီရန်သမ္မတ ဟက်ဆန်ရိုဟာနီသည် သိုးယောင်ဆောင်ထားသည့် ဝံပုလွေလို လူစားမျိုးဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်က ကုလသမဂ္ဂအထွေထွေညီလာခံ၌ မိန့်ခွန်းပြောကြားစဉ် ပြောကြားလိုက်ခြင်းဖြစ်သည်။ အီရန်နျူကလီးယားကိစ္စနှင့်ပတ်သက်၍ တစ်ဦးတည်း တစ်နိုင်ငံတည်း ရပ်တည်ရသည့်တိုင်အောင် အစ္စရေးက အီရန်ကို နျူကလီးယားလက်နက်ထုတ်လုပ်ခွင့်ပြုလိမ့်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။ တစ်ဖန်အီရန်ကလည်း ၎င်းတို့အနေဖြင့် နျူကလီးယားလက်နက်ထုတ်လုပ်ရန် အစီအစဉ်မရှိကြောင်း မစ္စတာနေတန်ယာဟု၏မှတ်ချက်များသည် လွန်ကဲကြောင်း ပြန်လည်ပြောကြားသည်။ **(ဘီဘီစီ)**

ဂရိပါတီခေါင်းဆောင်အား ရာဇဝတ်မှုဖြင့် ရုံးထုတ်စစ်ဆေး

အေသင် အောက်တိုဘာ ၂

ဂရိဂိုးလ်ဒင်းဒေါင်း ပါတီခေါင်းဆောင် နီကိုစ်မီဟာလိုလီယာကော့သည် အုပ်စုဖွဲ့ရာဇဝတ်မှုများ ကျူးလွန်နေသည်ဟု စွပ်စွဲချက်များအပေါ် အစစ်ခံရန် တရားရုံးသို့ ရောက်ရှိလာသည်။ ၎င်းသည် လွန်ခဲ့သော သီတင်းပတ်ကုန်ပိုင်းတွင် ရဲအဖွဲ့က ပါတီကို ရုတ်တရက်ဝင်ရောက်စီးနင်းပြီး ဖမ်းဆီးလိုက်သော ပါတီဝင်ခြောက်ဦးအနက် တစ်ဦးဖြစ်သည်။ ယင်းပါတီခေါင်းဆောင်သည် ဂီတပညာရှင်တစ်ဦးကိုသတ်ဖြတ်သည်ဟု ပြည်သူများအကြား သတင်းအနံ့ထွက်နေသည်။

သို့သော်လည်း ဖမ်းဆီးထားသူ သုံးဦးကို ရဲအဖွဲ့က ပြန်လွှတ်ပေးခဲ့သည်။ ထိုစဉ်အတွင်း လေးဦးမြောက်ကို ဖမ်းဆီးထားဆဲဖြစ်သည်။ ပက်ပလို့ဖိုင်းဆက်အမည်ရ ဂီတပညာရှင်ကို သတ်မှုဖြင့် စက်တင်ဘာ ၁၈ ရက်နောက်ပိုင်း လူ ၂၂ ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးစစ်ဆေးလျက်ရှိသည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

ဒီမိုကရေစီစနစ်ဖြင့် နိုင်ငံတော်သစ်တစ်ရပ်ကို ထူထောင်သွားရန် စည်းလုံးညီညွတ်စွာအားထုတ်ကြိုးပမ်းနေ

စက်တင်ဘာ ၁၅ ရက်နေ့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် တအာင်း(ပလောင်)အမျိုးသားပါတီမှ တင်ပြသည့်စာတမ်း

ကနေ့ ဒီအခမ်းအနားကြီးကို ကြွရောက်လာကြတဲ့ လေးစားအပ်ပါသော လွှတ်တော်အသီးသီးမှ ဥက္ကဋ္ဌကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပါတီအသီးသီးမှ ခေါင်းဆောင်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပြီး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ တအာင်း(ပလောင်)အမျိုးသားပါတီက ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ဦးညွန့်မောင်ဖြစ်ပါတယ်။ ကနေ့ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားမှာ တအာင်း(ပလောင်)အမျိုးသားပါတီရဲ့ ဆွေးနွေးချက်စာတမ်းကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ကနေ့စက်တင်ဘာလ ၁၅ ရက်နေ့ဟာ "အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့" အဖြစ် (၂၀၀၇)ခုနှစ်တွင် ပြုလုပ်ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးမှ ပြဋ္ဌာန်းသတ်မှတ်ခဲ့တဲ့ ထူးခြားလေးနက်သော နေ့ရက်ကြီးတစ်ရက်ဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးက အာဏာရှင်စနစ်ကို ငြင်းပယ်ပြီး လူတစ်ဦး၊ လူတစ်စု၏အကျိုးကို ရှေ့တန်းမတင်ဘဲ နိုင်ငံသားအားလုံး၏အကျိုးငှာ စုပေါင်းဆောင်ရွက်မှု၊ စုပေါင်းတာဝန်ယူမှု၊ တစ်ဦးချင်းစီရဲ့ တာဝန်ကျေပွန်မှု၊ လူအများစုရဲ့ဆန္ဒအရ ဆောင်ရွက်မှုကို အဓိကအခြေခံသော၊ တစ်ချိန်တည်းမှာပဲ လူနည်းစုရဲ့ဆန္ဒကိုလည်း လေးစားသမှုပြုသော ဒီမိုကရေစီစနစ်ကို လက်ခံယုံကြည်လာကြပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အခုဆိုရင် အောင်မြင်တိုးတက်နေသော ကမ္ဘာ့နိုင်ငံအများစုနည်းတူ ဒီမိုကရေစီစနစ်ဖြင့် နိုင်ငံတော်သစ်တစ်ရပ်ကို ထူထောင်သွားရန် စည်းလုံးညီညွတ်စွာ အားထုတ်ကြိုးပမ်းနေသည့် အရေးပါတဲ့ ကာလတစ်ခုကို ရောက်ရှိနေပြီဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ ကျင်းပကြခြင်းရဲ့အနှစ်သာရက "Strengthening Voices of Democracy" "ဒီမိုကရေစီအသံများ အားပေးကြစို့" ဆိုတဲ့အချက် ဖြစ်ပါတယ်။ ကနေ့အချိန်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဖွံ့ဖြိုးရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် နည်းပညာဆိုင်ရာ ဆွေးနွေးချက်များပါဝင်တဲ့ ပြည်သူလူထုရဲ့ဆန္ဒ၊ ပြည်သူလူထုရဲ့အသံဟာ ဘယ်လောက်အရေးပါပါသလဲဆိုတာတွေ တိုက်ရိုက်ပဲဖြစ်စေ၊ ပြည်သူ့ကိုယ်စားလှယ်များမှတစ်ဆင့်ဖြစ်စေ ပိုမိုလေးနက် တောက်ပြောင်လာအောင် မီးမောင်းထိုးပြရမည့်အချိန်အခါ ရောက်ရှိနေပါပြီ။ ပြည်သူတွေဟာ သူတို့ရဲ့အသံ၊ သူတို့ရဲ့ ဆန္ဒတွေကို ပိုမိုဖော်ပြနိုင်ပြီး သူတို့ကို ဒီမိုကရေစီနှလုံးသားနဲ့ ဆွဲခေါ်နိုင်မည့် ပိုမိုကောင်းမွန်တဲ့အစိုးရမျိုးကို ရွေးချယ်နိုင်မည့်စွမ်းရည်သတ္တိတွေ ပြည့်ဝလာစေဖို့အတွက် သူတို့ကို မြှင့်တင်ပေးကြရမှာ ဖြစ်ပါတယ်။

ကနေ့ ကမ္ဘာတစ်ဝန်းကိုပြန်ကြည့်ရင် ဒီမိုကရေစီစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် တန်ဖိုးရှိရှိ ကျင့်သုံးနေကြချိန်မှာ ဒီမိုကရေစီပုံသဏ္ဍာန် စိုးစဉ်းမျှရရှိပိုင်ဆိုင်မှု မရှိသေးတဲ့နိုင်ငံတွေ၊ ဒေသတွေလည်းရှိနေဆဲပဲဆိုတာ တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ ဒီမိုကရေစီဟာ အခြေခံအားဖြင့် ပြည်သူတွေရဲ့ ကိုယ်ပိုင်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအတွေးအခေါ်များ လွတ်လပ်စွာဖော်ပြခွင့်နှင့် ၎င်းတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်ခွင့် အပြည့်အဝ ရရှိရေးတို့ဖြစ်ပါတယ်။ မိမိတို့အနေဖြင့် အခြားနိုင်ငံများရဲ့ပုံစံကို တိုက်ရိုက်ပုံတူကူးချရာ မရောက်စေသော်လည်း ဖော်ပြပါအခြေခံတရားများမှ မကင်းလွတ်စေဘဲ ပိုမိုထူးချွန်ထက်မြက်သော အနာဂတ်မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်သည့်ခေတ်အဆင့်သို့ ရောက်ရှိအောင် တက်လှမ်းကြရမှာဖြစ်ပါတယ်။ သဘောထားကွဲပြားမှုအားလုံးနီးပါးကို ခွင့်မပြုဘဲ အထီးကျန်ဆန်ဆန်ရပ်တည်ခဲ့တဲ့ နိုင်ငံအဖြစ်ကနေပြီး နိုင်ငံတကာရဲ့ အားပေးချီးမြှောက် ထောက်ခံမှုကို ကနေ့ဆိုရင် မိမိတို့နိုင်ငံက အားရဖွယ် အတိုင်းအတာတစ်ခုထိ ရရှိနေပြီးဖြစ်ပါတယ်။ ဒါ့အပြင် နှစ်နှစ်နီးပါးအချိန်အတွင်းမှာ ဒီမိုကရေစီနည်းအရ ပြုပြင်ပြောင်းလဲရေး အစိုးရကဦးဆောင်တဲ့ နိုင်ငံအဖြစ်သို့လည်း ရောက်ရှိနေပြီဖြစ်ပါတယ်။ မတူကွဲပြားတဲ့ တိုင်းရင်းသားပေါင်းစုံနဲ့ ဖွဲ့စည်းနေထိုင်ကြတဲ့ မိမိတို့နိုင်ငံမှာ အခြေခံအကျဆုံးဖြစ်တဲ့ လူ့အခွင့်အရေး လေးစားလိုက်နာမှု၊ တရားဥပဒေစိုးမိုးမှု၊ မီဒီယာလွတ်လပ်မှု၊ နိုင်ငံသားတိုင်း နိုင်ငံရေးတွင် ပါဝင်ထမ်းဆောင်လှုပ်ရှားနိုင်မှု အခွင့်အရေးများ၊ တိုင်းရင်းသားလူမျိုးစုအားလုံးတို့ရဲ့ မွေးရာပါမူလအခွင့်အရေးများ၊ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများ အစရှိတဲ့ အခြေခံအကျဆုံးသော ဒီမိုကရေစီစံနှုန်းတွေနဲ့ ကိုက်ညီအောင် ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ပြည်သူလူထုရဲ့နိုင်ငံရေးမှာ စိတ်ပါဝင်စားမှု၊ နိုင်ငံရေးအသိအမြင် ရှင်သန်ကြွယ်ဝမှုရှိနေအောင် ဆောင်ရွက်ရမှာဖြစ်သလို တစ်ဖက်မှာလည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၊ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အဆုံးသတ်ပြီး ခိုင်မြဲသောငြိမ်းချမ်းရေးအဆင့်သို့ ရောက်ရှိအောင် ဆောင်ရွက်ရန် အရေးတကြီး လိုအပ်လျက်ရှိပါတယ်။ ဘယ်လိုပဲ ဒီမိုကရေစီကို လိုချင်တယ်ပြောပြော၊ ငြိမ်းချမ်းမှုနဲ့လုံခြုံမှုမရှိရင် စနစ်ကျပြီး မှန်ကန်ကောင်းမွန်တဲ့ ဒီမိုကရေစီလမ်းကြောင်းကို ဖော်ဆောင်ထိန်းသိမ်းနိုင်မှာ မဟုတ်ပါ။ ဒါကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ငြိမ်းချမ်းမှု၊ လုံခြုံမှု၊ တရားဥပဒေစိုးမိုးမှု တည်ဆောက်ထားနိုင်ဖို့ လွန်စွာအရေးကြီးလှပါတယ်။ ငြိမ်းချမ်းမှုနဲ့ လုံခြုံမှု၊ တရားဥပဒေစိုးမိုးမှုတွေကို တစ်နိုင်ငံလုံးရှိ ကျေးလက်ဒေသများအထိ ဖော်ဆောင်ပေးနိုင်မှသာလျှင် ဒီမိုကရေစီရဲ့အကျိုးရလဒ်တွေလည်း ကျေးလက်ဒေသများအထိ ရောက်ရှိနိုင်မှာဖြစ်ပါတယ်။

တစ်ချိန်တည်းမှာ မိမိတို့နိုင်ငံဟာ ကဏ္ဍပေါင်းစုံကနေ အသွင်ကူးပြောင်းမှုတွေကို တစ်ပြိုင်နက် ရင်ဆိုင်လုပ်ဆောင်နေရပါတယ်။ ဗဟိုဦးစီးစနစ်ကနေ ဒီမိုကရေစီစနစ်သို့လည်းကောင်း၊ စစ်အုပ်ချုပ်ရေးကနေ အရပ်သားအုပ်ချုပ်ရေးသို့လည်းကောင်း၊ တံခါးပိတ်စီးပွားရေးစနစ်ကနေ တံခါးဖွင့်ဈေးကွက်စီးပွားရေးစနစ်သို့လည်းကောင်း၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများမှ ခိုင်မြဲသောငြိမ်းချမ်းရေးသို့လည်းကောင်း၊ တည်ငြိမ်သောအကူးအပြောင်းများ ကြိုးပမ်းလုပ်ဆောင်လျက်ရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ထိုအကူးအပြောင်းတို့ရဲ့ အကျိုးတရားများကို ပြည်သူလူထုက ခံစား စံစားနိုင်ဖို့ စောင့်မျှော်နေကြပါတယ်။ အထူးသဖြင့် စီးပွားရေးအပြောင်းအလဲတွေကို ပြည်သူလူထုက မည်သို့မျှ ခံစား စံစားရခြင်းမရှိသေးဘဲ မဲရေတွက်လောက်သော လက်တစ်ဆုပ်စာလူတွေကသာ ရရှိခံစားနေကြရတာဖြစ်ပါတယ်။ ကျေးလက်ဒေသနေ ပြည်သူလူထုကတော့ ဒုံရင်းဒုံရင်းသာဖြစ်ပြီး စီးပွားရေးအပြောင်းအလဲဆိုတာ အိပ်မက်ပင်မက်နိုင်ရဲ့လားလို့ တွေးစရာဖြစ်နေပါတယ်။ ဒါကြောင့် အဆိုပါအပြောင်းအလဲများအပေါ် ပြည်သူတစ်ရပ်လုံးက ထင်သာမြင်သာဖြစ်စေပြီး ပြောင်းလဲမှုရဲ့ ထိုက်သင့်သောအကျိုးတရားများ၊ အခွင့်အလမ်းများကို ပြည်သူလူထုထံရောက်ရှိအောင် ဒီမိုကရေစီဘက်တော်သားများ၊ အထူးသဖြင့် ဒီမိုကရေစီရဲ့ ဗိသုကာများဖြစ်ကြတဲ့ နိုင်ငံခေါင်းဆောင်များနှင့် ထိပ်ဆုံးပိုင်းမှ ဒေသဆိုင်ရာအခြေခံအဆင့်အထိ ပြည်သူ့ကိုယ်စားလှယ်များက ဆောင်ကြဉ်းပေးနိုင်ကြပါစေဆိုတာ ကနေ့အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့မှာ ယုံကြည်ချက်အပြည့်နဲ့ ဆန္ဒပြုရင်း ကျွန်တော်တို့ တအာင်း(ပလောင်)အမျိုးသားပါတီရဲ့ ဆွေးနွေးတင်ပြချက်ကို နိဂုံးချုပ်လိုက်ပါတယ်ခင်ဗျာ။ ။

မြစ်ကူးတံတားများ ခေတ္တပိတ်ခဲ့ရ

ဂန့်ဂေါ အောက်တိုဘာ ၂

ဂန့်ဂေါမြို့နယ်တွင် ပြီးခဲ့သည့်သုံးရက်ခန့်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းသဖြင့် မြစ်သာမြစ်ရေမြင့်တက်ရာ စက်တင်ဘာ ၃၀ ရက်က ဂန့်ဂေါ-ဟားခါးကားလမ်း ရှိ စိုင်ဒူးတံတားပေါ် မော်တော်ကားဖြတ်သန်းမှုနှင့် ဂန့်ဂေါ-အနောက်ဂန့်ဂေါ မြစ်သာမြစ်ကူးကြိုးတံတားပေါ် ဖြတ်သန်းခြင်းများ ခေတ္တပိတ်ခဲ့ရသည်။

ထို့ပြင် ဟားခါး-ဂန့်ဂေါကားလမ်း ဂန့်ဂေါမြို့အဝင် မဖေးချောင်းတံတားကို ရေကျော်သဖြင့် မော်တော်ကားများ မဖြတ်သန်းနိုင်ဘဲ ခရီးသွားများမှာ အဆိုပါနေရာ ကားလမ်းပိုင်းတွင် လှေဖြင့် ဖြတ်ကျော်ခဲ့ကြရသည်။ **(အောက်ပုံ)** အောက်တိုဘာ ၁ ရက်က ရာသီဥတုပွင့်လင်းလာပြီး မြစ်ရေ၊ ချောင်းရေများ လျော့ကျသွားသဖြင့် အဆိုပါလမ်းများတွင် မူလအတိုင်း သွားလာနိုင်ကြပြီဖြစ်ကြောင်း သိရသည်။ **(၁၀၁)**

ရေဘေးသင့်ပြည်သူများအား ရဲတပ်ဖွဲ့က ကူညီ

ဝမ်းတွင်း အောက်တိုဘာ ၂

ဝမ်းတွင်းမြို့နယ်၌ စက်တင်ဘာ ၂၈ ရက် ည ၇ နာရီမှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စက်တင်ဘာ ၂၉ ရက် နံနက် ၂ နာရီ ၄၅ မိနစ်မှစ၍ ဝမ်းတွင်းမြို့နယ်ရှိ ကျေးရွာအုပ်စုများတွင် ရေဝင်ရောက်သည့်အတွက် ရေအမြင့် သုံးပေခွဲခန့်အထိ ရေဝင်ရောက်သော ဆားတောင်ကုန်းကျေးရွာနှင့် တမာကုန်းကျေးရွာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာရှိရေဘေးသင့်ပြည်သူများကို ပြောင်းရွှေ့မှုနှင့်ထမင်းထုပ်ဝေငှမှုတွင် မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် ဝမ်းတွင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြတ်ထင်၊ ဝမ်းတွင်းမြို့မရဲစခန်းမှူး မောင်မောင်အောင် ဦးစီးသော ဝမ်းတွင်းမြို့နယ်ရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

ဌေးလှိုင်(ဝမ်းတွင်း)

မိုးရွာသွန်းမှုကြောင့် ကျေးရွာများအတွင်း ရေဝင်ရောက်

ဝမ်းတွင်း အောက်တိုဘာ ၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်နှင့် မြစ်သားမြို့နယ်များတွင် စက်တင်ဘာ ၂၈ ရက်က မိုးရေချိန် ၂ ဒသမ ၀၈ လက်မ ရွာသွန်းခဲ့၍ အဆိုပါ မြို့နယ်အထက်ရှိ ဆည်၊ ကန်များ၏ ရေပိုလွှဲများ၊ ချောင်းများ၊ အင်းများနှင့် ကန်များရေလျှံကာ ကျေးရွာများတွင် ဝင်ရောက်ခဲ့သော်လည်း တစ်စုံတစ်ရာ ထိခိုက်မှုမရှိဘဲ ယာခင်းအချို့သာ ပျက်စီးခဲ့သည်။

ဝမ်းတွင်းမြို့နယ်တွင် စမုံချောင်း၊ သင်ပုန်းချောင်းတို့တွင် ရေများမှုကြောင့် ဆင်ချီတိုင်ကျေးရွာအုပ်စု၊ ကိုင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများအတွင်းသို့ ရေများဝင်ရောက်ခဲ့သည်။ မိတ္ထီလာကန်ရေလွှဲမှ ထွက်သော ရေများကြောင့် ပဲခင်းကျော်အုပ်စု၊ ပဲခင်းကျော်ကျေးရွာတောင်ပိုင်းရှိ အိမ်ခြေ ၁၀၀ ခန့်အတွင်းသို့ ရေတစ်ပေခွဲခန့် ဝင်ရောက်ခဲ့သည်။ ရွာတန်းကျေးရွာအုပ်စု၊ ဈေးကုန်းကွက်သစ်တွင်လည်း ရေဝင်ရောက်မှုများ ရှိခဲ့သည်။ ထီးလှိုင်ဆည်တွင် ရေပို လွှဲတစ်ဖက်တစ်ချက် ပေ ၂၀ ခန့်ကျိုး၍ ရေပိုလွှဲအထက်မှ နှစ်ပေခန့် ရေကျော်ကျနေသည့်အခြေအနေနှင့် ရေကျသွားပါက စပါးအောင်ရေရရှိရေးအတွက် ဝါးကပ်သဲအိတ်များဖြင့် တုတ်ရိုက်ပြုပြင်ပေးခဲ့သည်။

မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာများသို့လည်း သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် နိဗ္ဗာန်သုခအသင်း (မန္တလေး)တို့က ထမင်းထုပ်များနှင့် သောက်ရေသန့်များ သွားရောက်ဝေငှ ကူညီကယ်ဆယ်ခဲ့ကြောင်းသိရသည်။

တင်မောင်(မန္တလေး)



ဆောင်းပါး

ပုဂံညောင်ဦး လက်ဝဲရွာသို့

ချစ်နိုင်(စိတ်ပညာ)

လောကကြီးက

ဇူလိုင်လထဲမှာ စာပေဟောပြောပွဲက နည်းပါသည်။ ပုဂံညောင်ဦးမြို့နယ် လက်ဝဲရွာအပါအဝင် ငါးပွဲသာရှိ၏။ ဇူလိုင် ၁၂ ရက် ညနေမှာ ပါရမီကားကြီးဂိတ်မှ ရွှေမန်းသူ ရန်ကုန်-ပခုက္ကူအဝေးပြေးယာဉ်ဖြင့် ကျွန်တော်တို့လိုက်ပါခဲ့ကြ၏။ လက်ဝဲရွာစာပေဟောပြောပွဲတွင် ဟောပြောမည့် ဆရာနွမ်ဂျာသိုင်းနှင့် ဆရာအကြည်တော်ပါသည်။

ရွှေမန်းသူအဝေးပြေးကားက ညနေ ၄ နာရီခွဲမတိုင်မီ အရောက်လာပါဟု လက်မှတ်မှာရေးထား၏။ ငါးနာရီထွက်မည်ဟုလည်း ရေးထားပါ၏။ ဘာမဆိုစောရမည်ဟု ဘဝတစ်သက်တာလုံးခံယူသော မိမိက လေးနာရီမထိုးမီ ရောက်အောင်သွား၏။ သာကေတမှ တက္ကစီငှားပြီး သုဝဏ္ဏမှာ ဆရာနွမ်ဂျာသိုင်းကို ဝင်ခေါ်တင်ခဲ့သေး၏။ အကြည်တော်လည်း မကြာမီ ရောက်လာ၏။ သို့သော် ရွှေမန်းသူကားသည် ငါးနာရီခွဲမှ အေးအေးဆေးဆေး ထွက်ပါ၏။ အောင်မင်္ဂလာအဝေးပြေးဂိတ်ကို ဝင်ပါသေး၏။ တင်စရာတင်၊ စောင့်စရာစောင့်ပြီး ညနေ ၆ နာရီခွဲကျော်ကျော် ၇ နာရီလောက်မှ ဖြည်းဖြည်းချင်း ထွက်လေ၏။ ဩော်-နေအိမ်မှ ၃ နာရီ မထိုးခင်ထွက်လာသော မိမိသည် ရန်ကုန်မြို့တော်ထဲမှာ ယောင်ပေယောင်ပေ မိုးတိုးမတ်တတ် လေးနာရီကြာအောင် စောင့်ခဲ့ရပါ၏။ ဘာမဆိုနောက်မကျစေရမှုကို လက်ကိုင်ထားသော မိမိအပြစ်ပေလောမသိ။ လောကကြီးကရယ်စရာဟု သဘောရ၏။ ရှိပါစေ။ Irony(အိုင်ရဲနီ)ဟာသသဘောသည် လောကသဘာဝ။

အဝေးပြေးကား

ညောင်ဦးသို့ နံနက် ၅ နာရီ၊ နောက်တစ်နေ့မှာရောက်အောင်ပုံမှန်မောင်းခြင်းဖြစ်၏။ ၁၁၅ မိုင် စားသောက်ဆိုင်မှာ နာရီဝက်လောက်နားကြ၏။ ခရီးသည်များ ထမင်း၊ ခေါက်ဆွဲကြော်စသည်စားကြ၏။ မိမိက လက်ဖက်ရည်တစ်ခွက်နှင့်နံပြားထောပတ်သုပ်ပဲစား၏။ ည ၉ နာရီခွဲနေပြီ။ ထမင်းမစားတော့ပါ။

ညအမှောင်ထုထဲမှာ ကားဆက်မောင်းလာသည်။ တီဗွီတော့ မပြတော့ပါ။ ၁၁၅ မိုင် မရောက်ခင်က ဖိုက်စတားအငြိမ့်အခွေပြသေး၏။ ရယ်တော့ ရယ်ရပါ၏။ သို့သော် အော်ပြီး ပြောသောလူရွှင်တော်၏ စကားတို့နှင့်တီဗွီက အသံအကျယ်ကြီးဖွင့်နေတော့ နားကန်းလုအောင်ခံနေရ၏။ ကားမှာပါသော အသံချဲ့စက်စနစ်ကပဲ အသံကျယ်လွန်းနေသလားမသိ။ ဝဋ်ရှိတုန်းတော့ခံဦးပေါ့ကွာဟု သည်းခံအောင့်အည်းရပါသည်။ ည ၁၀ နာရီကျော်တော့ တီဗွီဖွင့်မပြတော့ပါ။ ကျေးဇူးတင်ရပါ၏။ ကျေးဇူးရှင် ကားဆရာတို့ကို။

ရန်ကုန်မှ နေပြည်တော်အထိ မိုးသည်းသည်းရွာလိုက်၊ ဖွဲဖွဲရွာလိုက်၊ ကားနှင့်အတူ ရွှဲရွှဲစိုအောင် ထပ်ကြပ်လိုက်ပါနေသောမိုးသည် အညာမြေလတ်ဒေသရောက်ပြီဆိုသည်နှင့်ခြောက်သွေ့သွားတော့၏။ မိုးမဆိုထားနှင့် တိမ်တောင်မမြင်ရ။ မိုးခေါင်သည်၊ မိုးမရွာတာအတော်ကြာပြီဟု သိရသည်။ မိတ္ထီလာမြို့နယ် လက်ပံဖျားရွာမှာ စားသောက်ဆိုင်တစ်ခု၌ ကားရပ်၏။ လက်ဖက်ရည်သောက်သူသောက်၊ ကြာဆံဟင်းသောက်သူသောက် ခရီးသည်တွေ အညောင်းအညာဆန့်ကြ၏။ မိမိက ဘာမှမစား။

လက်ပံဖျားက ကြက်သားကြော်

လက်ပံဖျားရွာက ထင်ရှားသော အစားအစာမှာ ကြက်သားကြော်ဖြစ်ပါသည်။ အဖီ၊ ပေါင်၊ အသည်းအမြစ် ရနိုင်၏။ ကြက်ကလည်း မြန်မာကြက်၊ ဆီကလည်း အညာပဲဆီ။ လတ်ဆတ်သဖြင့် အရသာ ထူးထူးကဲကဲရှိ၏။ လွန်ခဲ့သောနှစ်ပေါင်းများစွာ ဖြတ်သန်းရောက်ရှိတိုင်း အမှတ်တရ ကြက်သားကြော်ကို ဝယ်သွားခဲ့သည်။ ရွာကို ပြန်ရောက်သည့်အခါ အဖေနှင့် အမေကို ထိုကြက်သားကြော်ကျွေး၏။ လားရှိုးမှပြန်လာလာ၊ နောင်ချိုက ပြန်လာလာ၊ ကလောမှပြန်လာလာ၊ ရှမ်းပြည်နယ်ထွက်စားစရာတွေသာမက အဖေ အမေဖို့ လက်ပံဖျားကြက်သားကြော်ကိုတော့ပါဖြစ်အောင်ဝယ်ပြီး ယူဆောင်လာနေကျ။ သား၏ မိဘအတွက် အိမ်ပြန်လက်ဆောင်။ မိမိ၏ထုံးစံ။

အဖေလည်း မရှိတော့ပြီ။ ၁၉၉၂ ခုနှစ်က ကွယ်လွန်ခဲ့၏။

အမေလည်းမရှိတော့ပါပြီ။ ၂၀၀၂ ခုနှစ်မှာ ကွယ်လွန်ခဲ့၏။

အိမ်အပြန်ရွာအပြန်ခရီးသည် မိမိအတွက် အဖေနှင့်အမေကို လွမ်းဆွတ်သတိရစရာဖြစ်ပါ၏။ မိမိဝယ်နေကျမို့ ကြက်သားကြော်တွေဝယ်လာပြီး ညောင်ဦးရောက်တော့ ကားဂိတ်မှာ သန်းခေါင်ကျော် ၁ နာရီခွဲ၊ ၂ နာရီကတည်းကလာထိုင်စောင့်ပြီး ကြိုနေကြသော တပည့်ဟောင်း ဝန်ထမ်းလေးတွေကို စားဖို့ပေးလိုက်ပေတော့၏။ အေးလေ ဇာတိရွာမှာ အဖေ အမေမှ မရှိကြတော့ပဲ။

ညောင်ဦးမှ ပြန်ကြားရေးဝန်ထမ်းတွေက ည ၁၂ နာရီ၊ ၁ နာရီကတည်းက မိမိ၏လက်ကိုင်ဖုန်းကို ဆက်သွယ်ပြီး ဘယ်ရောက်နေပြီလဲမေးသော်လည်း မိမိက ထိုဖုန်းကို အိတ်ထဲထည့်၊ အပေါ်တင်စရာနေရာ၌ တင်ထားခဲ့မိ၍ ဖုန်းမြည်သံမကြား။ အိပ်ပျော်ပြီး လိုက်လာမိသည်။ သူတို့အမေးကို မဖြေခဲ့။

ပုဂံညောင်ဦး

ဘာမဆိုနောက်မကျစေရ၊ (သေတာကလွဲ၍) စောတာအားလုံးကောင်းသည်ဟု မိမိကအမြဲတစေတိုက်တွန်းနေကျမို့ သူတို့သည်သန်းခေါင်ကျော် ၂ နာရီကတည်းက ညောင်ဦးကားဂိတ်မှာ လာထိုင်စောင့်နေကြ၏။ အိပ်ရေးပျက်ခံပြီးစောင့်ကြိုနေကြသူတွေကိုအားနာမိပါ၏။ ကားကနံနက် ၅ နာရီမှ ညောင်ဦးမြို့သို့ဝင်ပါတော့သည်။ လာကြိုသောကားနှင့်စီမံကိန်းဦးစီးဌာန ဧည့်ရိပ်သာသို့သွား၊ နေရာချ၊ တစ်ရေးအိပ်ကြသည်။

နံနက်စာ မျိုးမျိုးထမင်းဆီဆမ်းဆိုင်မှာ ပဲပြုတ်နှင့်ထမင်းစားကြ၏။ ဒုတိယဝန်ကြီးဦးပိုက်ထွေးတို့ မိသားစုလည်းပါ၏။ သူတို့က အခြားဧည့်ရိပ်သာတစ်ခုမှာတည်းကြ၏။ နေ့လယ်စာကို နေဝင်ဆည်းဆာရှုခင်းသာစားသောက်ဆိုင်မှာစား၏။ ဧရာဝတီမြစ်ကြီးနှင့် တန့်ကြည့်တောင်ကို မြင်ကွင်းကျယ်ရှုမြင်ရသည်။ လောကနန္ဒာဘုရားအနီးမှာရှိသည်။ နိုင်ငံခြားသားခရီးသွားဧည့်သည်များလာစားကြသည်ကို တွေ့ရသည်။ စိတ်ကူးရရာ ဒုတိယဝန်ကြီးနှင့်မိမိက ထမင်းစားကြရင်း လွန်ခဲ့သောနှစ်ပေါင်း ၄၀၊ ၅၀ ဆီက ကာလပေါ်တေးသီချင်းများအကြောင်းကို ပြောဖြစ်ကြသည်။ ဘာရယ်မဟုတ်ပါ။ စိတ်ထဲပေါ်လာရာ စိတ်ကူးရရာပြောဆိုကြခြင်းဖြစ်ပါ၏။ ကမ္ဘာကုန်ကျယ်သရွေ့ဝယ်၊ မုန်းရစ်လေဦး၊ သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ခိုင်၊ ချစ်ပြုံးနှင်းဆီ၊ မိုးသက်လေနှင်၊ ပွင့်ဦး၊ သစ္စာ၊ အကျည်းတန်ချစ်သူ၊ နှင်းပျောက်တဲ့နွေ၊ ဆောင်းရယ်နှင်းရယ် ကိုယ့်ချစ်သူရယ်၊ ချယ်ရီလက်ဆောင်ပေးသူရေ၊ မေတ္တာမီးအိမ်၊ ဖိုးလမင်းကို အောင်သွယ်ခိုင်းမယ်၊ သစ်ခြောက်ပင်အောက် ပန်းကောက်သူ၊ ကိုယ့်ရပ်ဌာနေ၊ စာဆိုစစ်သည်၊ အောင်မြင်ခြင်းအတူတူ၊ ချစ်ရက်ဆုံနိုး မကြုံနိုး၊ အမုန်းခွန်အားပေးသနားပါနှင့် ယောကျ်ားမှာလည်းအသည်းနဲ့ပါ စသည်စသည်။ အကြိုက်တူများသောအားဖြင့် အသက် ၆၀ ကျော်မိမိနှင့် ၅၀ နီးနီး ဦးပိုက်ထွေးတို့သည် အညာသား၊ တောသားချင်းပေမို့လားမသိ၊ အကြိုက်ချင်းတော်တော်တူနေကြ၏။ စကားပြောလို့ကောင်း၏။ အနုပညာနှလုံးသားချင်းထိဆက်သွားမိ၏။ ဆရာနွမ်ဂျာသိုင်းတို့၊ ဆရာအကြည်တော်တို့ကလည်း ဂီတချစ်သူအနုပညာမြတ်နိုးသူတွေပဲဖြစ်၏။ ကျွန်တော်တို့အားလုံးမှာ တူညီသော နရီစည်းဝါးနှင့်ဂီတသံစဉ်များရင်ထဲမှာ ကိုယ်စီရှိနေခဲ့ကြ၏။ ကဗျာဆန်ကြ၏။

နေ့လယ်ခင်းတစ်မှေးအိပ်၊ ခေတ္တပြန်နားပြီး ညနေစောင်းမှ လက်ဝဲရွာသို့ ချီတက်ကြ၏။ ညောင်ဦးမှ ကျောက်ပန်းတောင်းသို့ ကားလမ်းအတိုင်းသွား၊ တူရွှင်းတောင်ဘုရားလွန်မှ ညာဘက်ချိုးသော တောလမ်းမြေလမ်းအတိုင်း လေးမိုင်ခန့်ဝင်ရ၏။ တွေ့ပါပြီ၊ စံပြလက်ဝဲကျေးရွာ။ ယာခင်းနှင့်ထန်းတောများအလယ်မှာ၊ ရွာမှာညစာစား။

တူရွှင်းတိုင်အုပ်စု

လက်ဝဲရွာက အိမ်ခြေ လေးရာကျော်သည်။ တောင်သူရွာပဲ။ မြေပဲ၊ ပြောင်း၊ နှမ်းစိုက်၏။ ထန်းအချို့လုပ်၏။ ယာသမားစိုက်ပျိုးရေးသမားကျေးရွာ။ အိမ်တိုင်းနီးပါး ကားရှိ၏။ အိမ်အချို့က တိုက်အိမ်။ ချမ်းသာသောကျေးရွာဟု ဆိုရမည်။ တူရွှင်းတိုင်အုပ်စုထဲမှာပါ၏။

တူရွှင်းတိုင်ရွာ အိမ်ခြေ ၆၅ အိမ်၊ ဖိုးနီကန် ၆၂ အိမ်၊ ကန်ကြီးကုန်းရွာမ ၁၂၈ အိမ်၊ ကန်ကြီးကုန်းရွာသစ် ၁၃၄ အိမ်၊ ကောင်းတော်စစ် ၁၇၈အိမ်၊ သဲပြင်တော ၁၈၀အိမ်၊ လက်ဝဲ၄၂၁ အိမ်၊ တူရွှင်းတိုင်အုပ်စု ရှစ်ရွာပေါင်း ၁၁၆၇ အိမ်ရှိ၏။

ပတ်ဝန်းကျင် ခုနစ်ရွာက စာပေဟောပြောပွဲသို့ ညနေခင်းမှာ တဖွဲဖွဲ လာကြ၏။ လက်ဝဲရွာ တွဲဖက်အထက်တန်းကျောင်းဝင်းအတွင်း ကွင်းပြင်ပြည့်သွား၏။ ပရိသတ် ၂၀၀၀-၃၀၀၀ ကျော်ပေလိမ့်မည်။ ပရိသတ်က သဲပြင်မှာ ထိုင်ကြရ၏။ ဟောပြောပွဲကို ကတ္တီပါပိတ်ကား နောက်ခံထားလျက် စင်မြင့်ထိုးထား၏။ မီးလည်းကောင်း၏။ မိုက်လည်းကောင်း၏။ ပရိသတ်လည်းကောင်း၏။

ဟောပြောသူတွေကောင်းဖို့သာ လိုအပ်တော့၏။

ညောင်ဦးခရိုင် ပြန်/ဆက်ရုံးမှ ပြန်ကြားရေးဝန်ထမ်း အမျိုးသမီးလေးတစ်ဦးက အခမ်းအနားမှူးလုပ်၏။ ပီပီသသကြည်ကြည်လင်လင်နှင့် ကောင်းစွာလုပ်ဆောင်နိုင်စွမ်းရှိသူဖြစ်၏။ အစအဆုံးအဆင်ချော၏။ ဟောပြောကြသူအားလုံးကလည်း စိတ်ပါလက်ပါရှိကြ၏။

သုတဂဝေသီနန္ဒာ

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လက်ဝဲရွာအလယ်ရှိ သုတဂဝေသီနန္ဒာ စာကြည့်တိုက်ဖွင့်ပွဲ အကြိုစာပေဟောပြောပွဲဖြစ်၏။ ၁၃-၇-၂၀၁၃ စနေနေ့ည ဟောပြောပြီး ၁၄-၇-၂၀၁၃ နံနက်မှာ စာကြည့်တိုက်ဖွင့်မည်။ သုတဂဝေသီနန္ဒာကို တောရကျောင်းဆရာတော် သက်တော် ၈၀ အရွယ်ရှိ ဦးနန္ဒက ငွေကျပ် ၁၃၅ သိန်း လှူဒါန်းတည်ဆောက်ခဲ့ခြင်းပါတည်း၊ ဆရာတော်အလှူရှင်က သတ်မှတ်ပေးသည့် အမည်ဖြစ်၏။ သုတ=အကြားအမြင်၊ ဂဝေသီ=ရှာမှီးခြင်း၊ နန္ဒာ=တင့်တယ်လှပခြင်း။ အကြားအမြင်ရှာမှီးခြင်း၏အလှဟု အဓိပ္ပာယ်ရသော ပါဠိဝေါဟာရ။

အကြားအမြင်ရှာမှီးခြင်း၏ တင့်တယ်လှပမှု

ရွာလယ်ရှိ(၄၇×၂၇)ပေ မြေကို ငွေကျပ် သိန်း ၃၀ ပေးဝယ်ယူပြီး ပေ(၃၀×၂၀) အကျယ်ရှိသော တစ်ထပ်တိုက်သွပ်မိုးကို ဆရာတော်က ငွေကျပ် ၁၀၅သိန်း အကုန်အကျခံကာ တည်ဆောက်လှူဒါန်းလိုက်ခြင်းဖြစ်၏။ လူကသာ ရဟန်းသံဃာကို လှူမြဲထုံးစံ။ ဤလက်ဝဲရွာမှာတော့ ဆရာတော်ဘုရား၏ မေတ္တာစေတနာဖြင့် သက်တော် ၈၀ ရဟန်းတစ်ပါးက ရပ်သူရွာသား လူအများကို ကြီးပွားတိုးတက်စေလိုသဖြင့် စွန့်လှူတော်မူသည်။ တိဟိတ်ပုဂ္ဂိုလ်ဖြစ်ပါပေသည်။ အရှင်နန္ဒဟူသော ဆရာတော်ဘုရား။ ပြည်သူအများ ဉာဏ်အလင်းရောင်ရကြပါစေ၊ ဓမ္မ၊ ဒါန၊ ဓမ္မစေတနာ။ စာကြည့်တိုက်ဖွင့်ပွဲ ဂုဏ်ပြုစာပေဟောပြောပွဲတွင် ဦးစွာပထမ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက နှုတ်ခွန်းဆက်စကား ပြောပါသည်။ ဝမ်းသာကြောင်းနှင့် ကျေးဇူးတင်ကြောင်း ရင်ထဲအသည်းထဲက လှိုက်လှဲစွာပြောပါ၏။ ကြည်နူးပီတိဖြစ်မိပါ၏။ ကြားရတာ နားအရသာရှိ။ ရသပါ၏။

တောရကျောင်းဆရာတော် ဦးနန္ဒက(ဩဇာပွင့် ဝငါးလုံးဟု မှတ်ရလွယ်အောင် ရွတ်ဆိုပြတော်မူခဲ့၏) ငွေကျပ် ၁၃၅၀၀၀၀၀ စွန့်လှူ၍ စာကြည့်တိုက်အဆောက်အအုံကို ဆောက်လုပ်ပေးတော်မူသည်။ ပရိဘောဂလှူသူတွေက သုံးသိန်းတန်စားပွဲ၊ ကုလားထိုင်၊ မှန်ဗီရို စသည်များ လှူကြသည်။ ဒုတိယဝန်ကြီးနှင့်အခြားအလှူရှင်တွေက စာအုပ်၊ လျှပ်စစ်မီး၊ ရန်ပုံငွေ စသည်တို့ ထည့်ဝင်လှူဒါန်းကြ၏။

ကျေးဇူး

ဦးပိုက်ထွေးက မိဘပြည်သူများသို့ "စာပေလက်ဆောင်"ဖြင့် ကျေးဇူးဆပ်ခွင့်ရခြင်းအတွက် ကြည်နူးကျေနပ်ကြောင်းကို ပြောဆိုသည်။ စာပေဟောပြောပွဲ၊ စာကြည့်တိုက်အတွက် စာအုပ်များ စီစဉ်ဆောင်ရွက်ခြင်းကို ဆိုလိုပုံရပါ၏။ သူ့ဇာတိမွေးရပ်ပေကိုး။ ကမ္မမြို့ မဝတဥက္ကဌ လေးနှစ်လုပ်ခဲ့ဖူးသည်။ စက်ရုံမှူးလုပ်ဖူးသည်။ ရဲဘော်ရဲဘက်စိတ်နှင့်အကောင်းဆုံးကြိုးစားခဲ့ကြောင်း၊ စာပေကိုမြတ်နိုးကြပါ၊ စာဖတ်ကြပါဟု တိုက်တွန်းစကားပြောကြားသွားပါသည်။

စာပေဟောပြော

ညောင်ဦးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် စာရေးဆရာ၊ မင်းဘူးအောင်ကြိုင်က "ပိဋကတ်တော်သမိုင်း"ကို ဟောပြောသည်။ အချိန်တိုတိုနှင့် သိသင့်သိထိုက်သော သာသနာတော်သမိုင်းကို အများနားလည်လွယ်အောင် ရှင်းလင်းတတ်ပါပေသည်။ ပညာရှိ ပညာရှင်ပီသပါပေသည်။ နာရီဝက်ခန့်သာ ဟောပြောသွား၏။

ဆရာအကြည်တော်က "ကျင်း"ဟူသော ခေါင်းစဉ်ဖြင့် ရယ်စရာမောစရာတွေပြောရင်း သင်ခန်းစာ၊ သတိမူစရာတွေကို အလေးအနက်ဟောပြောသည်။ တစ်နာရီကြာ မိမိက "ပညာသည် တန်ခိုးကို ဖန်ဆင်း၏"ဟူသော ခေါင်းစဉ်ဖြင့် မျက်မှောက်ကာလသည် ပညာခေတ်၊ ဗဟုသုတအရေးပါသော ခေတ်ဖြစ်ကြောင်း၊ ကမ္ဘာကြီးတစ်ခုလုံး လျင်လျင်မြန်မြန်ပြောင်းလဲနေကြသဖြင့် လွန်ခဲ့သော ၁၉ ရာစု၊ ၂၀ ရာစုကဲ့သို့ မိမိတို့ခေတ်နောက်ကျနေ၍ မဖြစ်နိုင်တော့ကြောင်း၊ နိုင်ငံတကာနှင့်ယှဉ်၍ သူများမြင်တာမြင်ရမည်။ သူများကြားတာ ကြားရမည်။ အများနည်းတူ သိကြရမည်။ သူတကာထက် အဆင့်နိမ့်ကျန်ရစ်နေခြင်းမရှိအောင်၊ ကျောင်းမှာ စာသင်ယူရုံမျှမက ပြင်ပလောကရှိ မိမိကိုယ်ပိုင်အချိန်တွေမှာလည်း ပညာတိုးပွားအောင်၊ အကျိုးရှိအောင်၊ လူတိုင်းကြိုးစားကြဖို့လိုနေပြီဖြစ်ကြောင်း၊ ပညာသမာအာဘာနတ္ထိ၊ ပညာ၏တုယှဉ်မရသော အလင်းရောင်ကို တစ်ဦးချင်းထွန်းညှိကြဖို့လိုကြောင်း၊ နတ္ထိသမံဝိဇ္ဇာမိတ္တံ(ရန်ကုန်တက္ကသိုလ်၏ဆောင်ပုဒ်)ဟူသော ပညာနှင့်တူသည့် မိတ်ဆွေကောင်းသည်မရှိ၊ ပညာကိုမိတ်ဆွေကောင်းအနေနှင့် ပေါင်းသင်းပေါင်းဖော်ကြပါ။ အချိန်မိနစ် ၄၀ ကျော်မျှ မိမိဟောပြော၏။ ပြင်ဆင်လေ့ကျင့်ခဲ့သဖြင့် အချိန်ကွက်တိ။

ဆရာနွမ်ဂျာသိုင်းက"စာရေးသူမှ စာဖတ်သူသို့"ခေါင်းစဉ်ဖြင့်ဟောပြော၏။ လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်ကျော်မှ ယနေ့အထိသူ၏ပုံသေခေါင်းစဉ်ဖြစ်လေသည်။ နောက်ဆုံးလူအဖြစ် သူလည်းတစ်နာရီကျော်ကျော်ပြောပြီး နိဂုံးချုပ်လိုက်၏။

ငါးဦးဟောပြောပွဲ ဟောပြောပွဲက ၈ နာရီခွဲမှ စနိုင်သည်။ ည ၁၂ နာရီ ပွဲသိမ်းလိုက်သည်။ စင်ပေါ်တက် ဟောပြောသူငါးဦးရှိ၏။ နားထောင်ရသူ အာရုံမညောင်းရအောင် ကြိုးစား၍ဟောပြောကြ၏။

၁။ ဒုတိယဝန်ကြီး ဦးပိုက်ထွေး နှုတ်ခွန်းဆက်စကား
၂။ မင်းဘူးအောင်ကြိုင် ပိဋကတ်တော်သမိုင်း
၃။ အကြည်တော် ကျင်း
၄။ ချစ်နိုင်(စိတ်ပညာ) ပညာသည် တန်ခိုးကိုဖန်ဆင်း၏။
၅။ နွမ်ဂျာသိုင်း စာရေးသူမှစာဖတ်သူသို့

အချိန် လေးနာရီလောက်ကြာအောင် ထိုင်နားထောင်ဖို့ကိစ္စမှာ ပရိသတ်အတွက်မငြီးငွေ့ရလေအောင်ဆွဲဆောင်မှုပါရ၏။ ဇာတ်လမ်းဇာတ်ကွက် ပြောချင်ပြော၊ ကဗျာရွတ်လျှင်ရွတ်၊ သီချင်းဆိုချင် ဆိုပြ၊ ပရိသတ်ကို တစ်စုံတစ်ခုဖြင့် ဖမ်းစားနိုင်မှ ထမပြန်ကြမှာ မဟုတ်လား။ အပေါ့အပါးတောင် ထထွက်ပြီး မသွားနိုင်ဘဲ ဆက်တိုက် လေးနာရီ၊ ငါးနာရီထိုင်နိုင်စေရန် လွမ်းစရာရယ်စရာ အနုပညာရသပါကိုပါရ၏။ စွဲလောက်အောင် ဆွဲဆောင်နိုင်ရ၏။ အသံချဲ့စက်ဆောင်းဘောက် အကြီးကြီးခြောက်လုံးကလည်း ပီပီသသအသံကောင်းလှ၏။ ပြောလို့ကောင်း၏။ အသံစနစ်ကလည်း ဟောပြောပွဲ၌ အရေးကြီး၏။ အဆိုမပါ။ အလှမပါ။အကမပါ။ အတီးဗလာ၊ စကားလုံးသက်သက် ဟောပြောချက်ကို အသက်သွင်းရန် အတတ်ပညာ အမှန်ပင်လိုအပ်ပါသည်။ ပရိသတ်၏ စိတ်နှလုံးက အဓိက။

အောင်မြင်

ပုဂံညောင်ဦးခရိုင် ညောင်ဦးမြို့နယ် တူရွှင်းတိုင်ကျေးရွာအုပ်စု လက်ဝဲရွာ၊ သုတဂဝေသီနန္ဒာကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ကြိုဆိုဂုဏ်ပြုသည့် "ပထမအကြိမ် စာပေဟောပြောပွဲ"ကား မြို့ကြည့်လျှင် အောင်မြင်ပါသည်။ အဆင်ပြေပါသည်။ ပျော်ရွှင်ကြည်နူးစရာ သာဓုခေါ်စရာဖြစ်ပါပေသည်။ ဖိတ်ခေါ်စီစဉ်ပေးသော ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးကိုလည်း ကျေးဇူးအထူးတင်ရပါသည်။ အတူတကွ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရသဖြင့် ဖြစ်၏။ ပရိသတ်လည်း ကျေနပ်ပုံရပါ၏။

ခရီးဆက်

နောက်တစ်နေ့မှာမူ ကျွန်တော်တို့ စာရေးဆရာ သုံးယောက်သည် ညောင်ဦးမြို့မှ ချောက်မြို့နှင့်ဆိပ်ဖြူသို့ ခရီးဆက်ခဲ့ကြပါသည်။ ပုဂံဘုရားစေတီများကို ရောက်တုန်းရောက်ခိုက် ဖူးမြော်ကြည်ညိုကြပြီးနောက် ၁၄-၇-၂၀၁၃ (တနင်္ဂနွေနေ့) ည ဟောပြောမည့် ဆိပ်ဖြူသို့ ကားဖြင့်ချီတက်ခဲ့ကြလေသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေး

အင်းလေးဒေသ ရေရှည်တည်တံ့ရေး သီးခြားဥပဒေပြဋ္ဌာန်း၍ ထိန်းသိမ်းရန်အစီအစဉ်မရှိသေး

နေပြည်တော် အောက်တိုဘာ ၂

ယနေ့ပြည်သူ့လွှတ်တော် အစည်းအဝေးဒုတိယနေ့ကို အစီအစဉ်(၁၁)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးတွင် ဩဂုတ် ၂၃ ရက်က ဆွေးနွေးမှုခေတ္တဆိုင်းငံ့ထားရန် ဆုံးဖြတ်ခဲ့သည့် **လွှတ်တော်ကိုယ်စားလှယ် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူလူထုထံမှ အကြံပြုတင်ပြစာများအပေါ် အလေးအနက်ထား ထည့်သွင်းစဉ်းစားလိုခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စာပေးပို့ခဲ့ခြင်းတို့ကြောင့် ဥပဒေကြမ်းဆွေးနွေးမှုကို ဆိုင်းငံ့ထားခြင်းမပြုဘဲ ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားလိုကြောင်းဖြင့် တင်ပြခဲ့ရာ ဆက်လက်ဆွေးနွေးဆောင်ရွက်ရန် လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

ထို့ပြင် လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော်၏ **အင်းလေးဒေသတွင် လုပ်ငန်းလုပ်ဆောင်နေကြသော ပြည်တွင်း၊ ပြည်ပ အင်န်ဂျီအိုအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များအပေါ် သက်ဆိုင်ရာအဖွဲ့အစည်းများက မည်ကဲ့သို့ ကြီးကြပ်ဆောင်ရွက်နေသည်နှင့် အင်းလေးဒေသ ရေရှည်တည်တံ့ရေးအတွက် သီးခြားဥပဒေပြဋ္ဌာန်း၍ ထိန်းသိမ်းရန် အစီအစဉ်ရှိ၊ မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ပြန်လည်ဖြေကြားခဲ့သည်။

ယင်းသို့ဖြေကြားရာတွင် ယူအင်န်ဒီပီသည် စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်တွင်း အင်န်ဂျီအိုများအား ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်စေပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းမပြုမီ စီမံကိန်းပါလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်မည့် ပြည်တွင်းအင်န်ဂျီအိုများထံမှ လုပ်ငန်းအဆိုပြုလွှာများကို တင်ပြစေပါကြောင်း၊ ရရှိလာသောအဆိုပြုလွှာများကို ဖွဲ့စည်းထားသော စီမံကိန်းနည်းပညာဆိုင်ရာ အကြံပေးအဖွဲ့က

ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ရွေးချယ်ပြီး ယူအင်န်ဒီပီနှင့်ရွေးချယ်ခံရသော အင်န်ဂျီအိုများအကြား ကန်ထရိုက်စည်းကမ်းများဖြင့် စာချုပ်ချုပ်ဆိုဆောင်ရွက်စေပါကြောင်း။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ယူအင်န်ဒီပီနှင့် ပူးပေါင်း၍ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်သည့် ပြည်တွင်းအင်န်ဂျီအိုအဖွဲ့(၁၂)ဖွဲ့ရှိပြီး၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးအဖွဲ့အစည်း (၈)ဖွဲ့က ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသော အင်န်ဂျီအိုအဖွဲ့အစည်းများမှာ အင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့၊ ဓနုစာပေနှင့်ယဉ်ကျေးမှုအဖွဲ့၊ ပွေးလှသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့၊ ချစ်သောမြန်မာအဖွဲ့၊ တို့တောင်သူအဖွဲ့၊ မြန်မာ့စိုက်ပျိုးရေးအဖွဲ့၊ အလင်းသစ်အားမာန်အဖွဲ့နှင့် အင်းလေးဒေသ (၂၄)နာရီ မီးရရှိရေးအဖွဲ့တို့ ဖြစ်ကြပါကြောင်း။

အင်းလေးကန် ထိန်းသိမ်း

လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် မေးမြန်းစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရက ရန်ပုံငွေသုံးစွဲမှုများတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းမပြုဘဲ စီမံကိန်းနည်းပညာဆိုင်ရာ အကြံပေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ယူအင်န်ဒီပီက ရွေးချယ်ထားသော ပြည်တွင်းအင်န်ဂျီအိုများဖြင့် အကောင်အထည်ဖော်မည့်လုပ်ငန်းအလိုက် သုံးစွဲမည့်ငွေကြေးပမာဏကို တိုက်ရိုက်ဆုံးဖြတ်ဆောင်ရွက်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုအပေါ် ယူအင်န်ဒီပီ၏ လုပ်ငန်း ကြီးကြပ်ကွပ်ကဲမှုစနစ်များဖြင့် မျက်ခြည်မပြတ် ကြီးကြပ်ဆောင်ရွက်ပါကြောင်း။

ယခုအခါ ဩစတြေးလျနိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၊ ကုလသမဂ္ဂမြို့ရွာနှင့် အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ်တို့နှင့် ပူးပေါင်း၍ အင်းလေးကန် ပြန်လည်ထူထောင်ရေး ရေရှည်စီမံချက်တစ်ခု ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိသကဲ့သို့ အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနနှင့်လည်း အင်းလေးကန်ဒေသ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အင်းလေးကန်ဒေသတွင် သစ်တောကြိုးဝိုင်း(၈)ခု၊ ကြိုးပြင်ကာကွယ်တော(၇)ခုနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ(၂)ခု တည်ရှိပါကြောင်း၊ အင်းလေးကန်အတွင်းနှင့် ကန်၏ ရေဝေရေလဲဒေသများ အတွင်းရှိ သစ်တောများ၊ ဇီဝစုံမျိုးကွဲများကို သစ်တောဥပဒေ(၁၉၉၂)၊ သစ်တောနည်းဥပဒေ (၁၉၉၅)၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ထိန်းသိမ်းရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (၁၉၉၄)၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး နည်းဥပဒေ(၂၀၀၂)နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂) တို့နှင့်အညီ ထိန်းသိမ်းကာကွယ်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ လက်ရှိအချိန်တွင် သီးခြားဥပဒေပြဋ္ဌာန်း၍ ထိန်းသိမ်းရန် မရှိသေးပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရပ်နားခဲ့ပြီး အစည်းအဝေး တတိယနေ့ကို အောက်တိုဘာ ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အစ္စရေးသံအမတ်ကြီး H.E. Mr. Hagay Moshe Behar အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အစည်းအဝေးဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

** ကျောဖုံးမှ*

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အစ္စရေးသံအမတ်ကြီး H.E. Mr. Hagay Moshe Behar အား လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲများသို့ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော်စည်းဝေး

နေပြည်တော် အောက်တိုဘာ ၂

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့ကို အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံနှင့် လွှတ်တော်ကိုယ်စားလှယ် ၄၅ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ တင်သွင်းထားသည့် ဥပဒေကြမ်းများ ဆွေးနွေးအတည်ပြုခြင်း၊ အဆိုများ ဆွေးနွေးအဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

အမျိုးသားလွှတ်တော်အစည်းအဝေး

မိုးကောင်း - ဖားကန့်ခရီးကို ယခုအခါ လေးနာရီခွဲခန့်ဖြင့် ရောက်ရှိနိုင်ပြီ

နေပြည်တော် အောက်တိုဘာ ၂

ကချင်ပြည်နယ်သည် ယခုအခါ နယ်မြေအေးချမ်းလာပြီ ဖြစ်သည့်အတွက် ပထမရွှေနဂါးဆောက်လုပ်ရေးကုမ္ပဏီအား လမ်း၊ တံတားလုပ်ငန်းများ အမြန်ဆုံး စတင်ဆောင်ရွက်ရန် အကြောင်းကြားခဲ့ရာ ယင်းကုမ္ပဏီမှ အထူးပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အတွက် ယခင်က သုံး၊ လေး ရက်ကြာသွားနေရသည့် မိုးကောင်း-ဖားကန့်ခရီးကို ယခုအခါ လေးနာရီခွဲခန့်ဖြင့် ရောက်ရှိနိုင်ပြီ ဖြစ်ပါကြောင်းဖြင့် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးစံပြည့်၏ **ကချင်ပြည်နယ်ရှိ မိုးကောင်း-ဖားကန့်ကားလမ်းအား အဆင့်မြှင့်ပြုပြင်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်လည်ဖြေကြားခဲ့သည်။

ထို့အပြင် ဒုတိယဝန်ကြီးက ၁၀-၅-၂၀၁၃ ရက်မှစတင်၍ လမ်း၊ တံတားလုပ်ငန်းများ ပြုပြင်လျက်ရှိပါကြောင်း၊ လမ်းကြောင်း ချောမွေ့စွာသွားလာနိုင်ရေးလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ခဲ့ရာ လက်ရှိတွင် မိုင်(၃၀/၀) နှင့် (၄၃/၆)ကြားတွင် သုံးမိုင်ငါးဖာလုံအား သဲကျောက်ခင်းခြင်း၊ ရှစ်မိုင်အား ရေစီးရေလာကောင်းရန် လမ်းဘေးရေမြောင်းတူးဖော်ခြင်း၊ ဘေလီတံတား ငါးစင်း၊ သစ်သားတံတားငါးစင်းနှင့် ကွန်ကရစ်တံတား တစ်စင်းတို့အား ဆောင်ရွက်ခဲ့ပါကြောင်း။

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြေကြားစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးစံပြည့် မေးမြန်းစဉ်။ (သတင်းစဉ်)

ဖြေကြား

မိုးကောင်း (ပါဟုတ်) -ကာမိုင်းလမ်း ၁၇ မိုင်အား ပထမရွှေနဂါးဆောက်လုပ်ရေးကုမ္ပဏီမှ လုပ်ငန်းများ တစ်ပြိုင်နက် ဆောင်ရွက်ရန် အားနည်းချက် ရှိနိုင်သည့်အတွက် ပြည်နယ်အစိုးရမှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ပြန်လည်ထိန်းသိမ်းပေးရန် ညှိနှိုင်းလာသည့်အတွက် အဆိုပါကုမ္ပဏီမှ လုပ်ငန်းပြန်လည်လွှဲပြောင်းလက်ခံခဲ့ပြီး ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ မိုးကောင်း(ပါဟုတ်)-ကာမိုင်းလမ်း ၁၇ မိုင်ကို၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေ ကျပ်သန်း ၁၀၀၀ တင်ပြတောင်းခံထားပြီး အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ ကျပ်သန်း ၂၀၀ ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြုပြင်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ဆက်လက်ဖြေကြားခဲ့သည်။

ဖြေကြားချက်အပေါ် မေးခွန်းရှင် ဦးစံပြည့်က "ဒီမေးခွန်းက ခုနစ်လပိုင်းကတည်းက မေးထားတာပါ။ ယခုနှစ် ဩဂုတ်လမှာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကချင်ပြည်နယ်ကို လာသွားပါတယ်။ ခရီးစဉ်မှာ ဒုတိယသမ္မတက ဒီလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ သတ္တုတွင်းဝန်ကြီးဌာနတို့ တစ်ဝက်စီပြင်ရမယ်ဆိုပြီးတော့ တာဝန်ပေးသွားပါတယ်။ ညွှန်ကြားချက်တွေလည်း ထွက်ပြီးသွားပါပြီ။ တကယ်တော့ လုပ်ငန်းတစ်ခုကို လုပ်တဲ့အခါမှာ ကုမ္ပဏီတွေကို တာဝန်ပေးမယ်ဆိုရင်လည်း ထင်သာမြင်သာရှိရှိနဲ့ တာဝန်ပေးရမှာဖြစ်ပါတယ်။ အဲ့ဒီလို တာဝန်ပေးပြီးတဲ့အခါ တိတိကျကျ ဆောင်ရွက်မှုရှိ၊ မရှိကို အဆင့်ဆင့်တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေက ကြပ်မတ်ရမှာဖြစ်ပါတယ်၊ ပထမရွှေနဂါးကုမ္ပဏီကို တာဝန်ပေးထားပါတယ်၊ နောက်တော့ ဆောက်လုပ်ရေးက ပြန်ယူလိုက်ရတဲ့ အပိုင်းတွေရှိတယ်၊ စစ်ဆေးတဲ့အပိုင်းတွေ အားနည်းနေတာတွေ့ရတယ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ပြည်နယ်အစိုးရတို့က ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သင့်တယ်လို့ ထင်ပါတယ်"ဟု ပြောပြခဲ့သည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်တွင် တိုးချဲ့ဖွဲ့စည်းသည့် အဖွဲ့ဝင်၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး အတည်ပြုခဲ့သည်။ **(သတင်းစဉ်)**

ယနေ့ မိုးလေဝသ

၂-၁၀-၂၀၁၃

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေ

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေသို့ ရွေ့လျားဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

ပြည်တွင်းသတင်း

▲ ရှေ့ဖုံးမှ

နိုင်ငံတော်အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ ပြည်သူဗဟိုပြုအုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲကျင့်သုံးနေမှုနှင့် ကျောက်ဖြူဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများချမှတ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားပြီး ကျောက်ဖြူမြို့အတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့မှတစ်ဆင့် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် သံတွဲမြို့သို့ ရောက်ရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကျောက်ဖြူလေဆိပ်မှ ဒေသခံတိုင်းရင်းသား ကလေးငယ်များက ပန်းစည်းဆက် ကြိုဆိုကြစဉ်။

(သတင်းစဉ်)

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း သံတွဲမြို့နယ်အတွင်း ပဋိပက္ခဖြစ်ပွားခဲ့သည့် ကျေးရွာများအား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းများကို လှည့်လည်စစ်ဆေးသည့် နိုင်ငံတော်သမ္မတ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးလှဌေးဝင်းသည် ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနိုင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်တို့နှင့်အတူ ယနေ့ မွန်းလွဲ ၂ နာရီကသံတွဲမြို့နယ် သပြုချိုင်ကျေးရွာ၊ ပေါက်တောကျေးရွာ မဲကျွန်းကျေးရွာ၊ ကျောက်ကြီးကျေးရွာနှင့် ကျီးကန်းရဲကျေးရွာတို့ကို လှည့်လည်သွားရောက်ပြီး အကြမ်းဖက်မှုကြောင့် နေအိမ်အချို့ ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်အဖွဲ့သည်သပြုချိုင်ကျေးရွာတွင် နေအိမ်များ မီးလောင်ဆုံးရှုံးခဲ့သည့် နှစ်ဖက်အဖွဲ့အစည်းမှဒေသခံများကိုရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ **(ယာပုံ)** ဖြစ်စဉ်အခြေအနေများကို မေးမြန်းဆွေးနွေးခဲ့သည်။

ဒေသခံများက ၎င်းတို့၏ အခြေအနေနှင့် လိုအပ်ချက်များကို တင်ပြရာ ဗိုလ်ချုပ်ကြီးလှဌေးဝင်းက တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြန်လည်နေရာချထားရေးတို့ကိုထိထိရောက်ရောက် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဒေသခံများ၏ တင်ပြချက်အပေါ် အလေးထားဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြောကြားကာ မိသားစုအသုံးအဆောင်ပစ္စည်းများ၊ ယာယီလူနေတဲများကို ထောက်ပံ့ပေးအပ်ရာ ဒေသခံများကိုယ်စား ရပ်မိရပ်ဖများ ကလက်ခံခဲ့ကြောင်းနှင့် သံတွဲမြို့နယ်၏ အခြေအနေမှာ ပုံမှန်တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးများအဆင့် အလွတ်သဘောအစည်းအဝေးတက်ရောက်

နေပြည်တော် အောက်တိုဘာ ၂

အင်ဒိုနီးရှားနိုင်ငံ ဆူယာဘာရာမြို့၌ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့သော (၁၄)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးများအဆင့် အလွတ်သဘောအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင် ဦးဆောင်သော အဖွဲ့ဝင်နှစ်ဦးပါ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် (၉)ကြိမ်မြောက် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု အာဆီယံသဘောတူညီချက်ဆိုင်ရာအစည်းအဝေးကို လည်းကောင်း၊ နေ့လယ်ပိုင်းတွင်(၁၄)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးများအဆင့် အလွတ်သဘော အစည်းအဝေးကိုလည်းကောင်း တက်ရောက်ခဲ့ပြီး အာဆီယံဒေသတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ နိုင်ငံအလိုက်ဒေသကြီးအလိုက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင်(၁၂)ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဝန်ကြီးများ အဆင့်အစည်းအဝေးတွင် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် မြို့ကြီးများ အစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အာဆီယံအပေါင်း ၃ လူငယ်များဖိုရမ်ကျင်းပရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သံတွဲမြို့နယ်၌ မီးရှို့မှု၊ ရန်ပြုမှုများဖြစ်ပွား၊ ပဋိပက္ခများထပ်မံမဖြစ်ပွားစေရေးအတွက် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထား

နေပြည်တော် အောက်တိုဘာ ၂

သံတွဲမြို့နယ် သပြုချိုင်ကျေးရွာ၌ အောက်တိုဘာ ၁ ရက် နံနက် ၄ နာရီခွဲခန့်မှစတင်၍ မလိုလားအပ်သော ရုန်းရင်းဆန်ခတ်မှုများ မဖြစ်ပွားစေရေးအတွက် သံတွဲမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့များ၊ ခရိုင်အရန်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိကြောင်း၊ သပြုချိုင်တောင်ပေါ်ကျေးရွာ၌ နံနက် ၁၀ နာရီခွဲခန့်တွင် နေအိမ် ၁၄ လုံးခန့် မီးရှို့ဖျက်ဆီးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရကြောင်း သိရသည်။

အလားတူ ရွှေလှေအထက်တန်းကျောင်းအနီးရှိ နေအိမ်အချို့အား ညနေ ၃ နာရီ ၂၅ မိနစ်ခန့်တွင် မီးရှို့ဖျက်ဆီးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်၍ လူစုခွဲခဲ့ရကြောင်း။

ရွှေလှေအုပ်စု လင်းသီးကျေးရွာ သံတွဲ-တောင်ကုတ် ကားလမ်းပေါ်တွင် ညနေပိုင်းက တောင်ကုတ်မှ သံတွဲဘက်သို့ ထွက်ခွာလာသော ဆိုင်ကယ်သုံးစီးဖြင့် လူငါးဦးအား လူတစ်စုကလက်နက်များကိုင်ဆောင်၍ ရန်ပြုခဲ့ကြသဖြင့် လေးဦးဒဏ်ရာရရှိပြီး တစ်ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း၊ ဒဏ်ရာရရှိသူများအား ရွှေလှေဆေးရုံမှတစ်ဆင့် သံတွဲဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိကြောင်း။

ထို့ပြင် ညဉ့်နက်ပိုင်းတွင် ကျီးကန်းရဲကျေးရွာ၌ အဆောက်အအုံတစ်လုံးအား မီးရှို့မှုဖြစ်ပွားသဖြင့် ပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သဖြင့် ယနေ့နံနက် ၁ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

ပြည်သူများအနေဖြင့် ပဋိပက္ခများ ထပ်မံမဖြစ်ပွားစေရေးအတွက် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ကြပါရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူကုန်ကူးသူတို့ရန်သူ တိုက်ဖျက်ကြမည်တို့ပြည်သူ

တပ်မတော်ကာကွယ် မလေးရှားနိုင်ငံ တပ်မ

နေပြည်တော် အောက်တိုဘာ ၂

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးနှင့်အဖွဲ့သည် အောက်တိုဘာ ၁ ရက် ညပိုင်းတွင် Shangri-La Hotel ရှိ Sarawak Room ၌ မလေးရှားနိုင်ငံတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri Zulkifeili Bin Mohd Zin နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

တက်ရောက်

အဆိုပါ ညစာစားပွဲသို့ မလေးရှားဘုရင်မင်းမြတ်၏ ဘွဲ့တံဆိပ် ပေးအပ်ချီးမြှင့်ခြင်းခံရသော ဖိလစ်ပိုင်တပ်မတော်နှင့် ယူအေအီးတပ်မတော်မှ ဦးစီးချုပ်များ တက်ရောက်ကြပြီး မလေးရှားနိုင်ငံ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ မလေးရှားနိုင်ငံတပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ညစာစားပွဲ အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

နေပြည်တော် အောက်တိုဘာ ၂

သမဝါယမ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီခွဲတွင် ဖြူးမြို့နယ်ရှိ လူငယ့်အားမာန်စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံသမဝါယမအသင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးအားပေးခဲ့သည်။

ယင်းသို့စစ်ဆေးစဉ် လူငယ့်အားမာန်စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံသမဝါယမအသင်းဥက္ကဋ္ဌ ဦးဝင်းလှိုင်က ယခုအခါအသင်းသားဦးရေ ၃၃ ဦးအထိရှိလာပြီး စိတ်တူကိုယ်တူညီညွတ်စွာ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

အစုတစ်စုတန်ဖိုးကို ငွေကျပ်တစ်သိန်းသတ်မှတ်ပြီး အသင်းသားတစ်ဦး ထည့်ဝင်နိုင်သည့်အစုငွေမှာ ငွေကျပ်သိန်း ၅၀ ဖြစ်ကြောင်း၊ အသင်းပိုင်အနေဖြင့် ၁၈ တန်ကျဆန်စက်တစ်လုံး၊ စပါးခွံသုံးဓာတ်ငွေ့တစ်လုံး၊ လယ်ထွန်စက်နှစ်စီး၊ စပါးခြွေလှေ့စက်နှစ်စီး၊ ထော်လာဂျီတစ်စီး၊ လက်တွန်းထွန်စက်တစ်စီးရှိပြီး အသင်းသားပိုင်လက်တွန်းထွန်စက်လေးစီးနှင့် စပါးသန့်စင်စက်များရှိကြောင်း၊ ယခုနှစ်

...တ်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးအား ...နိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့ ဂုဏ်ပြုညစာတည်ခင်း

...က်တိုဘာ ၂
...ကွယ်ရေး ဦးစီး
...င်းအောင်လှိုင်
...အောက်တိုဘာ
Shangri-La
...ak Room ၌
...တော်ကာကွယ်
...eral Tan Sri
...li Bin Mohd
...တည်ခင်းဧည့်ခံ
...ားပွဲသို့ တက်

...က်
...သစာစားပွဲသို့
...မြတ်၏ ဘွဲ့
...င့်ခြင်းခံရသော
...နှင့် ယူအေအီး
...ချုပ်များ တက်
...လေးရှားနိုင်ငံ
...ရေး ဦးစီးချုပ်
...င်ငံတပ်မတော်
...က်ရောက်ကြ

အပြီးတွင်
...်ရေးဦးစီးချုပ်

နှင့် ဇနီးတို့သည် မလေးရှား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့နှင့် အမှတ်တရလက်ဆောင် ပစ္စည်းများအပြန်အလှန်ပေးအပ်ကြသည်။

ယနေ့ နံနက်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် Royal Selangor Pewter သို့ သွားရောက်လေ့လာကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့အား မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ သံမှူးကြီး ဦးကျော်စွာနှင့်ဇနီး ဦးဆောင်သော သံရုံးဝန်ထမ်းနှင့် မိသားစုများ၊ စစ်သံမှူး ဗိုလ်မှူးချုပ်ဝင်းမောင်နှင့်ဇနီး ဦးဆောင်သော စစ်သံရုံးဝန်ထမ်းနှင့် မိသားစုများက ခေတ္တတည်းခိုရာ Shangri-La Hotel ၌ လာရောက်တွေ့ဆုံဂါရဝပြုကြသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဝန်ထမ်းများနှင့် မိသားစုများအတွက် အမှတ်တရလက်ဆောင်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ပြည်ပ၌ မြန်မာနိုင်ငံကို ကိုယ်စားပြု၍ တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများသည် နိုင်ငံအတွက် အရေးကြီးသောတာဝန်ကို ထမ်းဆောင်နေကြသူများ ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားများကို လူမျိုးဘာသာမခွဲခြားဘဲ အကာအကွယ်ပေးရန်နှင့် စောင့်ရှောက်ပေးရန် လိုအပ်ပါကြောင်း၊ နိုင်ငံသားများ၏လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးရန်လည်း လိုအပ်ပါကြောင်း၊ နိုင်ငံခြားတိုင်းပြည်များနှင့် ဆက်ဆံရေးတွင် သံတမန်၏အခန်းကဏ္ဍသည် လွန်စွာအရေးကြီး၍ အမှားမရှိအောင် ဂရုစိုက်ကြရန်လိုအပ်ကြောင်း၊ တပ်မတော်အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းအပေါ် တက်လှမ်းရာတွင် မှန်ကန်စွာရပ်တည် ဆောင်ရွက်လျက်ရှိကြောင်းမှာကြားခဲ့သည်။

ယနေ့ မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ဘုရင်မှ ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်ပွဲသို့ တက်ရောက်ပြီး မလေးရှားနိုင်ငံမှ မြန်မာ့တပ်မတော် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ ညနေပိုင်းတွင် ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး မလေးရှားနိုင်ငံတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri Zulkifeili Bin Mohd Zin နှင့် ဇနီးတို့ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် မလေးရှားယဉ်ကျေးမှုအကအဖွဲ့များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၂

သာသနာရေး ဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၁၁၊ ၁၂၊ ၁၃ ရက်(၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၁၃၊ ၁၄၊ ၁၅ ရက်)တို့တွင် ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်နက် ကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)နှင့် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲများကို အစိုးရပထမငယ်တန်း (သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲအောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ (ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း (သို့မဟုတ်)၎င်းနှင့်အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်လုံးဖြစ်စေနှစ်ချင်းပေါက် ဖြေဆိုခွင့်ရှိပါသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံမအောင်မြင်သေးသူများ အနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဝင်ခွင့် တောင်းခံလွှာများကို သက်ဆိုင်ရာစာဖြေဌာနများ တည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများသို့ ပေးပို့ထားပြီးဖြစ်၍ ယင်းရုံးများတွင် ဖြေဆိုလိုသည့်ပုံစံများကို တောင်းယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

(၆၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၂

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုနှင့် သဘောရေးဖြေပွဲကို ၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၆ ရက်(တနင်္ဂနွေနေ့) မှ ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်(ကြာသပတေးနေ့)အထိ (၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၈ ရက်မှ ၂၀၁၄ခုနှစ် ဇန်နဝါရီလ ၉ ရက်) နေ့အထိ ကျင်းပ မည်ဖြစ်သည်။

ဝင်ရောက်ဖြေဆိုမည့် သံဃာတော်အရှင်သူမြတ်များသည် ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်(၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်) နောက်ဆုံးထား၍ ဝင်ခွင့်တောင်းလွှာများကို (ဓာတ်ပုံနှစ်ပုံနှင့်အတူ) ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေစာမေးပွဲဌာနခွဲ(တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ)သို့ ပေးပို့ရန်ဖြစ်ကြောင်း၊ လက်မှတ်ရေးထိုးတင်သွင်းပြီးနောက် အကြောင်းမညီညွတ်၍ ပြန်ဖြေဆိုရန် ပျက်ကွက်ပါက ပျက်ကွက်သည့်အကြောင်းကို ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်(၂၀၁၃-ခုနှစ် နိုဝင်ဘာလ ၂၀ရက်)နေ့နောက်ဆုံးထား၍ အကြောင်းကြားရန် ဖြစ်ကြောင်း၊ စာမေးပွဲအတွက် ပြဋ္ဌာန်းချက်များမှာ ယခင်နှစ်များကအတိုင်းဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း လူငယ့်အားမာန်စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံသမဝါယမအသင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

...က်တိုဘာ ၂
ဝန်ကြီးဌာန
ဦးကျော်ဆန်း
၁ ရက် နံနက်
...နယ်ရှိ လူငယ့်
...နှင့် လုပ်ငန်း
...လုပ်ငန်းများကို
...ပေးခဲ့သည်။
...စဉ် လူငယ့်
...နှင့် လုပ်ငန်းစုံ
...ဥက္ကဋ္ဌ ဦးဝင်း
...သင်းသားဦးရေ
စိတ်တူကိုယ်
...န်းများဆောင်
...းဖြင့် ရှင်းလင်း

...းကို ငွေကျပ်
...း အသင်းသား
...သည့်အစုငွေမှာ
ဖြစ်ကြောင်း၊
၁၈ တန်ကျ
စပါးခွဲသုံး
...လယ်ထွန်စက်
...လှေ့စက်နှစ်စီး၊
လက်တွန်းထွန်
...အသင်းသားပိုင်
...လးစီးနှင့် စပါး
...ကြောင်း၊ ယခုနှစ်

စိုက်ပျိုးပြီးသီးနှံများမှာ စပါး ၃၈၅ ဧက၊ မတ်ပဲဧက ၃၅၀ နှင့် ပဲတီစိမ်း ၃၅ ဧကတို့ဖြစ်ကြောင်း၊ ၎င်းအပြင် ကြံအမျိုးအစား ၁၁ မျိုး စမ်းသပ်စိုက်ပျိုးထားရှိပြီး ၎င်းတို့ထဲမှ မိမိဒေသနှင့်ကိုက်ညီသည့် အထွက်နှုန်းကောင်းပြီး အလေးချိန်စီးသည့် K 88/92၊ K 95/84 အမျိုးအစား နှစ်မျိုးအား ၂၅ ဧကခန့် စိုက်ပျိုးထုတ်လုပ်ရန် ရည်ရွယ်ထားကြောင်း၊ စိုက်ပျိုးရေးနှင့်တွဲဖက်၍ နွားအကောင် ၃၀၊ ဝက်အကောင် ၃၀၊ ဒေသကြက်ကောင် ၆၂၀ တို့ကို မွေးမြူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးလှိုင်စိုးက သမဝါယမအသင်းများသို့ ချေးငွေများ ထုတ်ချေးခဲ့မှုနှင့် ပြန်လည်ပေးဆပ်မှုများကို ရှင်းလင်းတင်ပြပြီး စိုက်တန်းခင်ကျေးရွာမှ တက်လမ်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းဥက္ကဋ္ဌ ဦးစိုးတင်နှင့် ရွှေဖောင်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းဥက္ကဋ္ဌ ဦးစိုးမြင့်တို့က အသင်း၏လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးက လူငယ့်အားမာန်စိုက်ပျိုးရေး သမဝါယမအသင်းကို စက်မှုလယ်ယာအဖြစ် အဆင့်မြှင့်တင် နိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များ၊ အတွေ့အကြုံရှိသူများဖြင့်ဖွဲ့စည်းပြီး ဖြစ်နိုင်ခြေနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ကြိုတင်လေ့လာလျာထားရန်၊ ကုန်းမြေနေရာများတွင် နို့စားနွားများ မွေးမြူပြီး ရရှိသောနို့ကို ပိုးသတ်ထားသည့် နို့အဖြစ်ထုတ်လုပ်၍ ဆက်စပ်နေသော မြို့များသို့ ဖြန့်ဖြူးရောင်းချရန်၊ စိုက်ပျိုးမြေအတွင်း ဖြတ်သန်းစီးဆင်းနေသော ချောင်းတွင် တမံတည်ဆောက်ပြီး သီးနှံများ စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်သွားရန်၊ စဉ်ဆက်မပြတ်လေ့လာ သုတေသနပြုမြှင့်တင်သွားရန်၊ လက်ရှိဖွင့်လှစ်ထားသော အသင်းပိုင်ဆိုင်ခန်းများအား တိုးချဲ့ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး အသင်းသားများအနေဖြင့် ချေးငွေကိုမှန်မှန်ကန်ကန်အသုံးပြုပြီး မှန်မှန်ကန်ကန်ပြန်လည်ပေးဆပ်ပါက ကျပ်တစ်သိန်းနှုန်းထုတ်ချေးရာမှ ကျပ်ငါးသိန်းအထိ ထုတ်ချေးပေးရန် စီစဉ်ထားရှိကြောင်း၊ ချေးငွေမရရှိသေးသည့် အသင်းသားများအတွက် ချေးငွေရရှိအောင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ အထောက်အပံ့နှင့် ချေးငွေများရရှိအောင် ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူငယ့်အားမာန်စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံသမဝါယမအသင်း၏ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ဝဲပုံ) (သတင်းစဉ်)**

နွေကာလအတွက် (ယာဉ်+ကုန်) တန်ချိန်ပြောင်းလဲသတ်မှတ်

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မော်တော်ယာဉ်များ လမ်း/တံတားများအသုံးပြုမောင်းနှင်ရာတွင် တင်ဆောင်ခွင့်ပြုသည့် (ယာဉ်+ကုန်) တန်ချိန်သတ်မှတ်ချက်များနှင့်ပတ်သက်၍ မိုးတွင်းကာလ၊ နွေကာလနှင့် ၂၀၁၅ ခုနှစ်တွင် သတ်မှတ်သည့် (ယာဉ်+ကုန်) တန်ချိန်သတ်မှတ်ချက်သုံးမျိုးအား ကြိုတင်ထုတ်ပြန်ကြော်ငြာထားရှိခဲ့ပြီးဖြစ်ပါသည်။

မိုးတွင်းကာလသတ်မှတ်ချက်သည် (၃၀-၉-၂၀၁၃) ရက်နေ့တွင် ကုန်ဆုံးမည်ဖြစ်ပြီး နွေကာလသတ်မှတ်ချက်ဖြစ်သည့် (၁-၁၀-၂၀၁၃) ရက်နေ့မှ (၁၅-၅-၂၀၁၄) ရက်နေ့အထိ အောက်ဖော်ပြပါ ယာဉ်အမျိုးအစား လေးမျိုးသည် ပူးတွဲဖော်ပြပါ (ယာဉ်+ကုန်) သတ်မှတ်ချက်များအတိုင်း တင်ဆောင်မောင်းနှင်ရမည်ဖြစ်သည်။

(က) (၁၄)ဘီးကား (Lift Axle) (ယာဉ်+ကုန်) မိုးတွင်းကာလ တန်(၃၀)မှ နွေကာလ (၃၁)တန် (ဘီးအားလုံးလမ်းပေါ်ချ၍ မောင်းနှင်ရမည်)
(ခ) (၁၄)ဘီးတွဲကား (ယာဉ်+ကုန်)မိုးကာလ (၃၃)တန်မှ နွေကာလ (၃၄)တန်
(ဂ) (၁၈)ဘီးတွဲကား (ယာဉ်+ကုန်) မိုးကာလ(၄၁) တန်မှ နွေကာလ (၄၆)တန်
(ဃ) (၂၂)ဘီးတွဲကား (ယာဉ်+ကုန်) မိုးကာလ (၄၈) တန်မှ နွေကာလ (၅၀ ဒသမ ၅ တန်)

ဆောက်လုပ်ရေးဝန်ကြီးဌာန

ဖောင်းကြွယာဉ်နံပါတ်ပြားများ ရိုက်နှိပ်ထုတ်ပေးရန် မန္တလေးမြို့တွင် စက်ရုံတည်ဆောက်မည်

မန္တလေး အောက်တိုဘာ ၂

မန္တလေး တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဖောင်းကြွယာဉ်နံပါတ်ပြားများ တိုက်ရိုက်ထုတ်ပေးနိုင်ရေးအတွက် မန္တလေးမြို့တွင် ဖောင်းကြွနံပါတ်ပြား ရိုက်နှိပ်ထုတ်လုပ်သည့် စက်ရုံတည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်က မော်တော်ယာဉ်တင်သွင်းခွင့် ဖြေလျှော့မှုများ ချမှတ်ပေးပြီးနောက်ပိုင်း မော်တော်ယာဉ်ဈေးနှုန်းများ ကျဆင်းလာသည့်အလျောက် ပြည်တွင်းမှဝယ်ယူသုံးစွဲမှုများပြားလာခြင်းဖြင့် မော်တော်ယာဉ်အစီးရေသည် နေပြည်တော်၊ မန္တလေး၊ ရန်ကုန်မြို့ကြီးများ၌ တစ်နေ့တခြား တိုးပွားလာကြောင်း၊ ဖောင်းကြွ ယာဉ်နံပါတ်ပြားများ အမြန်ဆုံးရရှိ၍ တပ်ဆင်မောင်းနှင်နိုင်ရေးအတွက် ရည်ရွယ်ပြီး မန္တလေးမြို့၌ ထုတ်လုပ်ပေးသွားခြင်း ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မန္တလေးမြို့တွင် ဆိုင်ကယ်အစီးရေ ငါးသိန်းကျော်နှင့် မော်တော်ယာဉ်အစီးရေ ခြောက်သောင်းကျော်ရှိရာ ဆိုင်ကယ်များသည် ဖောင်းကြွနံပါတ်တပ်ဆင်မောင်းနှင်ခြင်း အားနည်းပြီး ဖောင်းကြွနံပါတ်ပြားထုတ်ယူရန် သုံးသောင်းကျော် ကျန်ရှိနေသေးကြောင်း၊ အချို့ ဆိုင်ကယ်များသည် မန္တလေးမြို့နှင့်ဝေးကွာသော မြို့ရွာများ၌ စီးနင်းမောင်းနှင်နေကြသဖြင့် ဖောင်းကြွနံပါတ်ပြား လာရောက် ထုတ်ယူခြင်းမရှိကြကြောင်း၊ မော်တော်ယာဉ်အများစုမှာ ဖောင်းကြွ နံပါတ်တပ်ဆင်မောင်းနှင်ကြပြီး ထုတ်ယူရန် လက်ကျန်ဖောင်းကြွနံပါတ်ပြားများ အလွန်နည်းပါးကြောင်းနှင့် ဖောင်းကြွနံပါတ်ပြားများတွင် ဆိုင်ကယ်အတွက် ငွေကျပ် ၅၀၀၀၊ မော်တော်ယာဉ်အတွက် ငွေကျပ် ၁၀၀၀၀ဖြင့် (ကညန) သို့ ပေးသွင်းရ ကြောင်း သိရသည်။

တင်မောင် (မန္တလေး)

အရှိန်မထိန်းနိုင်သဖြင့် ယာဉ်တိမ်းမှောက်

နေပြည်တော် အောက်တိုဘာ ၂

ပဲခူးတိုင်းဒေသကြီး ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၅၀/၀-၁)ကြားတွင် စက်တင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မှနေပြည်တော်သို့ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်တာမွေကြီး (က/ဂ)ရပ်ကွက်နေ ဟိန်းထက်အောင် (၃၅ နှစ်)မောင်းနှင်လာသည့် ၉C/. . . ဟိုင်းလပ်ဆပ်ဖ်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးယာဘက်သို့ ထိုးကျ တိမ်းမှောက်ခဲ့ကြောင်း သတင်းအရ ဘောနတ်ကြီး အမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

ယာဉ် တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါခြောက်ဦးအနက် ဖခင်ဖြစ်သူ ဦးသန်းအေး(၆၃နှစ်)ပါ နှစ်ဦးမှာ ဒဏ်ရာများရရှိခဲ့ပြီး အခင်းဖြစ်နေရာတွင်သေဆုံး၍ တစ်ရပ်ကွက်တည်းနေ ဒေါ်မေစီလှ (၅၈နှစ်)တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ပဲခူးပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေစဉ် ထပ်မံသေဆုံးသွားခဲ့သည့်အပြင် ဟိန်းထက်အောင် တွင်လည်း ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မဆင်မခြင် မောင်းနှင်သူ ဟိန်းထက်အောင်အား ဘောနတ်ကြီး အမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

ပြည်တွင်းသတင်း

နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ ချစ်ကြည်ရေးခရီးရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၂

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌ Rt.Hon.David Cater နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီး ရောက်ရှိကြသည်။

နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ညနေပိုင်းတွင် နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်အား လှည့်လည်ကြည်ညိုကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

သက်ကြီးရွယ်အိုများနေ့ကျင်းပ

မိတ္ထီလာ အောက်တိုဘာ ၂

မိတ္ထီလာခရိုင် မိတ္ထီလာ ဘိုးဘွားရိပ်သာတွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မိတ္ထီလာ ဘိုးဘွားရိပ်သာမှ သက်ကြီးရွယ်အို ဘိုးဘွား ၃၆ ဦးအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် အသင်းသားများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် စေတနာရှင် အလှူရှင်များက မျက်နှာသုတ်ပဝါများ၊ ဝတ္ထုငွေများဖြင့် ပူဇော်ကန်တော့ကြသည်။

ထို့နောက် ဘိုးဘွားရိပ်သာ ရန်ပုံငွေအတွက် အလှူရှင်များက စုစုပေါင်း လှူဒါန်းငွေကျပ် ၂၃၈၉၇၀၀ ကို ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)



၂၀၁၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲ၊ သင်ထောက်ကူပြိုင်ပွဲနှင့် သုတေသနစာတမ်းပြိုင်ပွဲဆုရသူများ ကြေညာ

နေပြည်တော် အောက်တိုဘာ ၂

၂၀၁၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲနှင့်သင်ထောက်ကူပြိုင်ပွဲဆုရသူများစာရင်းကို သက်ဆိုင်ရာက ယနေ့ ထုတ်ပြန်ကြေညာသည်။

ဆောင်းပါးပြိုင်ပွဲ

ဆောင်းပါးပြိုင်ပွဲကို **ပညာအရည်အသွေးမြင့်မားဖို့၊ ဆရာအရည်အချင်းမြှင့်တင်စို့** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ အခြေခံပညာမူလတန်းအဆင့် ဆရာ ဆရာမများဆောင်းပါးပြိုင်ပွဲတွင် ပထမဆုကို မိတ္ထီလာမြို့ အခြေခံပညာ အလယ်တန်း ကျောင်း(ခွဲ)လေတပ်မှ မူလတန်းပြ ဒေါ်သန္တာစိုး၊ ဒုတိယဆုကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၇)အခြေခံပညာမူလတန်းကျောင်းမှ အငြိမ်းစား မူလတန်းကျောင်းအုပ် ဒေါ်ခင်ဝင်း (ခင်ခင်ဝင်း-ပညာရေး)၊ တတိယဆုကို ပဲခူးမြို့နယ် အခြေခံပညာမူလတန်းကျောင်း(ကျုံပကန်)မှ မူလတန်းပြ ဒေါ်သွယ်မီကြိုင်တို့က ရရှိသည်။

အခြေခံပညာအလယ်တန်းအဆင့် ဆရာ ဆရာမများဆောင်းပါးပြိုင်ပွဲတွင် ပထမဆုကို ရေနံချောင်းမြို့ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း သပြေမှ အလယ်တန်းပြ ဦးရီလွင်(မောင်ယုလွင်-သပြေ)၊ ဒုတိယဆုကို ပုသိမ်မြို့ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြ ဒေါ်လှိုင်းဇာလီသိမ့်(ပုသိမ်သူ)၊ တတိယဆုကို အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းမှ အလယ်တန်းပြ ဒေါ်မိမိရီ(မိမိရီ-အင်းစိန်)တို့က ရရှိသည်။

အခြေခံပညာအထက်တန်းအဆင့် ဆရာ ဆရာမများဆောင်းပါးပြိုင်ပွဲတွင် ပထမဆုကို ရွှေကျင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း တံခွန်တိုင်မှ အထက်တန်းပြ ဒေါ်ဝင်းမင်းအေး(ဝင်းမင်း-ရွှေကျင်)၊ ဒုတိယဆုကို ဝါးခယ်မမြို့နယ် အခြေခံပညာအထက်တန်းကျောင်း-ရွှေလောင်းမှ အထက်တန်းပြ အငြိမ်းစား ဦးပြေသိမ်း(ပန်းသပြေ-ရွှေလောင်း)၊ တတိယဆုကို ပုသိမ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြ(ကာယ) ဒေါ်အိအိခိုင်(ဧကရီ-ကျောင်းကုန်း)တို့က ရရှိသည်။

တက္ကသိုလ်ကောလိပ်ဆရာ ဆရာမများအဆင့် ဆောင်းပါးပြိုင်ပွဲကို **ပညာအရည်အသွေးမြင့်မားဖို့၊ ဆရာအရည်အချင်းမြှင့်တင်စို့** ခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ကြရာ ပထမဆုကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် မြန်မာစာဌာနမှ နည်းပြ ဒေါက်တာသန်းမင်းထိုက်(သန်းမင်းထိုက်)၊ ဒုတိယဆုကို မိတ္ထီလာပညာရေးကောလိပ် မြန်မာစာသင်ပြနည်းဌာနမှ လက်ထောက်ကထိက ဦးမြင့်မျိုး (အေးငြိမ်းကို)၊ တတိယဆုကို မုံရွာတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ နည်းပြ ဒေါ်သက်နွယ်နွယ်ဝင်း(သက်နွယ်-IR)တို့က ရရှိသည်။

စာစီစာကုံးပြိုင်ပွဲ

အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို **ပွင့်သစ်ပန်းကိုလန်းစေသူ** ခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မသိမ့်အိချို၊ ဒုတိယဆုကို မုဒုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မစုချစ်နေမျိုး၊ တတိယဆုကို ပုသိမ်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ငြိမ်းချမ်းလှိုင်တို့က ရရှိသည်။

ဆက်လက်ဖော်ပြပါမည်

◆ *ကျော်ဖုံးမှ*

(ခ) မြန်မာကုမ္ပဏီအဖြစ် လည်းကောင်း၊ နိုင်ငံခြားကုမ္ပဏီအဖြစ် လည်းကောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီများတွင် တာဝန်ထမ်းဆောင်သည့် နိုင်ငံခြားသားများနှင့် မိသားစုများ၊ နိုင်ငံခြားသားဝန်ထမ်းများအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

(၁) **ဝန်ကြီးရုံး**

ဖုန်း-၀၆၇-၄၀၈၂၆၆၊ ဖက်စ်-၀၆၇-၄၀၈၀၀၄၊

e-mail: licolhan@gamil.com

(၂) **ရန်ကုန်ရုံးခွဲ**

ဖုန်း-၀၁-၂၅၁၁၉၇၊ ဖက်စ်-၀၁-၂၅၃၀၂၈

e-mail: thanaungkyaw61@gmail.com

(ခ) **ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

(၁) **နေပြည်တော်ရုံး**

ဖုန်း-၀၆၇-၄၀၆၁၆၆၊ ဖက်စ်-၀၆၇-၄၀၆၃၀၆

e-mail: nangyiyithan@gamil.com

(၂) **ရန်ကုန်ရုံးခွဲ**

ဖုန်း-၀၁-၆၅၇၈၉၁၊ ဖက်စ်-၀၁-၆၅၇၈၂၅

e-mail:chochowynn2011@gmail.com

ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ

❍ *ကျော်ဖုံးမှ*

သံလွင်မြစ်ပေါ်တွင် ရေအားလျှပ်စစ်စီမံကိန်းများဆောက်ရန် ဖြစ်နိုင်ခြေလေ့လာမှုများပြုလုပ်နေသည့်နေရာများမှာ ကွမ်းလုံ၊ နောင်ခါး၊ မန်းတောင်း၊ မိုင်းတုံ၊ရွာသစ်နှင့်ဟာဂျီးတို့တွင် ဖြစ်သည်။ ရေအားလျှပ်စစ်စီမံကိန်းများပြုလုပ်ရာတွင် ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝမထိခိုက်ရန်နှင့် သဘာဝပတ်ဝန်းကျင်မပျက်စီး မထိခိုက်ရန် မည်သို့ဆောင်ရွက်မည်ကိုလည်း လေ့လာမှုများပြုလုပ်နေသည်။

မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အထက်ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်းမှာ စွမ်းအားသစ်အိုအေစစ်ကုမ္ပဏီမှ တည်ဆောက်နေခြင်းဖြစ်ပြီး လာမည့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အပြီးတည်ဆောက်မည်ဖြစ်သည်။ ယင်းရေအားလျှပ်စစ်စီမံကိန်းမှာ တပ်ဆင်အင်အား ၂၉ မဂ္ဂါဝပ်ဖြစ်ပြီး လောလောဆယ်ပြီးစီးမှုမှာ ၃၇ ဒသမ ၃၂ ရာခိုင်နှုန်းဖြစ်သည်။

ဆက်လက်ပြီး တာပိန်ရေအားလျှပ်စစ်စီမံကိန်းကို တရုတ်နိုင်ငံမှ China Datang ကုမ္ပဏီမှ တည်ဆောက်မည်ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အပြီးတည်ဆောက်မည်ဖြစ်သည်။ တာပိန်ရေအားလျှပ်စစ်စီမံကိန်းမှာ တပ်ဆင်အင်အား ၁၀၁ မဂ္ဂါဝပ်ရှိပြီး ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားကို မြန်မာနိုင်ငံမှ ၅၀ ရာခိုင်နှုန်းရရှိမည်ဖြစ်ပြီး Free Power ၁၉ မဂ္ဂါဝပ်အပြင် ၂ ဒသမ ၈ Cent ဖြင့် ၁၀၁ မဂ္ဂါဝပ် ဝယ်ယူသွားမည်ဖြစ်သည်။

ထို့အပြင် ၂၀၁၃ ခုနှစ် နိုဝင်ဘာတွင် ဓာတ်အားထုတ်ယူနိုင်မည့် ဖြူးရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှာလည်း တပ်ဆင်အင်အား ၄၀ မဂ္ဂါဝပ်ရှိပြီး နွေရာသီဓာတ်အားထုတ်လုပ်နိုင်မှုမှာ ၁၃ မဂ္ဂါဝပ်ဖြစ်သည်။ နန်ချိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် တပ်ဆင်အား ၄၀ မဂ္ဂါဝပ်ဖြစ်ပြီး နွေရာသီဓာတ်အားထုတ်ယူနိုင်မှုမှာလည်း ၁၃ မဂ္ဂါဝပ်ဖြစ်သည်။

ဓာတ်အားထုတ်လုပ်မှု

တစ်ဖန် ဘီလူးချောင်း(၃) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ အထက်ပေါင်းလောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ(ပထမအဆင့်) တို့မှလည်း ၂၀၁၄ ဇန်နဝါရီနှင့် ၂၀၁၄ ခုနှစ် မေလတို့တွင် နွေရာသီ ဓာတ်အားထုတ်လုပ်မှု ၄၀ မဂ္ဂါဝပ်နှင့် ၅၀ မဂ္ဂါဝပ်တို့ ရရှိနိုင်မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

လူကုန်ကူးမှု တားဆီးရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး

ရေကြောင်းသတိပေးချက်ထုတ်ပြန်ကြေညာ

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-9 ၌ ZPQ Topside Installation, Hook-up and Commissioning လုပ်ငန်းများအား Accmmodation Barge PW NATUNA (Call sig: 3 FJN3) ဖြင့် အောက်ဖော်ပြပါ Coordinates များတွင် (၁၅-၁၀-၂၀၁၃) ရက်မှ (၁၉-၁၂-၂၀၁၃)ရက်အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

(က) Control Area Coordinates

point	Latitude	Longitude
A	14˚ 28' 07.009"N	96˚ 05' 38.488"E
B	14˚ 17'20.950"N	96˚ 13'42.427"E
C	14˚ 11'24.788"N	96˚ 13'44.308"E
D	13˚ 56'44.891"N	96˚ 49'01.765"E
E	14˚ 01'45.602"N	96˚ 43'52.400"E
F	14˚ 15'01.498"N	96˚ 44'21.156"E
G	14˚ 28' 29.411"N	96˚ 58'34.642"E

(ခ) ZPQ Installation Site Coordinates

point	Latitude	Longitude
ZPQLocation	14˚ 11'27.8081"N	96˚ 02'44.3173"E

အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာ ၄ကီလိုမီတာပတ်လည် အတွင်းသင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရေး ရေကြောင်းသတိပေးချက် ထုတ်ပြန်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သတင်းဆောင်းပါးနှင့်ယှဉ်မှုခင်း

မူဆယ်-ရွှေလီဝင်ပေါက်မှတစ်ဆင့် အပြန်အလှန်ဖြတ်သန်းဝင်ရောက်နိုင်ရေးမျှော်လင့်နေ

အောင်သူရ

၂၀၁၃ ခုနှစ်အတွင်း မြန်မာ-ထိုင်းနိုင်ငံ နယ်စပ်စခန်းများဖြစ်သော ထီးခီး၊ တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းမြို့တို့တွင် နိုင်ငံတကာ ဝင်ပေါက်အဖြစ် ဖွင့်လှစ်ပေးခဲ့ရာ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံသားများ သာမက တတိယနိုင်ငံသားများပါ နိုင်ငံကူးလက်မှတ်နှင့် ဗီဇာများ ပါရှိပါက နိုင်ငံတစ်ဝန်း ဖြတ်သန်းသွားလာခွင့်ရရှိမည်ကို ကြားသိရသောအခါ နယ်စပ်မူဆယ်နှင့် ရွှေလီတို့မှ ကုန်သည်များကလည်း အလားတူ ဖွင့်လှစ်ခွင့်ရရေး မျှော်လင့်နေကြသည်။

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအနေအထားအရ တာဝန်ရှိသူများကိုယ်တိုင်လည်း မူဆယ်၊ ရွှေလီ နယ်စပ်ဂိတ်များမှတစ်ဆင့် နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပြုနိုင်ရေး အဆင့်ဆင့်ဆောင်ရွက်နေကြသည်၊ မကြာမီကာလတွင်လည်း ဖွင့်လှစ်နိုင်လိမ့်မည်ဟု ယုံကြည်မိသည်။

ကုန်သွယ်မှုလုပ်ငန်း ပိုမိုအဆင်ပြေချောမွေ့ခြင်း၊ နှစ်ဖက်ကုန်သွယ်မှု ပိုမိုမျှတလာခြင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာခြင်း၊ ကုန်သွယ်မှုပမာဏ ပိုမိုများပြားလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိလာနိုင်ခြင်းကဲ့သို့သော အားသာချက်များရှိသကဲ့သို့ အခက်အခဲများ၊ ပြဿနာများကို ကျော်လွှားကြရမည်ကိုလည်း သတိပြုမိသည်။ ထိုကဲ့သို့ ဝင်ရောက်ခွင့်ပြုလိုက်ခြင်းနှင့်အတူ တစ်နွယ်ငင်တစ်စင်ပါ မူးယစ်ဆေးဝါးကိစ္စ လူကုန်ကူးမှုကိစ္စ စသည်တို့ကိုလည်း ပိုမိုတားဆီးကြရမည်ဟု ထင်သည်။

သတင်းထောက်အနေဖြင့် နယ်စပ်ဒေသမူဆယ်မြို့နှင့်တစ်ဖက်နိုင်ငံ ရွှေလီမြို့တို့မှတစ်ဆင့် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်နေကြသော ကုန်သည်ကြီးများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ မေးမြန်းခဲ့သမျှကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်-

Mr.Li Qi Gui (မစ္စတာလီချီကွေး) တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံကိုယ်စားလှယ်

"မြန်မာနိုင်ငံက စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံဟာ ကြီးမားတဲ့ ဈေးကွက်ကြီးတစ်ခုဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်အတွင်းမှာ မြန်မာ-တရုတ်ကုန်သွယ်မှုပမာဏဟာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၅၀၀၀ ခန့်ရှိပြီး ရွှေလီ-မူဆယ်ဂိတ်ကတစ်ဆင့် ကုန်သွယ်မှုပမာဏက အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၀၀၀ ကျော်ရှိပါတယ်။

တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၀၆၀၀လောက်ရှိပါတယ်။ နှစ်နိုင်ငံကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု ပိုမိုနိုင်တဲ့ အလားအလာတွေလည်း ရှိနေပါတယ်။ ကုန်သွယ်မှု မြင့်မားလာခြင်းနဲ့အတူ ကောင်းမွန်သော ပတ်ဝန်းကျင်ရှိတဲ့ ဝင်ထွက်ခွင့်ဂိတ်တွေ ထားရှိမယ်ဆိုရင် လုပ်ငန်းတွေဆောင်ရွက်ရာမှာ ပိုမိုထိရောက်လျင်မြန်နိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံက လုပ်ငန်းရှင်တွေ၊ နည်းပညာရှင်တွေ၊ ကုန်သည်တွေ မူဆယ်မြို့ကို ရောက်ရှိပြီး တရုတ်ပြည်မကြီးထဲကို သွားလိုရင် မန္တလေးမြို့ကို ပြန်လည်သွားရောက်ရပြီး လေကြောင်းခရီးနဲ့ ကူမင်းမြို့ကို သွားရောက် ရတာဟာ အလွန်အချိန်ကုန်၊ ငွေကုန်ဖြစ်ရပါတယ်။ ခရီးထောက်ပါတယ်။ အမြင်နီးပြီး အလှမ်းဝေးနေပါတယ်။

ဒီလိုပဲ တရုတ်နိုင်ငံက လုပ်ငန်းရှင်တွေ၊ ကုန်သည်တွေ ရွှေလီနယ်စပ်မြို့ကို ရောက်ပြီး မြန်မာနိုင်ငံကို လာလိုရင်လည်း ကူမင်းမြို့ကနေမှ လေကြောင်းခရီးနဲ့ ရန်ကုန်၊ မန္တလေးကို လာရောက်ရတာဟာ အဆင်မပြေပါဘူး။

မူဆယ်-ရွှေလီ နယ်စပ်ဂိတ်ကတစ်ဆင့် နိုင်ငံကူးလက်မှတ် ဗီဇာနဲ့ ဖြတ်သန်းသွားလာခွင့်ပြုလိုက်မယ်ဆိုရင် အလွန်အဆင်ပြေမှာပါ။ မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ချင်း ထိစပ်နေတဲ့ တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှာဆိုရင် နှစ်စဉ် ကမ္ဘာလှည့်ခရီးသည်သန်း ၆၀ နီးပါးရှိပါတယ်။ နှစ်နိုင်ငံ ခရီးသွား လုပ်ငန်းချင်း ချိတ်ဆက်ပြီး ဆိုက်ရောက်ဗီဇာနဲ့ နိုင်ငံကူးလက်မှတ်ပါလို့ ဖြတ်သန်းခွင့်ပြုခြင်းဖြင့်လည်း မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အပေါ် များစွာ အထောက်အကူပြုမယ်လို့ မြင်ပါတယ်။

တရုတ်နိုင်ငံက ဖော်ဆောင်နေတဲ့ တံခါးဖွင့်ဝါဒနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး စမ်းသပ်ဇုန် သုံးခုထဲက တစ်ခုအပါအဝင်ဖြစ်တဲ့ ရွှေလီစမ်းသပ်ဇုန်ဟာ ၂၀၁၂ ဇူလိုင်လမှာ တရုတ်နိုင်ငံတော်ကောင်စီရဲ့ ခွင့်ပြုချက်ကို ရရှိပြီး ဖြစ်တဲ့အတွက် ယခုအခါမှာ စီမံကိန်းအကောင်အထည် ဖော်တဲ့ အဆင့်ကို ရောက်ရှိနေပါပြီ။

မြန်မာနိုင်ငံသားတွေ အနေနဲ့ အလုပ်အကိုင်နဲ့ အခွင့်အလမ်းသစ်တွေ ရရှိနိုင်မှာဖြစ်လို့ နိုင်ငံကူးလက်မှတ်နဲ့ ဗီဇာတွေပါရှိရင် မူဆယ်-ရွှေလီနယ်စပ်ဂိတ်ကတစ်ဆင့် ဝင်ထွက်သွားလာခွင့်ကို ဆောလျင်စွာ အကောင်အထည်ဖော်သင့်တယ်လို့ မြင်ပါတယ်။"

ဦးစိုင်းကျော်ထင် လုပ်ငန်းရှင်၊ နမ့်ခမ်းမြို့

"မူဆယ်-ရွှေလီနယ်စပ်ဂိတ်ကနေ ပို့ကုန်၊ သွင်းကုန်လုပ်ငန်း လုပ်ကိုင်နေကြတဲ့ လုပ်ငန်းရှင်တွေ၊ ကုန်သည်တွေအနေနဲ့ ကုန်သွယ်မှု အရောင်းအဝယ်လုပ်ရင်း နယ်စပ်ဖြတ်ကျော်ဆောင်ရွက်ဖို့ အကြောင်းကိစ္စတစ်ခုပေါ်ရင် နယ်စပ်ဖြတ်ကျော်ခွင့်ရရှိပေမယ့် မြန်မာနိုင်ငံဘက်မှာ ၁၀၅ မိုင်စစ်ဆေးရေးစခန်းနဲ့ တရုတ်နိုင်ငံဘက်မှာ ရွှေလီမြို့အထိပဲ သွားလာလို့ရပါတယ်။ ကုန်သည်တွေနဲ့ တောင်ပေါ်ဒေသမှာနေထိုင်ကြတဲ့ တိုင်းရင်းသားများ အိမ်နီးချင်းနိုင်ငံကို အလွယ်တကူသွားရောက်နိုင်တဲ့ အခွင့်အရေးရရှိစေချင်ပါတယ်။ အဲဒီလိုအခွင့်အရေးရလာရင် ကုန်သည်တွေအနေနဲ့ ပိုမိုကျယ်ပြန့်တဲ့ ဈေးကွက်ထဲအထိ ထိုးဖောက်ဝင်ရောက်နိုင်မှာဖြစ်ပြီး ဒေသခံတိုင်းရင်းသားများအနေနဲ့ အကြားအမြင်ဗဟုသုတများပြီး မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို ပိုမိုဆောင်ရွက်နိုင်မှာဖြစ်ပါတယ်"

ဦးဘကြည်စိန်း၊ အမှုဆောင်၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း

"မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံနယ်စပ် ကုန်သွယ်ရေးစနစ်နဲ့ ကုန်သွယ်မှုပြုရာမှာ မန္တလေး၊ လားရှိုး၊ မူဆယ်လမ်းကတစ်ဆင့် အဓိက ကုန်သွယ်မှုပြု ကြပါတယ်။ အဓိက ပို့ကုန်အနေနဲ့ ဆန်၊ စပါး၊ ပြောင်းနဲ့ ပဲအမျိုးမျိုး၊ ရေထွက်ပစ္စည်းအမျိုးမျိုး၊ ရော်ဘာ၊ သားရေ၊ တွင်းထွက်ဓာတ်သတ္တုပစ္စည်းများ၊ သစ်နဲ့ သစ်တောထွက်ပစ္စည်းများ၊ ပုလဲ၊ ကျောက်စိမ်းနဲ့ ကျောက်မျက်များကို အဓိကထားပြီး တင်ပို့ပါတယ်။ သွင်းကုန်ကတော့ စက်ရုံသုံးကုန်ကြမ်း ပစ္စည်းများ၊ ဓာတ်မြေဩဇာအစရှိတဲ့ ဓာတုကုန်ထုတ်ပစ္စည်းများ၊ ကုန်မာပစ္စည်းများနဲ့ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများကို အဓိကသွင်းပါတယ်။ ကုန်သွယ်မှုပြုနေကြတဲ့ ကုန်သည်တွေအနေနဲ့ နယ်စပ်ကနေပတ်စ်ပို့ အသုံးပြုပြီး ဆိုက်ရောက်ဗီဇာနဲ့ ပြည်ဝင်ခွင့်ပြုမယ်ဆိုရင် တရုတ်နိုင်ငံအတွင်းပိုင်းအထိ သွားရောက်နိုင်ပြီး ပိုမိုကောင်းမွန်သော ကုန်ပစ္စည်းများနှင့် စားသောက်ကုန်များကိုဝယ်ယူတင်သွင်းနိုင်မှာပါ။ ကုန်ပစ္စည်းတင်ပို့သူတွေအနေနဲ့ နယ်စပ်ဒေသမှာ ဈေးဖြတ်ရောင်းချနေရာကနေ ပိုမိုကျယ်ပြန့်တဲ့ဈေးကွက်ထဲအထိ ဝင်ရောက်ပြီး ရောင်းချနိုင်မှာ ဖြစ်ပါတယ်။"

မူဆယ်၊ ရွှေလီတို့မှ ဖြတ်သန်းကုန်သွယ်နေကြသော ကုန်သည်များ၊ လုပ်ငန်းရှင်များကလည်း အလားတူဆန္ဒများရှိနေကြောင်း သိရသည်။

နိုင်ငံတော်က မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် နိုင်ပါစေဟု ၎င်းတို့ကိုယ်စား ဆန္ဒပြုမိပါသတည်း။ ။

ယာဉ်ရှေ့အောက်တန်းကျိုးပြီး လမ်းဘေးရှိဆိုင်းဘုတ်ကို ဝင်တိုက်

နေပြည်တော် အောက်တိုဘာ ၂

ဒိုက်ဦးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၆၉/၁-၂)ကြားတွင် စက်တင်ဘာ ၂၆ ရက်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အုတ်ရှစ်ကုန်းအမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

အမှုဖွင့်အရေးယူ

ထိုသို့စစ်ဆေးရာ ရန်ကုန်မှ နေပြည်တော်သို့ ပေါင်းတည်မြို့ မှတ်တိုင်လမ်း ဘွဲ့ပင်ကန်ရပ်ကွက်နေ အေးကို(၅၂နှစ်)မောင်းနှင်လာသော ၈ဈ/ --- မန္တလာမင်း ခရီးသည်တင်ယာဉ်သည် ရှေ့အောက်တန်းကျိုး၍ လမ်းယာဘက်မြေသားလမ်းပေါ်သို့ထိုးကျပြီး ယာဘက်ကြောမှ ကပ်မောင်းပါ ဆိုင်းဘုတ်ကို ဝင်ရောက်တိုက်မိရာ ယာဉ်၏ရှေ့လေကာမှန်ကွဲ၍ ဝဲဘက်ရှေ့မီးလုံးကွဲပြီး ရှေ့ဘန်ဘာပြုတ်ထွက်၊ ရှေ့ဝဲဘက်အဆင်း/အတက်တံခါး ကျိုးပဲ့ပျက်စီးဆုံးရှုံးခဲ့သဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ အေးကို(၅၂နှစ်)အား အုတ်ရှစ်ကုန်းအမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ဆင့်ကဲထပ် ယာဉ်တိုက်မှုဖြစ်

ရန်ကုန် အောက်တိုဘာ ၂

မရမ်းကုန်းမြို့နယ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းမကြီးပေါ်တွင် ဆင့်ကဲဆင့်ကဲထပ် ယာဉ်တိုက်မှုကို အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင် ဂျူးဘားလမ်း အမှတ် ၈၀/၄၄ နေ မောင်အောင်နိုင်ထွန်း (၃၇နှစ်) သည် မင်္ဂလာဒုံ-လှိုင်သာယာ ပြေးဆွဲနေသော မြောက်ပိုင်းခရိုင်မထသလိုင်း အမှတ် ၁၂၀ ခရီးသည်တင် သ/--- ဒိုင်နာ အစိမ်းရောင် မော်တော်ယာဉ်ကို ကျိုက်ဝိုင်းဘုရားလမ်းမကြီးအတိုင်း ရှေ့မှနောက်သို့မောင်းနှင်လာစဉ် သမိုင်းလမ်းဆုံမီးပွိုင့်အနီး သမိုင်းကဖီးဆိုင်ရှေ့အရောက် ကလပ်ချော်ဘရိတ်ပေါက်ကာ ဟိုက်လတ်ဆပ်(ဖ်)ကိုယ်ပိုင်ယာဉ်ကို အရှိန်ပြင်းစွာ တိုက်မိ၍ နောက်ထပ်တက္ကဆီ အငှားယာဉ်ဆလွန်းကား လေးစီးဆင့်ကဲဆင့်ကဲ ထပ်တိုက်မိကြသည်။ **(၀၁၅)**

ဦးဝိစာရလမ်းပေါ်၌ ကုန်တင်ကားတိမ်းမှောက်

ရန်ကုန် အောက်တိုဘာ ၂

အောက်တိုဘာ ၁ ရက် နံနက် ၆ နာရီခွဲခန့်က သီရိမင်္ဂလာဈေးသစ်မှ ကုန်စိမ်းများနှင့် ကုန်စိမ်းရောင်းသူများကို တင်ဆောင်လာသည့် လိုက်ထရပ်ငွေရောင်ယာဉ်သည် ဓမ္မစေတီလမ်းဘက်မှ ဦးဝိစာရလမ်းအတိုင်း မောင်းနှင်လာစဉ် တော်လှန်ရေးပန်းခြံဘေး ဗဟန်းမြို့နယ်အားကစားကွင်းအနီး မရောက်ခင်၌ ရုတ်တရက် တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ ကားတိမ်းမှောက်မှုကြောင့် ကားထဲတွင်ပါလာသောကုန်စိမ်းရောင်း အမျိုးသမီးများကို နံနက်စောစော ကျန်းမာရေးအတွက် လမ်းလျှောက်သူများကကားအတွင်းမှ တစ်ဦးချင်းထွက်နိုင်ရန်အကူအညီပေးခဲ့ကြသည်။

လမ်းလျှောက်သူအမျိုးသား တစ်ဦးက "ကျွန်တော်က ဦးဝိစာရ ဘက်ကနေ လမ်းလျှောက်လာတာ ကားက အရှိန်တော့ပါတယ်။ ဘယ်လိုဖြစ်ပြီး ဘေးတိုက်လဲသွားတယ် မပြောတတ်တော့ဘူး။ ကားထဲက လူတွေကိုတော့ ဝိုင်းထုတ်ပေးခဲ့တယ်"ဟု ဆိုပါသည်။

ကားမှောက်ရာသို့ ရောက်လာသူများ၏ ဆက်သွယ်ပေးခြင်းကြောင့် နံနက် ၈ နာရီ မိနစ် ၄၀ ခန့်တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် သူနာပြုယာဉ်တစ်စီး ရောက်ရှိလာပြီး ဒဏ်ရာရသူ အမျိုးသမီးသုံးဦးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

ကျေးဇူးဆပ်ပါမည်

Dote Hta Waddy Princess ကုမ္ပဏီလီမိတက်မှ သွင်းကုန်လိုင်စင်အမှတ် MQIL 113 14 2517 မှာ နေပြည်တော် ကောင်စီနယ်မြေအတွင်း ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၂၀၅၈၇၉၊ ၀၉-၆၂၀၇၀၀၁၄၂

ကျေးဇူးဆပ်ပါမည်

ကျွန်မ မထားခွန် ၄/ထတလ(နိုင်) ၀၅၇၂၂၀ ၏ မြန်မာနိုင်ငံကူးလက်မှတ် မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၅၃၈၅၃၃၈

သွေးသည် အသက်

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသန့်ဇော်ဦး ၁၂/ဥကတ(နိုင်)၁၅၀၄၂၉ ပိုင် မုဒိတာ တန်ဖိုးနည်းအိမ်ရာ၊ အခန်း A-၈၀၉ ၏ စာရွက်စာတမ်းမူရင်းအချို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၀၂၀၁၅၁

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသိန်းဇော် ၈/တတက(နိုင်) ၀၄၂၄၀၉ ၏ မြန်မာနိုင်ငံကူးလက်မှတ် M-၅၄၃၃၃၆ သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၆၇-၄၁၇၁၁၄

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်လူချမ်းဟို ၁၂/လမန(နိုင်) ၁၂၅၃၀၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် ၇၇၂၃၃ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၂၃၇၅၄၁၅၈

ပြည်တွင်းသတင်း

အမေရိကန်အခြေစိုက် Ford မော်တော်ကားသစ်များ ပြည်တွင်း၌ ဝယ်ယူနိုင်မည်

ခင်ရတနာ

နေပြည်တော် အောက်တိုဘာ ၂

အမေရိကန်နိုင်ငံ အခြေစိုက် Ford မော်တော်ကားထုတ်လုပ်ရေးနှင့် မြန်မာနိုင်ငံသား ကုမ္ပဏီတစ်ခုဖြစ်သော Capital Automotive တို့ အကျိုးတူပူးပေါင်းကာ ပထမဆုံး မြန်မာနိုင်ငံအတွင်း အရောင်းပြခန်း တစ်ခု ရန်ကုန်မြို့၌ ဖွင့်လှစ်ရန်ရှိကြောင်း သတင်းရရှိသည်။

"ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံရဲ့ ကားဈေးကွက်အခြေအနေကို လေ့လာပြီး အသင့်တော်ဆုံးဖြစ်မယ့် မော်တော်ယာဉ်တွေ တင်သွင်းရောင်းချပေးမှာဖြစ်ပါတယ်။ လက်ရှိမှာ စက်ရုံတည်ဆောက်ရေး အခြေအနေတွေအထိ ရေရှည်စီမံကိန်းအနေနဲ့ စဉ်းစားထားပြီး လက်ရှိမှာတော့ အရောင်းပြခန်းတစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပါပြီ။ ကျွန်တော်တို့ရဲ့ Ford မော်တော်ယာဉ်တွေက ဆီစားသက်သာပြီး အကြမ်းခံတဲ့ ကားတွေမို့ မြန်မာနိုင်ငံရဲ့ သုံးစွဲသူတွေအတွက် အကောင်းဆုံးတွေ ပေးစွမ်းနိုင်မှာဖြစ်ပါတယ်" ဟု Ford ၏ General Sales Manager Mr.Paul Varley က ပြောကြားသည်။ အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ MICC ၌ အဆိုပါ Capital Automotive မှတင်သွင်းသည့် Ford မော်တော်ယာဉ်အရောင်းပြခန်း ဖွင့်လှစ်ရန် မိတ်ဆက်ခြင်းနှင့် နိုင်ငံတော်အစိုးရထံသို့ အသစ်တင်သွင်းထားသည့် Ford အမှတ်တံဆိပ် ယာဉ်တစ်စီး ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ကျင်းပခဲ့သည်။

"ကျွန်တော့်အနေနဲ့ ဝါသနာပါတဲ့ မော်တော်ယာဉ်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ပွင့်လင်းလာတဲ့ စီးပွားရေးအခြေအနေအရ ပြည်ပက ကားအမှတ်တံဆိပ်ကို ရွေးချယ်တဲ့အခါ မြန်မာနိုင်ငံရဲ့ လက်ရှိအသုံးပြုနေတဲ့ ဈေးကွက်ကို အရင်ဆုံးလေ့လာခဲ့ပါ

Ford ၏ General Sales Manager Mr.Paul Varley

တယ်။ ကျွန်တော်အပါအဝင် အများစုက တစ်ပတ်ရစ်ကားတွေကိုသာ အသုံးပြုခဲ့ကြရာက ကားသစ်တွေစီးနင်းမောင်းနှင်ရတဲ့ အတွေ့အကြုံကို မျှဝေပေးချင်ခဲ့ပါတယ်။ ဒါကြောင့် ကမ္ဘာကျော် အမှတ်တံဆိပ်တစ်ခုလည်း ဖြစ်ပြီး ၂၀၁၃ ခုနှစ်အတွက် လေ့လာစမ်းသပ်ချက်တွေအရ အကြမ်းခံ၊ ဆီစားသက်သာပြီး အင်ဂျင်ပါဝါသေးတဲ့ Ford ကားတွေတင်သွင်းဖို့ အကောင်အထည်ဖော်ခဲ့ရခြင်း ဖြစ်ပါတယ်"ဟု Capital Automotive ကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဦးခင်ထွန်းက ပြောပြသည်။

အခမ်းအနား၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားခဲ့ပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက Capital Automotive ကုမ္ပဏီလီမိတက်မှ နိုင်ငံတော်သို့ လှူဒါန်းသည့် Ford အမှတ်တံဆိပ် မော်တော်ယာဉ် စာရွက်စာတမ်းများကိုလက်ခံရယူကာ ကျေးဇူးတင်ဂုဏ်ပြုလွှာပြန်လည် ပေးအပ်ခဲ့သည်။

အဆိုပါ ကုမ္ပဏီအနေနှင့် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာ ဈေးကွက်လိုအပ်ချက်များနှင့်လက်ရှိ အခြေခံစီးပွားရေးအရ Single Cab၊ double Cab နှင့် Open Cab ကားများကို အဓိကတင်သွင်း ရောင်းချသွားမည်ဖြစ်ပြီး ကမ္ဘာကျော်မော်တော်ကား အမှတ်တံဆိပ်ဖြစ်ခြင်းကြောင့် နိုင်ငံတကာ သတ်မှတ်စံနှုန်းရှိ Showroom အဆင့်အတန်းများ တည်ဆောက်ခြင်းနှင့်အရည်အချင်းပြည့်မီသည့် ဝန်ထမ်းများ လေ့ကျင့်ပေးရခြင်းကြောင့် ရန်ကုန်မြို့၌သာ စတင်ဖွင့်လှစ်နိုင်သေးပြီးမကြာမီ မန္တလေးနှင့် နေပြည်တော်တို့၌ ဆက်လက်တိုးချဲ့ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂-၁၀-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၈၇၀၀၀-၆၄၆၆၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၈၆၅၀၀-၆၄၆၁၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၆၅-၉၇၈	ကျပ်
ဥရောပ	တစ်ယူရို	၁၃၀၅-၁၃၁၈	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၂	ကျပ်
ထိုင်း	တစ်ဘတ်	၃၁-၃၁. ၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅. ၄	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၅၉	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၀-၃၀၃	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၂၈၀၀-၄၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၆၀၀-၃၅၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၃၅၀၀-၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၂၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၁၆၅၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀-၇၅၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွေဆန်	တစ်အိတ်	၁၇၂၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၀၅၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၈၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၄၈၀
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၃၀-၈၂၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၈၂၅
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၂၀၀-၁၂၅၀
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၃၅၀-၄၆၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၂၀၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၇၀၀-၃၂၀၀
၁၂။ သကြား	တစ်ပိဿာ	၉၇၀-၁၀၇၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

မြန်မာအဆိုတော်များအား ထိုင်းနိုင်ငံမှမြန်မာများက တစ်ခဲနက်အားပေး

လပ်ချ်ပူရီ အောက်တိုဘာ ၂

စက်တင်ဘာ ၂၈ ရက်နှင့် ၂၉ ရက် ညများက မြန်မာနိုင်ငံမှ အဆိုတော်များ သွားရောက်သီဆိုခဲ့ကြသော ထိုင်းနိုင်ငံ လပ်ချ်ပူရီမြို့ရှိ အသီးအနှံများရောင်းချသောဈေးကြီး (တလာစီမွန်)ရှိ စတိတ်ရှိုးပွဲတော်အတွင်း ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။အဆိုပါ စတိတ်ရှိုးပွဲတော်အတွက် လူတစ်ဦးလျှင် ရုံဝင်ကြေးငွေမှာ ထိုင်းနိုင်ငံသုံးဘတ်ငွေ ၄၀၀ သတ်မှတ်ကောက်ခံပြီး တစ်ညလျှင် မြန်မာနိုင်ငံမှ အလုပ်သမားပေါင်း ၄၀၀၀ ကျော်ခန့် လာရောက်ကြည့်ရှုကြသဖြင့် ပွဲစီစဉ်ကျင်းပကြသူများ အဆင်ပြေကြသည်ဟု ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများက ပြောကြားခဲ့သည်။

စိုးဝင်း(SP)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) ဆိပ်ကမ်းမြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ် ၈၅၊ မြေကွက် ၂၉ ဟုခေါ်တွင်သော အလျားပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးတင်မြ အမည်ပေါက် ပါမစ်မြေနှင့် မြေတိုင်းရပ်ကွက် ၈၅၊ မြေကွက်အမှတ် ၃၀ ဟုခေါ်တွင်သော ဦးအုန်းဖေသန်း ဂရန်အမည်ပေါက် မြေကွက်နှင့်ပတ်သက်သူ လက်ရှိပိုင်ဆိုင်သော ဒေါ်အေးရီ ၉/အမဇ(နိုင်)၀၀၀၂၂၆ထံမှ ကျွန်တော်ကိုယ်တိုင် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးကျော်သူရသောင်း
၁၂/ရကန(နိုင်)၀၀၀၆၃၁
ဖုန်း-၀၉-၂၀၂၂၇၅၁၊ ၀၉-၄၉၀၃၁၁၈၉

တစ်ဦးတည်းဖြစ်ကြောင်း

ဦးတင်ရွှေ (MNN-၀၀၇၁၃)နှင့် ဒေါ်မြဝင်း ၁/မညန(နိုင်)၀၇၇၉၀၀တို့၏သား မိုးညှင်းမြို့၊ အထက(၁) န၀မတန်း(D)မှ မောင်တင်အောင်ဝင်းနှင့် မောင်အောင်မျိုးထွန်းသည် တစ်ဦးတည်းဖြစ်ပါသည်။

မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(C_1) မှ မောင်နော်ဆိုင်း၏ မိဘအမည်မှန်မှာ ဦးနော်တောင် ၁/မကန(နိုင်)၀၁၉၉၃၉နှင့် ဒေါ်ရွယ်ဆန် ၁/ကမန(နိုင်)၀၂၂၀၀၅ဖြစ်ပါသည်။

ရက်ပေါင်း ၆၀ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

ဆီးဂိမ်းအားကစားရွာ လာမည့်လတွင် ဖွင့်မည်

နေပြည်တော် အောက်တိုဘာ ၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်(ဆီးဂိမ်း)တွင် တာဝန်ထမ်းဆောင်ကြမည့် တာဝန်ရှိသူများ၊ နည်းပြများနှင့် အားကစားသမားများ တည်းခိုမည့် အားကစားရွာကို နိုဝင်ဘာလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ နေပြည်တော်မှာ ကျင်းပမယ့် ဒီဆီးဂိမ်းပြိုင်ပွဲကြီးမှာ ပါဝင်ကြမယ့် နိုင်ငံအလိုက်အားကစားသမားများနဲ့ နည်းပြနှင့် တာဝန်ရှိသူများ၊ မီဒီယာသမားများ တည်းခိုစားသောက်နိုင်မည့် အားကစားရွာကို နိုဝင်ဘာ ၂၄ ရက်မှာ ဖွင့်လှစ်သွားဖို့ စီစဉ်ထားပါတယ်။ ဒီအားကစားရွာကို CLUSTER ၁၀ ခုဖြင့် ဖွဲ့စည်းထားပါတယ်။ နိုင်ငံအလိုက် အားကစားသမားများ၊ နည်းပြနှင့် တာဝန်ရှိသူများ တည်းခိုနိုင်မည့် CLUSTER အလိုက် စီစဉ်ထားပါတယ်"ဟု အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်လွင်က ရေဆင်းတက္ကသိုလ်၌ ကျင်းပသော LO/VO သင်တန်းတွင် ပြောကြားလိုက်သည်။

"ကျွန်တော်တို့ ဒီအားကစားရွာမှာ အနည်းဆုံး ၂၄၄၂ ဦး တည်းခိုနိုင်မှာဖြစ်ပါတယ်။ ဒီအားကစားရွာအပြင် ဟိုတယ်တွေမှာလည်း တည်းခိုကြမှာဖြစ်ပါတယ်။ အားကစားရွာမှာ အဓိကအားဖြင့်တော့ အားကစားသမားတွေ သွေးပူလေ့ကျင့်ခန်းလုပ်နိုင်တဲ့ နေရာတွေ၊ ငွေလဲကောင်တာ၊ ဖျော်ဖြေရေးစင်တာ၊ စားရိပ်သာ၊ ဘာသာကြီးလေးမျိုး ဝတ်ပြုနိုင်တဲ့နေရာတွေလည်း ပါဝင်မှာဖြစ်ပါတယ်"ဟု အားကစားရွာတာဝန်ရှိသူ ဦးအောင်မျိုးဝင်းက ရှင်းပြသည်။

အဆိုပါ အားကစားရွာတွင် ဆီးဂိမ်းပြိုင်ပွဲကျင်းပရေးရုံးများ၊ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီရုံးများ၊ မီဒီယာစင်တာများ၊ Flag Mall အစရှိသဖြင့် အားကစားသမားများအတွက် စီမံခန့်ခွဲရေးဆိုင်ရာ ရုံးများလည်း ပါဝင်သည်။ ၄င်းအားကစားရွာသို့ စတင်ဖွင့်လှစ်ချိန်မှစပြီး လာရောက်တည်းခိုနိုင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းအားကစားရွာသည် ပျဉ်းမနား-တောင်ညိုကားလမ်းဘေးတွင် တည်ရှိပြီး ဖွင့်ပွဲပိတ်ပွဲကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီး အနီး၌ တည်ရှိသည်။ **မောင်ရွှေရိုး**

အားကစားရွာရှိ MYASOC ရုံးနှင့် အိုလံပစ်ကော်မတီရုံးကို တွေ့ရစဉ်။

"ရွှေခေတ်ရောက်ပြီ" ဆီးဂိမ်းဂုဏ်ပြုတေးသီချင်း ထုတ်လွှင့်မည်

ရန်ကုန် အောက်တိုဘာ ၂

ဆီးဂိမ်းပွဲတော် နီးကပ်လာပြီ။ နယ်ပယ်စုံတွင် လစ်ဟာမှုမရှိရန် ကြိုတင်ပြင်ဆင်နေကြပြီဖြစ်သည်။ ဆီးဂိမ်းပွဲတော်ကို မြန်မာပြည်သူများ အားလုံး နိုးကြားတက်ကြွစွာ အားပေးနိုင်ရေးအတွက် ဆီးဂိမ်းဂုဏ်ပြုတေးများလည်း ရုပ်မြင်သံကြားလိုင်းများမှ ထုတ်လွှင့်ပေးလျက်ရှိသည်။ ဆက်လက်ပြီး ဆီးဂိမ်းဂုဏ်ပြုတေးသစ် ထုတ်လွှင့်ရန် မြန်မာနိုင်ငံဂီတအစည်းအရုံး၏ အစီအစဉ်ဖြင့် ဒါရိုက်တာကျော်နှင်းဆီက ရိုက်ကူးနေပြီဖြစ်သည်။

"အခုရိုက်ကူးနေတဲ့ သီချင်းက ရွှေခေတ်ရောက်ပြီ သီချင်းဖြစ်ပြီး ဂီတမှူး ဝင်းကို ဖြစ်ပါတယ်။ ဆီးဂိမ်းမှာ မြန်မာအားကစားသမားတွေ အောင်ပွဲတွေရရှိစေဖို့ ခွန်အားဖြစ်စေဖို့အတွက် ရည်ရွယ်ပြီး ရိုက်ကူးနေတာဖြစ်ပါတယ်။ တီးဝိုင်းနဲ့ သီဆိုဟန်၊ အကအဖွဲ့တွေရဲ့ လှုပ်ရှားဟန်၊ မြန်မာနိုင်ငံအလံတွေလည်းပါဝင်ပြီး ကြည့်ရှုရတဲ့ပြည်သူတွေရဲ့စိတ်ထဲမှာ မြန်မာတွေ အောင်ပွဲရရှိရေး စိတ်ဓာတ်နိုးကြားစေအောင် ရိုက်ကူးထားပါတယ်"ဟု ဒါရိုက်တာကျော်နှင်းဆီက ပြောပြသည်။

ရန်ကုန်မြို့ အမျိုးသားအားကစားလေ့ကျင့်ရေးရုံ(သုဝဏ္ဏ)၏ အဝင်ဝတွင် အဆောက်အအုံကို နောက်ခံထားပြီး သီချင်းနှင့်လိုက်ဖက်သည့် ပြကွက်များရရှိရန် စီစဉ်ညွှန်ကြားရိုက်ကူးနေသော ဒါရိုက်တာကျော်နှင်းဆီနှင့် စက်အဖွဲ့သားများ၊ ပါဝင်လှုပ်ရှားနေသည့် လူငယ်များကို တွေ့ရသည်။

ဆီးဂိမ်းဂုဏ်ပြုတေးများကို ရုပ်မြင်သံကြားလိုင်းများမှ ထုတ်လွှင့်ပြသပေးလျက်ရှိရာ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းအတွက် တစ်နိုင်ငံလုံးပါဝင်အားပေးရန် နှိုးဆော်ပေးလျက်ရှိသည်။ ဆီးဂိမ်းပွဲတော်တွင် ရုပ်ရှင်၊ ဂီတ အနုပညာရှင်များကလည်း ဆီးဂိမ်းပွဲတော်ကြီးတွင် မိမိတို့တတ်ကျွမ်းသည့် အနုပညာများဖြင့် ပုံဖော်ရိုက်ကူး တင်ဆက်ကာ အောင်မြင်မှုရရှိရေး ကူညီပံ့ပိုးပေးလျက်ရှိနေသည်။ **(မြန်မာ့အလင်း)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို အမျိုးသမီးဘော်လီဘောပြိုင်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို Pre-SEA Games Volleyball Test Match 2013 ဒုတိယနေ့ပြိုင်ပွဲအဖြစ် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘော်လီဘောအသင်းနှင့် ဩစတြေးလျ Norwood Bears Club လက်ရွေးစင် အမျိုးသမီးဘော်လီဘောအသင်းတို့ နေပြည်တော် ဇေယျာသီရိအားကစားရုံ (B)၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

အနိုင်ရ

ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘော်လီဘောအသင်းက ဩစတြေးလျ Norwood Bears Club လက်ရွေးစင် အမျိုးသမီးဘော်လီဘောအသင်းကို ၂၅-၁၅ မှတ်၊ ၂၅-၂၂၊ ၁၈-၂၅၊ ၂၅-၁၉ မှတ်ဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

ကျေးဇူးဆပ်ပါမည်

ကျွန်တော် စိုင်းပြည့်ဖြိုးအောင် ၁၂/မရက(နိုင်)၁၄၀၉၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် M-၈၄၃၀၂၂ မှာ ပျောက်ဆုံးသွားခဲ့ပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၃၁၀၇၃၃၈၁**

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်ဝင်းထွန်း ၇/ကဝန(နိုင်)၁၁၈၅၂၇၏ နိုင်ငံကူးလက်မှတ် PP-971003 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၀၇၄၄၅၁**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် ၇၇၇၊ မြေညီထပ်၊ မျက်နှာမူလျက်(ညာ)ဟု ခေါ်တွင်သည့် တိုက်ခန်းနှင့်တွယ်ကပ် ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ရှင်များဖြစ်ကြသော ဦးဝင်းကြည် ၁၂/လသန(ပြု)၀၀၀၅၃၀ နှင့် ဒေါ်ခင်ဝီ ၁၂/လသန(နိုင်)၀၁၅၃၇၀ တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)
LL.B, DBL, DML, DIL, DLP, WIPO (Switzerland)
ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)
B.Sc, Hon (IC), HGP, R.L, D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် (၂၇)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၄၈၆၆၊ ၂၉၄၇၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄

အများပြည်သူသိရှိရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅/ရွှေလင်ပန်းစက်မှုဇုန်၊ မြေကွက်အမှတ် (၃၀၀+၃၀၁)၊ မြေဧရိယာ ၂ဒသမ ၇၁၃+၂ဒသမ ၇၁၃ ဧက=စုစုပေါင်း ဧရိယာ ၅ဒသမ ၄၂၆ ဧက အကျယ်အဝန်းရှိ ယခုအခေါ်အမှတ် ၃၀၀/၃၀၁၊ ဆရာရှမ်းလမ်း၊ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော ပါမစ်မြေအမျိုးအစား မြေကွက်(၂)ကွက်နှင့်ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပါမစ်ချထားခြင်းခံရသူ ဦးအောင်သိန်း(ဘ)ဦးအိုင်ဖောင်ကွင်း ၁၂/အလန(နိုင်)၀၁၈၁၈၂ ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေကွက်နှစ်ကွက် အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေလမင်း(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၈၂၆၆)
အမှတ် ၆၅၃၊ မင်္ဂလာသီရိလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၉-၄၃၁၄၄၇၀၄

ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့သည် အောက်ဖော်ပြပါ မော်တော်ယာဉ်(၁၁၉)စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	Pajero	၁ စီး
(ခ)	Van	၅၉ စီး
(ဂ)	Pick Up	၅၉ စီး

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းများအား မော်တော်ယာဉ်တင်သွင်းမည့် ပုဂ္ဂိုလ်/သက်ဆိုင်ရာ ကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင်(သို့မဟုတ်)၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံများအား တစ်စုံလျှင် ၂၀၀၀၀ိ/-(ကျပ်နှစ်သောင်းတိတိ)ဖြင့် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့တွင် ၁-၁၀-၂၀၁၃ ရက်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံကို တရားဝင်ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကိုသာ လက်ခံမည်ဖြစ်ပါသည်။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံသည် မူရင်းဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့် ပုံစံဖြစ်ရပါမည်။

၅။ ဈေးပြိုင်အဆိုပြုလွှာများကို အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့ထံလိပ်မူ၍ ၁၄-၁၀-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထားပြီး ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့ရှိ တင်ဒါပုံးအတွင်းသို့ တင်သွင်းရမည်ဖြစ်ပါသည်။

၆။ ဈေးပြိုင်အဆိုပြုလွှာဖွင့်ပွဲကို ၁၅-၁၀-၂၀၁၃ ရက် ၁၀း၀၀ နာရီတွင် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့တွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၈၁-၂၀၂၈၈နှင့် ၀၈၁-၂၂၂၃၄၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၈။ ၁-၁၀-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၃ ပါ ကြော်ငြာအား ဤကြော်ငြာဖြင့် ပြင်ဆင်လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အုပ်ချုပ်ရေးမှူး
ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
တောင်ကြီးမြို့

ဖခင်အမည်မှန်

၂၀၁၃-၂၀၁၄ပညာသင်နှစ် ထ-၅၊ ကမာရွတ်၊ တက္ကသိုလ်ဝင်တန်း(C) မှ မောင်စည်သူအောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်နန္ဒာအောင် ၁၂/ကမရ(နိုင်)၀၀၆၈၃၄ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ ဝန်တင်တပ်ကွင်း၊ အကွက်အမှတ်(၁)၊ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးမင်းသူ ၁၃/လရန(နိုင်)၀၇၁၅၀၄ထံမှ ဝယ်ယူပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးဇော်လွင်
ဖုန်း-၀၉-၄၉၃၄၃၅၇၆

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မိုင်းဖြတ်ခရိုင်၊ မိုင်းယောင်းမြို့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုငွေဖြင့် အဆောက်အအုံ၊ လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံချောင်းရှယ်စုံအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

- သံချောင်းရှယ်စုံ — ၄၂ တန်
- တင်ဒါလျှောက်လွှာပိတ်ရက် — ၁၅-၁၀-၂၀၁၃ ရက်
- တင်ဒါလျှောက်လွှာပိတ်မည့်အချိန် — မွန်းတည့် ၁၂း၀၀နာရီ

၂။ တင်ဒါလျှောက်လွှာများကို အောက်ဖော်ပြပါနေရာများတွင် ၂-၁၀-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ မိုင်းဖြတ်မြို့။
- မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး၊မိုင်းယောင်းမြို့

၃။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များအား ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ
ဖုန်း-၀၈၄-၆၃၃၀၉၊ ၀၈၄-၆၅၀၁၄၊ ၀၉-၈၃၀၁၃၅၂

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးနေအိမ် ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိုင်းယန်းမြို့တွင် ၃၀-၉-၂၀၁၃ ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလျှောက်လွှာပိတ်ရက် - ၄-၁၀-၂၀၁၃ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ၁၆း၃၀ နာရီ

၃။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဖုန်း-၀၉-၂၅၀၁၃၁၇၀၀၊ ၀၉-၂၅၀၁၃၁၇၈၇၊ ၀၉-၂၅၀၁၃၁၆၅၂
တင်ဒါစိစစ်ရေးကော်မတီ
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မိုင်းယန်းမြို့

ပျောက်ဆုံး

ဒေါ်တင်မျိုးကျော် ၉/မနမ(နိုင်)၁၁၈၃၁၅၏ မော်တော်ကားအရောင်းစင်တာတွင် မော်တော်ကားဝယ်ခွင့် ScP 13-14 7643 19/08/13 လိုင်စင်နံပါတ်ပါ ကားပါမစ်စာရွက်စာတမ်းမူရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

နိုင်ငံတကာအားကစားသတင်း

ယူရိုပါလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်-၂ (သီဟ)

အောက်တိုဘာ ၃ ရက်

အန်ဇီ	-	**စပါး**	ည ၁၀း၃၀
ကူဘန်ခရက်စ်နိုဒါ	-	**ဗလင်စီယာ**	ည ၁၀း၃၀
ရှုဘင်ကာဖန်	-	ဇူလ်တီဝါရီဂမ်	ည ၁၀း၃၀
ရုက်တာကာရာဂန်ဒီ	-	မက္ကာဘီဟိုင်ဖာ	ည ၁၀း၃၀
အဲလ်ခမာ	-	**PAOK**	ည ၁၁း၃၀
ရီဂျက်ကာ	-	**ဘက်တစ်**	ည ၁၁း၃၀
လီဂီယာဝါဆော	-	အပိုလွန်လီမောဆိုး	ည ၁၁း၃၀
လိုင်ယွန်	-	ဂွီမာရေးစ်	ည ၁၁း၃၀
ဂျန့်ခ်	-	အက်ဖ်စီသွန်း	ည ၁၁း၃၀
ရက်ပစ်ဝီအန်	-	ဒိုင်နမိုကိဗ်	ည ၁၁း၃၀
ဆီဗီလာ	-	ဖရိုင်းဘတ်	ည ၁၁း၃၀
ဆလိုဗန်လီဘာရက်	-	အက်စ်တိုရီ	ည ၁၁း၃၀
ထရက်ဖွန်စပါ	-	**လာဇီယို**	ည ၁၁း၃၀
ထရန်မ်ဆို	-	**ရှရစ်ဖ်**	ည ၁၁း၃၀

အောက်တိုဘာ ၄ ရက်

အေပိုး	-	ဖရန့်ဖတ်	နံနက် ၁း၃၅
ဘော်ဒိုး	-	**မက္ကာဘီတဲလ်အဗစ်**	နံနက် ၁း၃၅
ချာနိုမိုရက်စ်	-	PSV	နံနက် ၁း၃၅
ဒီနီပရို	-	**ဖီအိုရင်တီးနား**	နံနက် ၁း၃၅
အဲလ်ဘော့	-	**စတန်းဒက်လီဂီ**	နံနက် ၁း၃၅
အက်စ်ဘတ်	-	ဆဲလ်ဘတ်	နံနက် ၁း၃၅
လူဒိုဂိုရက်စ်	-	**ဒိုင်နမိုဇာဂရက်**	နံနက် ၁း၃၅
ပါကို့စ်ဖာရဲရား	-	**ပန်ဒူရီ**	နံနက် ၁း၃၅
ဆွမ်ဆီး	-	စိန့်ဂယ်လန်	နံနက် ၁း၃၅
ဝီဂန်	-	**မာရီဘော**	နံနက် ၁း၃၅

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်-၂ ဘောလုံးပွဲရလဒ်များ

ပေါ်တို	၁-၂	အက်သလက်တီကို
အိုင်းယက်စ်	၁-၁	အေစီမီလန်
ဆဲလ်တစ်	၀-၁	ဘာစီလိုနာ
ဘေဆယ်လ်	၀-၁	ရှော်လ်ကေး
ဒေါ့မွန်	၃-၀	မာဆေး
အာဆင်နယ်	၂-၀	နာပိုလီ
ဇင်းနစ်	၀-၀	ဝီအန်
စတူအာဘူခါရက်စ်	၀-၄	ချယ်လ်ဆီး

မော်ရင်ဟိုနဲ့ဝင်းဂါးတို့ ပြုံးပျော်ခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွေ အောက်တိုဘာ ၂ ရက် နံနက်က ဆက်လက်ကစားတဲ့အခါ နည်းပြအာစင်ဝင်းဂါးဆုံးဖြတ်ထားသလို အာဆင်နယ်နိုင်ပွဲရခဲ့ပြီး မော်ရင်ဟိုရဲ့ ချယ်လ်ဆီးကလည်း ဂိုးပြတ်သွင်းကာ အောင်ပွဲခံနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဘာစီလိုနာနဲ့ ဒေါ့မွန်တို့ကလည်း အနိုင်ရလဒ်တွေပိုက်ပြီး ရှေ့တစ်လှမ်းတက်ဖို့ ခြေလှမ်းတွေပြင်ခဲ့ကြပါတယ်။

အာဆင်နယ်နှင့် နာပိုလီ

အနိုင်ယူမယ်ဆိုတဲ့ စိတ်ဓာတ်ကို အပြင်းစားရိုက်သွင်း ခံထားရတဲ့ အာဆင်နယ်ကစားသမားတွေဟာ ပွဲစတင်ကတည်းက တိုက်စစ်ဖွင့်ပြီး ဂိုးရရှိရေး တရစပ်ကြိုးစားခဲ့ပါတယ်။ နာပိုလီတို့ကတော့ ခံစစ်ဗဟိုပြုပြီး အာဆင်နယ်တိုက်စစ်ကို ဟန့်တားခဲ့ပေမယ့် ပွဲချိန် ၈ မိနစ်မှာပဲ ရမ်ဆေး ဖြတ်တင်ပေးလိုက်တဲ့ ဘောလုံးကို အိုဇေးလ်က သွင်းယူခဲ့လို့ အာဆင်နယ်တို့ အဖွင့်ဂိုးရရှိခဲ့ပါတယ်။ ကွင်းလယ်ကစားကွက် စီးထားနိုင်ခဲ့တဲ့ အာဆင်နယ်ဟာ ပွဲချိန် ၁၅ မိနစ်မှာ အိုဇေးလ်ဖြတ်ပေးလိုက်တဲ့ ဘောလုံးကို ဂီရောင့်သွင်းယူခဲ့လို့ ဒုတိယဂိုးရရှိခဲ့ပြီး ဒုတိယပိုင်းမှာ နှစ်သင်းစလုံး ဂိုးထပ်မံမသွင်းနိုင်ခဲ့လို့ အာဆင်နယ်တို့ နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။

စတူအာနှင့် ချယ်လ်ဆီး

ဒီပွဲနိုင်မှဖြစ်မယ့် ချယ်လ်ဆီးဟာ ၄း၃း၃ ကစားကွက်နဲ့ တောရက်စ်၊ မာတာ၊ ဂူယာလီတို့တိုက်စစ်အတွဲနဲ့ ဂိုးတွေရအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ပွဲချိန် ၁၉ မိနစ်မှာ အီတူး ဖြတ်ပေးလိုက်တဲ့ ဘောလုံးကို ရာမီရက်စ်က ကန်သွင်းခဲ့လို့ အဖွင့်ဂိုး ရရှိခဲ့ပါတယ်။ ပွဲချိန် ၄၄ မိနစ်မှာ အီတူး ကန်သွင်းချက်ကို စတူအာဂိုးသမား ပုတ်ထုတ်ရာမှာ နောက်ခံလူ ယက်ဗ်စကီးနဲ့ထိပြီး ဂိုးဝင်သွားတာမို့ ချယ်လ်ဆီးတို့ ဒုတိယဂိုးရရှိခဲ့ပါတယ်။ ပွဲချိန် ၅၅ မိနစ်မှာ ရာမီရက်စ်က တစ်ဂိုး ထပ်မံသွင်းယူပြီး မိနစ် ၉၀ မှာ လမ်းပတ်က တစ်ဂိုးသွင်းယူခဲ့တာမို့ ပွဲအပြီးမှာ ချယ်လ်ဆီးတို့ လေးဂိုးပြတ်နိုင်ပွဲရရှိခဲ့တာ ဖြစ်ပါတယ်။

ဆဲလ်တစ်နှင့် ဘာစီလိုနာ

မက်ဆီမပါတဲ့ ဘာစီလိုနာဟာ အဝေးကွင်းဆိုပေမယ့် ဆဲလ်တစ်ကို ဖိအားပေး ကစားနိုင်ခဲ့ပါတယ်။ ပထမပိုင်းပွဲချိန်အတွင်းမှာ နေမာရဲ့ အပိုင်ကန်သွင်းချက် လွဲချော်ခဲ့လို့ နစ်နာခဲ့ရပါတယ်။ ဒုတိယပိုင်းမှာ ကွင်းတစ်ဝက်အထိ ဖိကစားခဲ့တဲ့ ဘာစီလိုနာဟာ ပွဲချိန် ၇၆ မိနစ်မှာ ဘယ်ခြမ်းက အက်ဒရီယာနိုဖြတ်ပို့ပေးလိုက်တဲ့ဘောလုံးကို ဖာဘရီဂတ်စ်က သွင်းယူခဲ့လို့ ဂိုးရရှိခဲ့ပြီး အဲဒီဂိုးနဲ့ပဲ နိုင်ပွဲရခဲ့တာ ဖြစ်ပါတယ်။

ဒေါ့မွန်နှင့် မာဆေး

ဒေါ့မွန်အတွက် လီဝမ်ဒေါ်စကီးက အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီး ၅၂ မိနစ်မှာ မာကိုရူးစ်က သွင်းယူခဲ့လို့ ဒေါ့မွန်တို့ ဒုတိယဂိုးရရှိခဲ့ပါတယ်။ ဒေါ့မွန်အတွက် တတိယဂိုးကို ၇၉ မိနစ်မှာ ပယ်နယ်တီရရှိပြီး လီဝမ်ဒေါ်စကီးက သွင်းယူခဲ့လို့ ဒေါ့မွန်တို့ ပွဲအပြီးမှာ သုံးဂိုးပြတ်နဲ့ နိုင်ပွဲရရှိခဲ့ပါတယ်။

မိုးမြင့်လင်းလက်

ဗြိတိသျှလက်ဝှေ့သမားချန်ပီယံဆု ကာကွယ်မည်

ဗြိတိသျှလက်ဝှေ့သမား ဒါရင်ဘာကာသည် ဂျာမနီသား ဖလစ်စတမ်းနှင့် ဒီဇင်ဘာ ၇ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ဒါရင်ဘာကာက ၎င်း၏ IBF မစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်ကို ပထမဆုံးအကြိမ်အဖြစ် ကာကွယ်ထိုးသတ်သွားရန် စီစဉ်ထားသည်။ အသက် ၃၁ နှစ်ရှိ ဘာကာသည် အဆိုပါချန်ပီယံခါးပတ်ကို ဩဂုတ်လက အတ္တလန္တာစီးတီး၌ ဩစတြေးလျ လက်ဝှေ့သမား ဒန်နီရယ်ဂေးလ်နှင့်ထိုးသတ်ပြီး အမှတ်ဖြင့်နိုင်ခဲ့ခြင်းဖြစ်သည်။ ၃၄ နှစ်ရှိ စတမ်းသည် ချန်ပီယံသုံးကြိမ်ဖြစ်ခဲ့ဖူးပြီး ပြီးခဲ့သည့်နှစ် စက်တင်ဘာလက ဂေးလ်ကို ရှုံးနိမ့်ခဲ့သည်။

ချယ်လ်ဆီးချန်ပီယံလိဂ်အုပ်စု အဆင့်ကျော်နိုင်

ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ်တွင် စတူအာဘူခါရက်ကို လေးဂိုးပြတ်ဖြင့် အနိုင်ရလိုက်သဖြင့် အုပ်စုအဆင့်ကျော်လိမ့်မည်ဟု ယုံကြည်ကြောင်း နည်းပြမော်ရင်ဟိုက ပြောသည်။ သို့သော် အုပ်စု (E)အဖွင့်ပွဲ၌ ချယ်လ်ဆီးတို့ ဘေဆယ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးထားသည်။ မိမိအနေဖြင့် ချယ်လ်ဆီးအသင်း အုပ်စုကျော်လိမ့်မည်ဟု ယုံကြည်မိကြောင်း စကိုင်းစပို့တ်သို့ ပြောကြားသည်။

အိုဇေးလ်ကို အာစင်ဝင်းဂါးချီးကျူး

မိမိတို့ အာဆင်နယ်အသင်းအနေဖြင့် အိုဇေးလ်ကို ရလိုက်တာ ကံကောင်းကြောင်း နည်းပြအာစင်ဝင်းဂါးကပြောသည်။ အိုဇေးလ်က ချန်ပီယံလိဂ်အုပ်စုပွဲ နာပိုလီအသင်းနှင့် ကစားစဉ် ပထမဆုံးသောဂိုးကို သွင်းယူပေးခဲ့သည်။ ၎င်းသည် ရီးရဲမက်ဒရစ်မှ ပေါင် ၄၂ သန်းဖြင့် ပြောင်းရွှေ့လာခြင်းဖြစ်သည်။ အာဆင်နယ်အတွက် ပထမဆုံးသော ဂိုးကိုသွင်းယူပေးခဲ့သည်။ အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်အုပ်စုပွဲနှစ်ပွဲ အနိုင်ရထားပြီး အုပ်စု (F)တွင် ထိပ်ဆုံး၌ ရပ်တည်လျက်ရှိသည်။

ကောင်းမြတ်သူ-စုစည်းသည်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဘအ/၆၅၈၇ Yamaha DT၊ M/Cယာဉ်လက်ဝယ်ရှိသူ ဦးဘောက်နော် ၃/ဘအန(နိုင်)၀၂၂၇၇၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ပြည်နယ်ရုံး(ဘားအံမြို့)**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ယ/၅၇၈၁၈ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နော်ဂျူးခိုကူး ၃/ဘအန(နိုင်)၀၁၃၈၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံး သို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး (ဘားအံမြို့)

ဘဏ္ဍာရေးဝန်ကြီးဌာန
ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေးနှင့်ဆုချီးမြှင့်ရေးကော်မတီ
ဖဲကြိုးနှင့်ဆုတံဆိပ်ထည့်ဘူးများဝယ်ယူရေး တင်ဒါခေါ်ယူခြင်းကိစ္စ

၁။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်းများအလိုက် ဆုရရှိသော အားကစားသမားများအား ဆုချီးမြှင့်မည့်ဆုတံဆိပ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) ရွှေတံဆိပ် ၁၃၃၁ ခု
(ခ) ငွေတံဆိပ် ၁၃၃၁ ခု
(ဂ) ကြေးတံဆိပ် ၁၆၈၈ ခု
စုစုပေါင်း ၄၃၅၀ ခု

၂။ အဆိုပါဆုတံဆိပ်များတွင် တပ်ဆင်အသုံးပြုနိုင်ရန်အတွက် ဆုတံဆိပ်တစ်ခုလျှင် ဝါ၊ စိမ်း၊ နီ (၃)ရောင်ပါဖဲကြိုးနှင့် ဆုတံဆိပ်များထည့်သွင်းရန်အတွက် အနီရောင်ဆုတံဆိပ်ထည့်ဘူး ၄၃၅၀ ဘူးအတွက် တင်ဒါခေါ်ဝယ်ယူလိုပါသည်။ အသေးစိတ်အတိုင်းအတာအရွယ်အစားများမှာ တင်ဒါလမ်းညွှန်ချက်အဖြစ် တင်ဒါပုံစံဝယ်ယူရာတွင် ပါရှိပါမည်။

၃။ အထက်ပါဖဲကြိုးနှင့် ဆုထည့်ဘူးတင်ဒါပုံစံများအား ၇-၁၀-၂၀၁၃ ရက်မှစတင်၍ ၁၁-၁၀-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း ရုံးအမှတ် ၄၆၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်နှင့် အမှတ်၅၉/၆၁ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး၊ ရန်ကုန်မြို့တွင် ရောင်းချပေးမည်ဖြစ်ပြီး ၁၆-၁၀-၂၀၁၃ရက်တွင် နောက်ဆုံးထား၍ တင်ဒါလျှောက်လွှာဝယ်ယူရာ နေရာအသီးသီးသို့ ပြန်လည်တင်သွင်းရန်နှင့် တင်ဒါဖွင့်ဖောက်စိစစ်ခြင်းကို ၁၇-၁၀-၂၀၁၃ ရက်တွင် ရုံးအမှတ် ၄၆၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်၌ ဆောင်ရွက်မည်ဖြစ်ပြီး ၁၈-၁၀-၂၀၁၃ ရက်တွင် တင်ဒါအောင်မြင်သူ အမည်စာရင်းအား ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း- ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၁၊ ၀၆၇-၄၃၀၀၇၁နှင့် ၀၆၇-၄၃၀၀၇၃တို့ထံ စုံစမ်း၍ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

အတွင်းရေးမှူး
ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေးနှင့်ဆုချီးမြှင့်ရေးကော်မတီ
(၂၇)ကြိမ်မြောက်၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်အေးဖန် ၁၃/လရန(နိုင်)၀၅၁၂၃၅၏ နိုင်ငံကူးလက်မှတ် ၃၄၂၁၇၆ သည် ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၀၀၅၅၂၉

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဃ/၃၀၃၉ Toyota Vitz၊ Hatch Back ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးကြင် ၁၂/ရကန (နိုင်) ၀၃၅၉၃၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)



ကျေးဇူးဆပ်ပါမည်

ကျွန်တော် တင်ကိုဦး ၃/ဘအန(နိုင်) ၂၉၇၉၂၁ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၃၁၀၇၃၃၈၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ ကျွန်းတော(တောင်)ရပ်ကွက်၊ အမှတ် ၄(ခြောက်လွှာ)ဟုခေါ်တွင်သည့် ဒေါ်သီတာလမင်းထွန်း ၅/ပရန(နိုင်)၀၃၃၅၆၉ ပိုင်ဆိုင်ထားသောတိုက်ခန်းကို ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်နီလာ ၅/ပရန(နိုင်)၁၂၇၂၄၇ထံသို့ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ၁၉-၉-၂၀၁၃ရက်တွင် စရန်ငွေတချို့အားပေးချေပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်သည့်စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်တင့်တင့်ခိုင် LL.B,D.B.L,D.I.L,C.B.L အထက်တန်းရှေ့နေ
အမှတ်(၁၆၆)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်



ရောင်း/ငှားမည်

Bull Dozer, Road Roller, Harvester, Tractor Head, Fuso Truck နှင့် Hino Truck များ ရောင်းရန်၊ ငှားရန် ရှိသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၃၁၁၂၃၃၇၂၊ ၀၉-၄၂၀၇၀၁၈၀၅၊ ၀၉-၃၁၂၇၄၉၃၆

၂၀၁၄ နွေရာသီ၌ ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးဆောင်ရွက်နေ

ရန်ကုန် အောက်တိုဘာ ၂

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို လျှပ်စစ်စွမ်းအင်သုံးစွဲနိုင်မှုနှင့် တိုင်းတာ ချင့်တွက်နိုင်သည်ဟုဆိုသည်။ နယ်ပယ်ကဏ္ဍအသီးသီးတွင် ပြုပြင်ပြောင်းလဲမှုများ ထင်သာမြင်သာ ပြုလုပ်လာသော မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲနိုင်မှု ပိုမိုလိုအပ်လာသည်။

ထိုသို့ မြန်မာနိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ သုံးစွဲမှုနှင့်လိုအပ်မှုများရှိနေမှုနှင့် ပတ်သက်ပြီး "လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်သုံးစွဲနိုင်အောင် ကြိုးစားနေပါတယ်။ လျှပ်စစ်ဓာတ်အားဖူလုံစွာ မရသရွေ့ စက်မှုဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ဖို့ အရှိန်အဟုန်ကောင်းကောင်းမရနိုင်ပါဘူး၊ အခုလျှပ်စစ်ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရေးအတွက် နှစ်တိုနှစ်ရှည်စီမံကိန်းတွေချမှတ်ပြီး ဆောင်ရွက်နေပါတယ်"ဟု ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အစည်းအဝေး၌ စက်တင်ဘာ ၂၈ ရက် နံနက်က ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲ၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက မီဒီယာများအား ပြောကြားသည်။ မြန်မာနိုင်ငံတစ်ဝန်း ၂၀၁၃ ခုနှစ် နွေရာသီက ရေအားလျှပ်စစ်နှင့် ကျောက်မီးသွေး သုံးဓာတ်အားပေးစက်ရုံများမှ ဓာတ်အား၁၃၁၅ မဂ္ဂါဝပ် ထုတ်လုပ်ခဲ့ပြီး သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှ ၃၇၃ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ခဲ့ရာ စုစုပေါင်း လျှပ်စစ်ဓာတ်အား ၁၆၈၈ မဂ္ဂါဝပ် ရှိခဲ့သည်။ သို့သော် ၂၀၁၃ ခုနှစ်နွေရာသီကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းဓာတ်အားသုံးစွဲမှုမှာ စုစုပေါင်း မဂ္ဂါဝပ် ၂၀၆၀ ရှိခဲ့ရာ ဓာတ်အားလိုအပ်ချက် ၃၇၂မဂ္ဂါဝပ် ရှိခဲ့သည်။ ၂၀၁၃ ခုနှစ်နွေရာသီတွင် စွမ်းအင်ဝန်ကြီးဌာနပိုင် စက်ရုံများကို ရပ်တန့်ပြီး ပုဂ္ဂလိကပိုင်သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများသာ လည်ပတ်မောင်းနှင်စေပြီး ဓာတ်အားဖြန့်ဖြူးပေးခဲ့ခြင်းဖြစ်သည်။

ထို့အတူ ၂၀၁၃ ခုနှစ် မိုးရာသီတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ ရေအားလျှပ်စစ်နှင့် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများမှ ဓာတ်အား ၁၅၅၂ မဂ္ဂါဝပ်ထုတ်လုပ်ခဲ့ပြီး သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများမှ ဓာတ်အား ၃၈၁ မဂ္ဂါဝပ်ထုတ်နိုင်ခဲ့သဖြင့် စုစုပေါင်း ၁၉၃၃ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ခဲ့သည်။ သို့သော် ၂၀၁၃ မိုးရာသီကာလအတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ ၁၉၁၄ မဂ္ဂါဝပ်ရှိရာ ၁၉ မဂ္ဂါဝပ်ပိုလျှံမှုဖြစ်ခဲ့သည်။

လာမည့် ၂၀၁၄ ခုနှစ် နွေရာသီတွင်ရေအားစက်ရုံနှင့်ကျောက်မီးသွေးသုံးစက်ရုံတို့မှ၁၄၄၇မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားပြီး သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှ ၇၆၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ရာ စုစုပေါင်း မဂ္ဂါဝပ် ၂၂၁၂ ရရှိမည်ဖြစ်သည်။ သို့သော် ၂၀၁၄ ခုနှစ် နွေရာသီတွင် ဓာတ်အားသုံးစွဲမှုမှာ ၂၃၇၀ မဂ္ဂါဝပ်ခန့် ရှိလာမည်ဖြစ်ရာ ၁၅၈ မဂ္ဂါဝပ် လိုအပ်မည်ဖြစ်သည်။

ထိုသို့ ၂၀၁၄ ခုနှစ် နွေရာသီ ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းရန် စွမ်းအင်ဝန်ကြီးဌာနရတနာနှင့် ဇောတိကသဘာဝဓာတ်ငွေ့မှ ဓာတ်ငွေ့ကုဗပေသန်း ၈၀ အပြင် ဓာတ်ငွေ့ကုဗပေ ၂၂ သန်းထပ်မံရရှိပါက လျှပ်စစ်ဓာတ်အားပမာဏ မဂ္ဂါဝပ်သန်း ၆၀ ထပ်မံရရှိမည်ဖြစ်သည်။ တစ်ဖန်မြင်းခြံအတွက်ရရှိမည့် သဘာဝဓာတ်ငွေ့ကုဗပေသန်း ၂၀ ကို ကျောက်ဆည် Gas Control Station မှ ရယူနိုင်ပါက ကျောက်ဆည်တွင် နွေရာသီအမီ Gas Engine များငှားရမ်းတပ်ဆင်ပြီး လျှပ်စစ်ဓာတ်အားပမာဏ ၁၀၀ မဂ္ဂါဝပ် ထပ်မံရရှိနိုင်မည်ဖြစ်သည်။ အဆိုပါအစီအစဉ်နှစ်ရပ်ဖြင့်၂၀၁၄ နွေရာသီ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ပြည့်မီအောင် ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ထားကြောင်းသိရသည်။ ၂၀၁၄ခုနှစ် မိုးရာသီတွင်မူ ရေအားလျှပ်စစ်နှင့် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများမှ ဓာတ်အား ၁၇၆၄ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများမှ ဓာတ်အား ၈၄၅ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည်ဖြစ်ရာ စုစုပေါင်း ၂၆၀၉ မဂ္ဂါဝပ်ရှိမည် ဖြစ်သည်။ ၂၀၁၄ မိုးရာသီ သုံးစွဲမှုမှာ ဓာတ်အား ၂၂၂၅ မဂ္ဂါဝပ်ခန့်ရှိမည်ဟု ခန့်မှန်းထားရာ ၃၈၄ မဂ္ဂါဝပ်ခန့် ပိုလျှံမည့်အခြေအနေရှိနေကြောင်း သိရသည်။

ထို့ကြောင့် လာမည့်နှစ်နွေရာသီတွင် ဓာတ်အားပြတ်တောက်မှုများ မရှိရန် ဖြည့်ဆည်းထားမှုများကို စီမံဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

သတင်းမှတ်စု-မောင်မောင်မြင့်ဆွေ

ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် ပန္နက်တင်

မြစ်ကြီးနား အောက်တိုဘာ ၂

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ အလျားပေ ၈၀၊ အနံ ၃၄ ပေ၊ အမြင့် ၂၄ ပေ လေးခန်းတွဲ RC နှစ်ထပ်၊ ခြောက်လုံးဆောက်လုပ်ခြင်း ပန္နက်တင်မင်္ဂလာ အခမ်းအနားကို စက်တင်ဘာ ၂၈ ရက် နံနက် ၈ နာရီက မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ အဆိုပါအဆောက်အအုံဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဇော်သိန်းနှင့်ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတို့က သတ်မှတ်နေရာများတွင် မင်္ဂလာပန္နက်တင်ပေးကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများအား တင်ဒါ အောင်မြင်သော ဆောက်လုပ်ရေးကုမ္ပဏီများဖြစ်ကြသည့်မြန်မာမိတ်ကာဟုမ်း ဆောက်လုပ်ရေးကုမ္ပဏီ၊ သိန်းသန်းငွေဆောက်လုပ်ရေးကုမ္ပဏီ၊ Fashion View ဆောက်လုပ်ရေးကုမ္ပဏီတို့မှ လုပ်ငန်းအပိုင်းလိုက်ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ကုမ္ပဏီများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင်အရည်အသွေးပြည့်ဝသော ပစ္စည်းများကိုသာ အသုံးပြုရေးနှင့်သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်ပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။

၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှုမများနိုင်ပါ။

၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Powder Extin guisher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန်မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

မီးသတ်ဦးစီးဌာန

ဆောင်းပါးနှင့်နယ်သတင်း

ပျော်ဘွယ်မြို့ပေါ်ရှိ သီလရှင်ဆရာလေးများအား ဆွမ်းဆန်စိမ်းလောင်းလှူ

ပျော်ဘွယ် အောက်တိုဘာ ၂

ပျော်ဘွယ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ဦးဆောင်ကျင်းပသည့် သီလရှင် ဆရာလေးများအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စက်တင်ဘာ ၂၇ ရက် ညနေ ၃ နာရီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ပျော်ဘွယ်မြို့ပေါ်ရှိ မင်္ဂလာစံကျောင်းမှ သီလရှင် ဒေါ်စိတ္တဝတီ ဦးဆောင်သော သီလရှင်ဆရာလေး အပါး ၈၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ထွေးနှင့်အလုပ်အမှုဆောင်များ၊ မြို့ပေါ် (၈)ရပ်ကွက်မှမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဆွမ်းဆန်စိမ်းများအပြင် လှူဖွယ်ဝတ္ထုများကို စုပေါင်းလောင်းလှူခဲ့ကြကြောင်းသိရသည်။ **(အပေါ်ပုံ)** (၄၄၀)

မြက်ရိတ်စက်နှင့် ရေစုပ်စက်များ လှူဒါန်း

မူဆယ် အောက်တိုဘာ ၂

ရှမ်းပြည်နယ် မူဆယ်ခရိုင် မူဆယ်မြို့ လူငယ်များ သာရေးနာရေးအသင်းအဖွဲ့နှင့်ဦးစိန်ဝင်းနှင့်ညီများ (မန္တလေး)တို့ ပူးပေါင်းပြီး မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် စည်ပင်သာယာရေးဦးစီးဌာနတွင် အသုံးပြုရန် မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သည်ကြီးများအသင်းရုံးခန်းမ၌ စက်တင်ဘာ ၃၀ ရက်က မြက်ရိတ်စက်နှင့်ရေစုပ်စက်များလှူဒါန်းပွဲကို ကျင်းပသည်။

အခမ်းအနားတွင် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံဦးက မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့နယ်များအတွက် လူငယ်သာရေးနာရေးအဖွဲ့က လှူဒါန်းသောရေစုပ်စက်များကို ပေးအပ်ရာ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးများက လက်ခံယူကြသည်။ ထို့နောက် မောင်စိန်ဝင်းနှင့်ညီများကုမ္ပဏီက လှူဒါန်းသော မြက်ရိတ်စက်များကို မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လက်ခံယူခဲ့သည်။ **အယ်လ်စိုး(Iprd)**

ပဋ္ဌာန်းအကြောင်း သိကောင်းစရာ ၁၀ ရက်တိုင် ဟောကြားမည်

ကသာ အောက်တိုဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ အနောက်ကျောင်းကြီး ပရိယတ္တိစာသင်တိုက်ကကြီးမှူး၍ မဟာပဋ္ဌာန်းအကြောင်းသိကောင်းစရာ တရားပွဲကို စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၈ ရက်အထိ ၁၀ ရက်တိုင် အနောက်ကျောင်းကြီးတိုက် မဟာလောက အာရုံခံ တန်ဆောင်းတွင် ညစဉ် ၇ နာရီမှစတင် ဟောကြားလျက်ရှိသည်။ အဆိုပါ မဟာပဋ္ဌာန်းပွဲတော်အကြောင်းသိကောင်းစရာများကို ကောလင်းမြို့နယ် ဆီဆုံကျောင်းတိုက်ဆရာတော် အရှင်အဂ္ဂသာရ (ကေတုမတီ)၊ သာသနဓဇ ဓမ္မာစရိယ၊ ဝိနယဝိဒူ(ဒီဃနိကာယဝိဒူ) တိုင်း သံဃဝိနည်းဓိုရ်က ရှင်းလင်းဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်) အရာရှိအိမ်ရာ၊ ရန်ကုန် အင်းစိန်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၈ဒသမ ၇၇၂၈ကေခန့်တွင် ရန်ကုန် အင်းစိန်လမ်းမဘက်ခြမ်းရှိ မြေဧရိယာတစ်ဝက်အား လုပ်ငန်းဆောင်ရွက်ခွင့်ပေးပြီး အဖိုးအခအဖြစ် ကျန်ဧရိယာတစ်ဝက်တွင် အဆင့်မြင့်ဝန်ထမ်းအိမ်ရာများကို ရေမီးအပြည့်အစုံဖြင့် အောက်ပါအတိုင်း ဆောက်လုပ်လိုပါသည်။

(က) အရာရှိကြီးအိမ်ရာ (လေးခန်းတွဲ ၁၂ထပ်) (၁)လုံး
(ခ) အရာရှိငယ်အိမ်ရာ (ရှစ်ခန်းတွဲ ၁၂ထပ်) (၁)လုံး
(ဂ) အမှုထမ်းအိမ်ရာ (ရှစ်ခန်းတွဲ ၁၂ထပ်) (၃)လုံး
(ဃ) 10 MVA Substation
(င) အခြားဆက်စပ်လုပ်ငန်းများ

၂။ တင်ဒါတင်သွင်းနိုင်ရေးအတွက် တင်ဒါခေါ်ယူလွှာ၊ အသေးစိတ်အချက်အလက်များ ဖော်ပြထားသည့်တင်ဒါပုံစံ၊တင်ဒါစည်းကမ်းများပါဝင်သည့်တင်ဒါစာရွက်စာတမ်းအပြည့်အစုံကို ငွေကျပ် ၁၀၀၀၀၀၀(ကျပ်တစ်သန်းတိတိ)ဖြင့် ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ ငွေစာရင်းအမှတ်သို့ပေးသွင်း၍ ငွေသွင်းချလန်ရယူပြီး ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ စီမံရေးဌာနတွင် ဝယ်ယူနိုင်ပါသည်။ တင်ဒါဝယ်ယူငွေအတွက် မည်သည့်အကြောင်းနှင့်မျှ ငွေပြန်အမ်းမည် မဟုတ်ပါ။

၃။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၅-၁၀-၂၀၁၃ ရက် (အင်္ဂါနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၀-၁၂-၂၀၁၃ ရက် (သောကြာနေ့)၊ ၁၆း၀၀နာရီ
တင်ဒါတင်သွင်းရမည့်နေရာ - ဒုတိယဝန်ကြီးရုံးခန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။

၄။ တင်ဒါစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့်အချက်အလက်များကို အသေးစိတ်သိလိုပါက ဖော်ပြပါလိပ်စာသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

စီမံရေးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
ဖုန်း-၀၆၇-၄၀၈၁၄၀၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆
(Fax) ၀၆၇-၄၀၈၁၉၅

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှ ဆေးဝါးစက်ရုံများအတွက် ဆေးဝါးကုန်ကြမ်း ၇၆ မျိုးအား နိုင်ငံခြားငွေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
စတင်ရောင်းချမည့်ရက် - ၃-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၁-၁၀-၂၀၁၃ ရက် မွန်းလွဲ ၁၆း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၇၅/၄၀၈၂၇၆၊ ၀၆၇-၄၀၈၁၉၅

ရန်ကုန်စီးပွားရေးတက္ကသိုလ်လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC)တွင် အောက်တိုဘာလအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

" Marketing Management Course for Entrepreneurs"

စတင်ဖွင့်လှစ်မည့်ရက်စွဲ - ၇-၁၀-၂၀၁၃ ရက်မှ ၁၆-၁၀-၂၀၁၃ ရက် (ညနေပိုင်း ၈ ရက်သင်တန်း)
သင်တန်းကြေး - ၄၀၀၀၀ (ကျပ်လေးသောင်းတိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။

သင်တန်းစုံစမ်းရန် - ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)
ဖုန်း - ၅၂၂၈၇၅၊ ၅၂၂၈၇၆

မွေးသက္ကရာဇ်အမှန်

ဦးဂိုလန်မိုဟာမက်၏သမီး ပခုက္ကူမြို့၊ အလက(၃)၊ ဆဋ္ဌမတန်း (C)မှ မမြတ်မွန်ကျော်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၃-၂၀၀၂ ဖြစ်ပါကြောင်း။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)သည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အဆောက်အအုံပြုပြင်ထိန်းသိမ်းရေး ဖြည့်စွက်လုပ်ငန်းများ (မြို့ပြ/ရေသန့်)ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါသည်။ စိတ်ပါဝင်စားသော တိုင်းရင်းသားလုပ်ငန်းရှင်များသည် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)သို့ လာရောက်စုံစမ်းလေ့လာကာ တင်ဒါလုပ်ငန်းစာရင်း၊ စည်းကမ်းချက်များနှင့် တင်သွင်းလွှာများအား ရယူပြီး ၁-၁၁-၂၀၁၃ရက် နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအတွင်း နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးနှင့် လုပ်ငန်းကြီးကြပ်စစ်ဆေးရေးအဖွဲ့

ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အနောက်မြို့ပတ်လမ်း၊ အိမ်အမှတ် ဟတ-၂ နေ နန်းမွေဖောင်းနှင့် နန်းမွေခမ်းတို့၏ ဖခင်အမည်မှန်မှာ ဦးစိုင်းသိန်း(ခ)ဦးညီညီ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ၏မိတ်ဆွေ နန်းခင်သီတာမြင့် ၁၃/မဖန(နိုင်)၀၀၉၁၉၁ သည် တာချီလိတ်မြို့၊ ဝိန်းကျောက်အာခါရပ်ကွက်၊ ဟောင်လိတ်အုပ်စု၊ အမှတ် ၂၁၄၊ အလျား ၁၁၈ပေ×အနံ (၆၁၊ ၅၅)ပေရှိ ခြံမြေကွက်အား ဦးနေမျိုးဦး ၉/တကန(နိုင်)၀၉၈၀၅၈ ထံမှ ဝယ်ယူခဲ့ပါသည်။ ယင်းမြေကွက်အား မြေငှားဂရန်လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ ၁၀၅ ရေးကူးခွင့်လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်ဖွန်မင်းဝါဝါ LL.B — **အထက်တန်းရှေ့နေ(စဉ်-၄၀၅၇၄)**
ဒေါ်နန်းစံလွင် LL.B — **အထက်တန်းရှေ့နေ(စဉ်-၃၄၁၂၀)**

၁/၁၉၊ ဗိုလ်ချုပ်လမ်း၊ ဝမ်ကောင်းရပ်၊ တာချီလိတ်မြို့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကျေးရွာအုပ်စုလုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေး

ပုဏ္ဏားကျွန်း အောက်တိုဘာ ၂

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ကျေးရွာအုပ်စုလုံးကျွတ် ဒုတိယအကြိမ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းကို စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက ဦးရာဇ်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးအောင်သန်းတင်က တောင်သူလယ်သမားများ၏ လူမှုအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ပြီး မိမိတို့လယ်ယာမြေများကို သားစဉ်မြေးဆက်ပေါင်နှံ၊ ရောင်းချ၊ ပိုင်ဆိုင်ခွင့်ရရှိနိုင်စေရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှု ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က မြို့နယ်အတွင်း အဆိုပါ လက်မှတ်များထုတ်ပေးရေးဆောင်ရွက်နေမှု လက်ရှိအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စစ်တွေခရိုင် မြေစာရင်းဦးစီးမှူးနှင့် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမောင်ဦးကျော်တို့က လက်မှတ်ထုတ်ပေးရေးဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများနှင့် လာမည့်အောက်တိုဘာလအတွင်း အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ဆက်လက်ပြီး တာဝန်ရှိသူများက အလယ်ကျွန်းကျေးရွာအုပ်စုနှင့် ဒီပါရုံကျေးရွာအုပ်စုများရှိ လယ်သမားများအား ကျေးရွာအုပ်စုလုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို ပေးအပ်ရာ သက်ဆိုင်ရာ ကျေးရွာလယ်သမားများက လက်ခံယူခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)** **သူ(ပုဏ္ဏားမြို)**

ရန်ကုန်ယာဉ်ကြောရှင်းလင်းရန် ယာဉ်ထိန်းနှင့် မထသအဖွဲ့ များ တိုးမြှင့်ဖွဲ့စည်း

ယနေ့ ရန်ကုန်မြို့တော်ကြီး၏ အဓိက သွားလာမှု လမ်းကြောင်းများပေါ်၌ ယာဉ်ကြောကျပ်တည်းမှုမှာ ပိုမိုဆိုးရွားလာသည်။ တနင်္ဂနွေ ရုံးပိတ်ရက်၊ အခါကြီးရက်ကြီး ရုံးပိတ်ရက်များနှင့်ဈေးကြီးများ ပိတ်ရက်မှအပ နေ့စဉ်ပင် ယာဉ်ကြောများ ပိတ်ဆို့လျက်ရှိပြီး ခရီးသွားပြည်သူတို့မှာ ကားများပေါ်တွင်သာ အချိန်ကုန်နေကြရသည်။

သက်ဆိုင်ရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ အနေဖြင့် လမ်းများပေါ်တွင် နေ့စဉ်နှင့်အမျှ ရှင်းလင်းပေးနေကြသော်လည်း ဝန်နှင့်အားမမျှသည့်နှယ် အတိုင်းအတာတစ်ခုအထိသာ ဆောင်ရွက်နိုင်ကြပြီး လမ်းများပေါ်တွင် ယာဉ်များကျပ်ဆဲ တွေ့မြင်နေရသည်။

ပြီးခဲ့သော အပတ် မထသ(ဗဟို)နှင့်ပြည်တွင်းမီဒီယာများတွေ့ဆုံပွဲ၌ မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က "ဖွဲ့စည်းထားတဲ့ လမ်းရှင်းလင်းရေးအဖွဲ့တွေနဲ့ပဲ လုံလောက်လိမ့်မယ်လို့ အစက ထင်ထားခဲ့ပေမယ့် တကယ်တမ်းကျတော့ စည်းကမ်းမဲ့ယာဉ်မောင်းနှင်မှုတွေ များလာတာရယ်၊ ယာဉ်တွေတိုးလာတာရယ်၊ လမ်းတွေက ကျဉ်းတာရယ်၊ လက်ရှိအသုံးပြုနေတဲ့ မီးပွိုင့်စနစ်ကြောင့် ယာဉ်ကြောကျပ်တည်းမှုက ထင်ထားတာထက် ပိုမိုဆိုးရွားလာတာကို ထပ်မံတွေ့ရှိနေရပါတယ်။ ဒါကြောင့် ယာဉ်ကြောပိတ်ဆို့မှုတွေကို ပိုမိုရှင်းလင်းနိုင်ရန်အတွက် ယာဉ်ကြောကျပ်တည်းမှုရှင်းလင်းအဖွဲ့ ၁၀ ဖွဲ့ကို ထပ်မံဖွဲ့စည်းလိုက်တာဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားပေးခဲ့သည်။

ပထမတွင် ယာဉ်ကြောပိတ်ဆို့မှုရှင်းလင်းနိုင်ရေးအတွက်နှင့်စည်းကမ်းမဲ့ယာဉ်များကို အရေးယူနိုင်ရန်အတွက် ယာဉ်ထိန်းအဖွဲ့ရှစ်ဖွဲ့၊ မထသ အဖွဲ့ရှစ်ဖွဲ့တို့ဖြင့် ဖွဲ့စည်းပေါင်းစပ်ရှင်းလင်းခဲ့သော်လည်းယာဉ်များ ပိုမိုတိုးပွားလာခြင်းကြောင့် ယခုကဲ့သို့အဖွဲ့ ၁၀ဖွဲ့ထပ်မံတိုးမြှင့်ဖွဲ့စည်းရခြင်းဖြစ်ကြောင်း သိရသည်။

အဓိက ယာဉ်ကြောပိတ်ဆို့မှုအဖြစ်ပွားဆုံးမှာ မြေနီကုန်း၊ ဘုရင့်နောင် ခုံးတံတားအနီး၊ လှည်းတန်းအနီး၊ ရှစ်မိုင်၊ ရွှေဂုံတိုင်၊ နာနတ်တောလမ်း၊ အနော်ရထာလမ်းမကြီးတစ်လျှောက်(ဗိုလ်အောင်ကျော် လမ်းနှင့်ရွှေတိဂုံဘုရားလမ်းအထိ)၊ ဗညားဒလလမ်း (ယုဇနပလာဇာနှင့်မင်္ဂလာဈေးဝန်းကျင်)တို့၌ ဖြစ်သည်။

မင်္ဂလာဈေးမှ အထည်ရောင်းသူကိုတာကြီးက "တကယ်ဆို လိုင်းကားတွေက စည်းကမ်းတကျနဲ့ မောင်းပေးကြမယ်ဆို ဒီလောက်ကြီးယာဉ်ကြောကျပ်စရာမလိုဘူးဗျ။ အခုတော့ ဖမ်းတဲ့သူမရှိရင် မရှိသလို လမ်းခရီးသည်တားတဲ့နေရာတိုင်းရပ်ပြီး လူတင်ကြသလို မှတ်တိုင်တွေမှာ ယာဉ်နှစ်ထပ်ရပ်တဲ့ ပြဿနာတွေကြောင့် ဖြစ်နေတာ"ဟု သုံးသပ်ပြောကြားသည်။

ထို့အပြင် ကြည့်မြင်တိုင် ပန်းလှိုင်မှ ကိုမြင့်ခင်က "လိုင်းကား စီးလာရင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေက တက္ကစီယာဉ်မောင်းတွေကို ကိုယ့်လမ်းကြောင်း ကိုယ်မမောင်းဘူး၊ လိုင်းကားလမ်းကြောထဲ ဝင်မောင်းလို့ လူတင်လူချလုပ်လို့ဆိုပြီး ဒေါသသံနဲ့အော်နေကြတယ်။ တက္ကစီငှားစီးသွားမိရင်တက္ကစီမောင်းတဲ့သူက"လိုင်းကားမောင်းတဲ့သူတွေ စည်းကမ်းကိုမရှိဘူး၊ အတင်းမောင်း၊ အတင်းဝင်ရပ်နဲ့ နောက်ပြီး အပေါ်ဆုံးလမ်းကြောင်းကနေ ပြုံးခနဲ၊ ပြဲခနဲမောင်းဝင်လာကြတယ်"ဟု ဆိုပါသည်။ နောက် ၄င်းကမေးခွန်းတစ်ခုမေးလာသည်"ဘယ်သူပြောတာမှန်သလဲ"ဟု။

မည်သို့ပင် ဆိုကြပါစေ ယာဉ်ကြော ကျပ်တည်းခြင်း၊ ယာဉ်များစည်းကမ်းမဲ့ခြင်းကို ယခုကဲ့သို့ စည်းကမ်းထိန်းသိမ်းရေး၊ ရှင်းလင်းရေးအဖွဲ့များ ထပ်မံတိုးမြှင့်ဖွဲ့စည်း၍ ထိန်းသိမ်းမှုကို နေ့စဉ်နှင့်အမျှ ခရီးသွားလာနေရသော ပြည်သူများအားလုံးက ကြိုဆိုပါသည်။ စည်းမဲ့မောင်းနှင်သူတို့အား ဥပဒေနှင့်အညီ အရေးယူခြင်းကိုလိုလားကြပါသည်။ သို့သော်ဖမ်းဆီးရေးအဖွဲ့များက စည်းကမ်းနှင့်မညီ တွေ့ရှိမှုကို တားလိုက်သည်နှင့် လိုင်းကားပေါ်မှ ယာဉ်နောက်လိုက်များက ကားပေါ်မှ အပြေးအလွှားဆင်းသွားကာ ဖမ်းဆီးရေးအဖွဲ့နှင့်တိုးတိုးတိုးတိုး ပြောပြီး လက်ထဲတွင် ဖမ်းဆီးမှုဖြတ်ပိုင်း(ချလန်)မပါ ပြန်လာပြီး "အိုကေမောင်းဆရာ"ဆိုသည့်မြင်တွေ့ မှုလေးများ ပပျောက်လာသည်နှင့်အမျှ ယာဉ်များစည်းကမ်းပိုမိုရှိလာမည်ကို မျှော်လင့်နေကြပြီဖြစ်ပါသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

သန်းခေါင်စာရင်းကောက်ယူရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေး သီပေါမြို့နယ်၌ အသိပညာပေးဟောပြော

သီပေါ အောက်တိုဘာ ၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတို့ပူးပေါင်းကျင်းပသော လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်သဘောပေါက်လာစေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက တွန်ခိုက်ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကား ပြောကြားပြီး မြို့နယ်လူဝင်မှု ကြီးကြပ်ရေးဦးစီးဌာနမှူး ဦးစိုင်းထွန်းအေးက ပြည်လုံးကျွတ် လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းနှင့်ပတ်သက်သည့် ပြည်သူများ သိသင့်သိထိုက်သော အချက်အလက်များ၊ အကျိုးကျေးဇူးနှင့် ဗဟုသုတဖြစ်ဖွယ်များကို လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းထွန်းသိန်းက ကျေးရွာအတွင်း လူကြီးလူငယ်များအတွက် စာဖတ်ခြင်း၏ အကျိုးတရားရရှိပုံနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများအကြောင်းကို လည်းကောင်း ဆွေးနွေးဟောပြောကြသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသောဒေသခံတိုင်းရင်းသားများက မရှင်းလင်းသည့် အချက်များနှင့် သိရှိလိုသည့်ကိစ္စရပ်များကို ပြန်လည်မေးမြန်းဆွေးနွေးကြပြီး ရှမ်း၊ မြန်မာနှစ်ဘာသာဖြင့် သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

စာရေးတံအလှူတော် ကျင်းပမည်

ကောလင်း အောက်တိုဘာ ၂

ကောလင်းမြို့ ပြင်ဦးလွင်ရပ်ကွက် သာသနရက္ခိတ အရုဏ်ဘုံဆွမ်းလောင်းအသင်းသည် ၁၃၇၂ ခုနှစ် ဝါတွင်းကာလမှစတင်ပြီး တစ်လလျှင် (၄)ကြိမ် အရုဏ်ဆွမ်းလောင်းလှူလျက်ရှိရာ ၁၃၇၅ခုနှစ် ဝါတွင်းကာလတွင်လည်း အစဉ်အလာ မပျက်မြို့ပေါ်နှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ ကျောင်းတိုက်အသီးသီးမှ ရဟန်း၊ သာမဏေ၊ သီလရှင်၊ အလှူခံပုဂ္ဂိုလ် အပါး၂၀၀ခန့်တို့အား အပတ်စဉ် ဆွမ်းလောင်းလှူကုသိုလ်ယူလျက်ရှိသည်။ ထို့ပြင်ဝေယျာဝစ္စ ကုသိုလ်ယူဆောင်ရွက်ကြသည့် လူပုဂ္ဂိုလ်များအား ဧည့်ခံကျွေးမွေးမှုကုန်ကျစရိတ်ကို ဦးကျော်လွင်-ဒေါ်ခင်မျိုးမြင့် (အောင်မြင့်မိုရ်မိသားစု) ပြင်ဦးလွင်ရပ်ကွက်က တစ်ဦးတည်းအလှူရှင်အဖြစ် လှူဒါန်းပြီး စံတော်သာ ဘိုးဘွားရိပ်သာသို့လည်း ကုသိုလ်ယူလှူဒါန်းလျက်ရှိသည်။ လာမည့်အောက်တိုဘာ ၁၃ ရက် နံနက်တွင် ဝါတွင်းသုံးလအတွင်း အလှူခံရရှိငွေမှ အရုဏ်ဆွမ်းအလှူခံကြွရောက်မည့်ရဟန်း၊ သာမဏေ၊ သီလရှင်များအား စာရေးတံအလှူတော်ကျင်းပရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

မျိုးချစ်သူ(ကောလင်း)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကရင်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) သံကူကွန်ကရစ်တံတားများဆောက်လုပ်ခြင်း

(ခ) ရုပ်/သံ ထပ်ဆင့်လွှင့်စက်ရုံ အဆောက်အအုံများနှင့် ဝန်ထမ်းနေအိမ်များ တည်ဆောက် ခြင်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်း

၂။ သို့ပါ၍ စိတ်ပါဝင်စားသူ လုပ်ငန်းရှင်များအနေဖြင့် အထက်ပါလုပ်ငန်းများနှင့်ပတ်သက်၍ ဆောက်လုပ်မည့်ပုံစံ၊ အတိုင်းအတာ၊ အသေးစိတ်အချက်အလက်များပါဝင်သော အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံအား ရုံးချိန်အတွင်း ကရင်ပြည်နယ် ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ဘားအံ)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃၀-၉-၂၀၁၃ ရက်

တင်ဒါပုံစံရောင်းချမှုနောက်ဆုံးရက် - ၃၀-၁၀-၂၀၁၃ ရက်

၄။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ဘားအံ) ဖုန်း-၀၅၈-၂၁၁၆၂၊ ၀၅၈-၂၂၅၂၃ တို့သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါကြီးကြပ်ရေးအဖွဲ့

ပျောက်ဆုံးကြောင်း

မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ်မူရင်းအမှတ် ISP-ID78-13-14-19530 ဒေါ်ဥမ္မာ ၁၂/တမန(နိုင်)၀၀၄၄၄၅ နှင့် ISP-ID78-13-14-19520 ဒေါ်ခင်အေးရီ ၁၂/ဥကတ(နိုင်)၁၂၁၈၆၆ ပျောက်ဆုံးပါ၍ ရရှိသူဆက်သွယ်ပါ။

ဦးဝင်းနိုင် ဖုန်း-၀၉-၃၁၈၃၅၁၀၇

ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၉-၂၀၁၃ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ ၂၂ တွင် ပါရှိသော ကန့်ကွက်နိုင်ပါသည်ကြော်ငြာ မြောက်ဥက္ကလာပမြို့နယ် တကကဝင်းနိုင်မြေအမည်ပေါက်တွင် မြေကွက်အမှတ် (၄၃၇)အစား (၄၇၃)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၉/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-073 (2013-2014)	Electrical Spares for KG-2 Kongsberg Gas Turbines	(47) Items	US$
(၂)	IFB-074 (2013-2014)	High & Low Clutch for ZJ 70 L Sr-1 & 2 Drilling Rigs	(2) Items	US$
(၃)	IFB-075 (2013-2014)	1 Meter DEM or STRM Data (Myanmar)	(20) Nos	US$
(၄)	DMP/L-033(2013-2014)	9.00x20 Tyres, 12.00x24 Tyres, 18 R 22.5 Tyres & 14.5x20 Tyres	(4) Items	Kyat
(၅)	DMP/L-034(2013-2014)	Sercel 408 UL Line Cable Section for Acquisition Recording System	(1) Lot	Kyat
(၆)	DMP/L-035(2013-2014)	Spare Parts for Mud Logging Unit Ex ZJ 70 L & ZJ 50 D Drilling Rigs	(1) Lot	Kyat
(၇)	DMP/L-036(2013-2014)	2" Dia, 4" Dia, 6"Dia and 8" Dia Rubber Hose Pipe	(4) Items	Kyat
(၈)	DMP/L-037(2013-2014)	Electrical Spares For USS Oil Well Drilling Rig (20 Pin Plug and Receptacle)	(32) Sets	Kyat
(၉)	DMP/L-038(2013-2014)	200 AMP Circuit Breaker and Speed Adjust Rheostat For ZJ 50 D Drilling Rig	(2) Items	Kyat
(၁၀)	DMP/L-039(2013-2014)	Electrical Cards For Mud Pump Field Thyristor of Main PCR Unit Ex D3 T2 Drilling Rig	(2) Items	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃၀-၁၀-၂၀၁၃ ရက် ၁၃း၀၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄) နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဥပုသ်ချောင်းရေတိုက်စားမှုကြောင့် ရေဘေးသင့်ပြည်သူများကို ကလေးမြို့ကမ္ဘောဇဘဏ်ခွဲဝန်ထမ်းများ ကူညီထောက်ပံ့

ကလေး အောက်တိုဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် စက်တင်ဘာ ၂၉ ရက်မှစ၍ မိုးများအဆက်မပြတ် ရွာသွန်းကာ ချောင်းမြောင်းများရေကြီးရေလျှံဖြစ်ကာ ဥပုသ်ချောင်းရေ ကမ်းလုံးပြည့်လျှံမှုဖြစ်ပွား၍ ချောင်းဘေးနေပြည်သူတို့၏ နေအိမ်များ ရေစီးထဲမျောပါသွားခြင်း၊ ပြောင်းရွှေ့ပေးရခြင်းများ လုပ်ပေးခဲ့သည်။ ဥပုသ်ချောင်းရေတိုက်စားမှုကြောင့် ရေဘေးသင့်အိမ်ထောင်စု ၁၇ စုအတွက် ကလေးမြို့ ကမ္ဘောဇဘဏ်ခွဲဝန်ထမ်းများက တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ်နှုန်းဖြင့် နေအိမ်အရောက်ပို့ဆောင်ကူညီထောက်ပံ့ပေးခဲ့ကြကြောင်း သိရသည်။ ကမ္ဘောဇဘဏ်မိသားစုများအနေဖြင့် မြို့နယ်အထောက်အကူပြု ကော်မတီအဖွဲ့သို့လည်း မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် အလှူငွေကျပ် ၁၀ သိန်းကိုလည်း လှူဒါန်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သျှင်နေမင်း

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ ဗိသနိုးပျူမြို့ဟောင်း ယဉ်ကျေးမှုနယ်မြေသို့ ကွင်းဆင်းလေ့လာ

တောင်တွင်းကြီး အောက်တိုဘာ ၂

မကွေးတိုင်းဒေသကြီး မကွေးဇုန် ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကြည်ထွန်း ဦးဆောင်သော မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ လေ့လာရေးအဖွဲ့ဝင်စုစုပေါင်း ၄၄ ဦးတို့သည် တောင်တွင်းကြီးမြို့နယ်ဗိသနိုးပျူမြို့ဟောင်း ယဉ်ကျေးမှုနယ်မြေသို့ စက်တင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီက ဗိသနိုးရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိလာရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန ဗိသနိုးဌာနစု လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော်တို့က ကြိုဆိုခဲ့ကြပြီး ဗိသနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့်ပတ်သက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော်က အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။ထို့နောက် လေ့လာရေးအဖွဲ့များသည် ပြတိုက်အတွင်း စိတ်ဝင်တစား လေ့လာမှတ်သားကြပြီး BTO. ၃၆ မြို့ဝင်ပေါက်၊ ကုန်းအမှတ် KKG (၂) (၃) (၄)တို့ကို အသေးစိတ်လေ့လာကြည့်ရှုကြသည်။ ဆက်လက်၍ ရှေးဟောင်းသမိုင်းဝင်ရွှေရောင်တော်စေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုကြပြီး ဗိသနိုးမုခ်ဦးရှေ့၌ အမှတ်တရမှတ်တမ်းဓာတ်ပုံရိုက်ကူး၍ မင်းလှခံတပ်ဘက်သို့ ဆက်လက်ထွက်ခွာသွားကြသည်။

နိုင်ဝင်း

ဗုဒ္ဓဆင်းတုတော်အဆူ ၆၀၀၀ ကျော်အနေကဇာတင်

ရန်ကုန် အောက်တိုဘာ ၂

ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်သို့ ကြွချီတော်မူမည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်အဆူ ၆၀၀၀ ကျော်အနေကဇာတင်ပွဲနှင့် ရွှေတိဂုံစေတီတော်အတွက် ငွေလှူပွဲကို စက်တင်ဘာ ၂၉ ရက် နံနက် ၆နာရီက ရွှေတိဂုံစေတီ ရင်ပြင်တော်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပရာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ထာဝရအလှူရှင်(SAMESKY Co., Ltd.) ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့်မိသားစုများ၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ အလှူခံကြမည့်ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ရွှေတိဂုံစေတီတော် အလှည့်ကျဩဝါဒါစရိယဆရာတော် ၁၀ ပါးက ဗုဒ္ဓရုပ်ပွားဆင်းတုတော် အဆူ ၆၀၀၀ ကျော်ကို ဗုဒ္ဓါဘိသေက အနေကဇာတင်ပေးတော်မူကြသည်။

အနေကဇာတင်ပြီး ဗုဒ္ဓ ရုပ်ပွားတော်အဆူ ၆၀၀၀ ကျော်ကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိကျေးရွာများအတွက် အဆူ ၂၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများအတွက် အဆူ ၂၀၀၀၊ မွန်ပြည်နယ်အတွင်းရှိ ကျေးရွာများအတွက် အဆူ ၂၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။ **(အောက်ပုံ)**

ဗုဒ္ဓရုပ်ပွားဆင်းတုတော်ထာဝရအလှူရှင် (SAMESKY Co.,Ltd.) ဥက္ကဋ္ဌဦးမျိုးအောင်နှင့် မိသားစုသည် ယခုလှူဒါန်းသည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအပါအဝင် အဆူပေါင်း ၁၄၀၀၀၀ ကျော်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဗုဒ္ဓဘာသာဝင်များ ပေးပို့လှူဒါန်းပေးခဲ့ပြီး ဆက်လက်၍ မိမိတို့အသက်ရှင်နေသမျှကာလပတ်လုံး လှူဒါန်းသွားရန် အဓိဋ္ဌာန်ပြုထားသည်ဟု သိရသည်။

ခရမ်းစိုးမြင့်

ဆိုက်ကားနှင့်မြင်းလှည်းမောင်းသူတို့အား တန်ဖိုးနည်းဖုန်းကတ်များထုတ်ပေး

နေပြည်တော် အောက်တိုဘာ ၂

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်အတွင်းရှိ လိုင်စင်ရ အနေးယာဉ်ဆိုက်ကားနှင့် မြင်းလှည်းမောင်းသူတို့အား တန်ဖိုးနည်းဖုန်းကတ် ၁၀၂ ကတ်ကို စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၌ တတိယအကြိမ်မဲစနစ်ဖြင့်ထုတ်ပေးရာ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွှန့်နှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရွာလုံးကျွတ်ရွှေ့ပြောင်းရန်လိုသည့်ဇာလိုင်ကျေးရွာ

ကလေး အောက်တိုဘာ ၂

ချင်းပြည်နယ် ဖလမ်းမြို့နယ် လိုင်ဇိုးကျေးရွာအုပ်စုသည် ဖလမ်းမြို့မှ နှစ်မိုင်ခွဲခန့်သာ ကွာဝေးပြီး ကျေးရွာပေါင်း ခုနစ်ရွာရှိသည့် ကျေးရွာအုပ်စုဖြစ်သည်။အဆိုပါ လိုင်ဇိုးကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း ခုနစ်ရွာတွင် ပါဝင်သော ဇာလိုင်ကျေးရွာသည် အိမ်ခြေ ၈၂ အိမ်၊ လူဦးရေ ၃၅၀ ခန့်နေထိုင်သည့် ရွာကြီးတစ်ရွာဖြစ်သည့်အပြင် အုပ်စုခန်းမဆောက်တည်ရှိရာ ကျေးရွာဖြစ်ပြီး ရွာ၏သက်တမ်းသည်လည်း နှစ်ပေါင်း ၁၀၀ ကျော်ရှိပြီဖြစ်သည်။ သို့သော်လည်း ယခုအချိန်တွင် ဖလမ်းမြို့နှင့်လိုင်ဇိုးကျေးရွာအုပ်စုမှ အနောက်ဘက် နာဂဒေသအထိ မြေအောက် ပြတ်ရွေ့ကြောင်းရှိခြင်းကြောင့် ဩဂုတ် ၂၃ ရက် ညနေပိုင်းက လိုင်ဇိုးကျေးရွာနှင့်ဇာလိုင်ကျေးရွာအကြားရှိ သိုင်နောက် လိုးဗာချောင်းရိုးတစ်လျှောက်သည် အရှည်တစ်မိုင်ခွဲခန့်နှင့် အကျယ်တစ်ဖာလုံခွဲခန့် မြေပြိုမှုဖြစ်ပေါ်ပြီး နေအိမ်လေးလုံးသည် မြေစာနှင့်ရွှံ့ညွှန်ထဲသို့ နစ်မြုပ်သည့်အပြင် ဇာလိုင်ကျေးရွာအတွင်း ကြီးမားသော မြေအက်ကြောင်းများဖြစ်ပေါ်မှုကြောင့် ကျေးရွာနေပြည်သူများသည် ကြောက်ရွံ့ထိတ်လန့်ကြပြီး မိမိနေအိမ်များကို စွန့်ခွာကာ အနီးအနားရှိ ကျေးရွာများနှင့်ဖလမ်းမြို့တွင် ပြောင်းရွှေ့နေထိုင်ကြသည်။

သို့ဖြစ်၍ ဘူမိဗေဒပညာရှင်များ၏ အကြံပြုချက်နှင့် ချင်းပြည်နယ်အစိုးရ၏စီစဉ်မှုဖြင့် ဇာလိုင်ကျေးရွာသည် လိုင်ဇိုးကျေးရွာအုပ်စုမှ ၁၁ မိုင်ခန့်ကွာဝေးသော ဖလမ်း-ဟားခါးလမ်းမပေါ်ရှိ လုံပီးကျေးရွာအုပ်စု လုံရန်းကျေးရွာအနီး မြေနေရာလွတ်တွင် ရွာလုံးကျွတ်ပြောင်းရွှေ့နိုင်ရန်နှင့် ဇာလိုင်ကျေးရွာသစ်တည်ထောင်ရန် ချင်းပြည်နယ်အစိုးရက လိုအပ်သည်များကို စီစဉ်ဆောင်ရွက်လျက် ကူညီပံ့ပိုးမည်ဖြစ်ကြောင်း သိရသည်။

ဂျူနိုင်း

ထူးချွန်ကျောင်းသားများအား ဆုချီးမြှင့်

မန္တလေး အောက်တိုဘာ ၂

မန္တလေးတိုင်းဒေသကြီး ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ခြောက်ဘာသာဂုဏ်ထူးရှင်များ ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ ရက် နံနက် ၈ နာရီခွဲက မန္တလေး ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်တက်ရောက် အမှာစကားပြောကြားပြီး ဂုဏ်ထူးရှင်များအား ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသည့် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်ကြူနှင့် လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာသိန်းဝင်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များ၊အခြေခံပညာကျောင်းအုပ်ကြီးများ၊ ပုဂ္ဂလိကကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများနှင့်အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဆုချီးမြှင့်ပွဲကိုကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ခြောက်ဘာသာဂုဏ်ထူးရှင် စုစုပေါင်း ၁၅၆ ဦးတို့ကို တစ်ဦးချင်း ဆုချီးမြှင့်ပေးအပ်ကြသည်။

(ဝ၄ဝ)



အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၄-မိသားရပ်)၊ ဦးပိုင်အမှတ်(၈၇)၊ ဧရိယာ ၀ဒသမ ၁၁၀၈က အကျယ်အဝန်းစတုရန်းပေ ၄၈၀၀ ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်၌ သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သိင်္ဂီနိုင် ၁/မကန(နိုင်)၀၁၈၉၃၉၊ ဒေါ်နီလာနိုင် ၁/မကန(နိုင်)၀၀၀၁၀၅၊ ဦးမောင်မောင်နိုင် ၁/မကန(နိုင်)၀၀၀၁၁၄ တို့ သုံးဦးအမည်ဖြင့် ၁၇-၈-၂၀၁၄ရက်အထိ ၁၅ နှစ် မြေငှားဂရန်ထုတ်ပေးခဲ့ပြီးဖြစ်ရာ အဆိုပါမြေငှားဂရန်သည် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်အား မိတ္တူကူးယူခွင့်ပြုရန်တင်ပြလျှောက်ထားလာပါသည်။ ယင်းမြေငှားဂရန်မိတ္တူ ကူးယူခွင့်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ကာလအတွင်း ကန့်ကွက်သူများမရှိပါက ပျောက်ဆုံးသည်ဟုတင်ပြသော မြေငှားဂရန်မူရင်းကိုပယ်ဖျက်၍ မြေငှားဂရန်မိတ္တူကူးယူခွင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့



ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်တွောင်ဒိတ်ဇမ်း ၄/တတန(နိုင်)၀၄၆၇၈၇၏ နိုင်ငံကူးလက်မှတ် M-၆၂၄၅၀၇ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၇၀၈၀၀၃၂

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၂၈၃၃ Dagon Taw Win L/T, P/U ယာဉ်လက်ဝယ်ရှိသူ စောကျော်လင်း ၁၄/မအပ(နိုင်)၀၃၈၅၃၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊
ရန်ကုန်တိုင်းဒေသကြီး

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

တာချီလိတ်တွင် သေနတ်ပစ်ခတ်မှု အမျိုးသားတစ်ဦးသေဆုံး

တာချီလိတ် အောက်တိုဘာ ၂

ရှမ်းပြည်နယ်အရှေ့ပိုင်းတာချီလိတ်မြို့ ဟောင်လိတ်ကျေးရွာအုပ်စု တော့ကော့(အပြင်)ရွာ အိမ်အမှတ် ၂၁၄ နေအိမ်တွင် စက်တင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီခွဲက အမျိုးသားတစ်ဦး နေအိမ်အတွင်း သေနတ်ဒဏ်ရာဖြင့် သေဆုံးနေကြောင်း အကြောင်းကြားသဖြင့် တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနေမျိုးထွဋ်၊တာချီလိတ်မြို့မရဲစခန်းမှူး ဒုရဲမှူးကျော်သန်းနှင့် တပ်ဖွဲ့ဝင်များ၊ ပူးပေါင်းအဖွဲ့များ ပါဝင်သောအဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ အဆိုပါ နေအိမ်တွင် သေဆုံးသူ အိုက်အွန်(ခ)စိုင်းအွန် (၄၈ နှစ်) လယ်လုပ် ဝမ်ပုံရွာ မိုင်းဖုန်း(က)ကျေးရွာအုပ်စု တာချီလိတ်မြို့နေ

သူမှာ ယာဘက်ရင်အုံပေါ် ဖောက်ဝင်ဒဏ်ရာတစ်ချက်နှင့်ယာလက်မောင်း ဖောက်ဝင်ဒဏ်ရာတစ်ချက်၊ နောက်စေ့ ဖောက်ဝင်ဒဏ်ရာ တစ်ချက်နှင့် နောက်ကျောဝဲဘက် ဖောက်ဝင်ဒဏ်ရာ တစ်ချက်၊ လည်ပင်းဖောက်ဝင် ဒဏ်ရာတစ်ချက်တို့ဖြင့် နေအိမ်အတွင်းတံခါးဝတွင် ပက်လက်သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိကြောင်း သိရသည်။

သေဆုံးသူ အိုက်အွန်(ခ)စိုင်းအွန်၏ဇနီး နန်းဆောင်ခမ်းသည် သမီးဖြစ်သူ နန်းဟွမ်နှင့်အတူ တော့ကော့(အပြင်)ရွာနေအဖွားဖြစ်သူဒေါ်နန်းလီ၏ နေအိမ်တွင် သွားရောက်လည်ပတ်နေပြီး မွန်းလွဲ ၂ နာရီခွဲတွင် နေအိမ်သို့ ပြန်လည်ရောက်ရှိသောအခါ ခင်ပွန်းဖြစ်သူ အိုက်အွန်(ခ)စိုင်းအွန်မှာ သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် တော့ကော့(အပြင်)သူကြီးဖြစ်သူဦးခမ်းဟုန်ထံ ဖုန်းဖြင့်အကြောင်းကြားခဲ့သည်။ ဦးခမ်းဟုန်က တာဝန်ရှိသူများထံ ဆက်လက်အကြောင်းကြားခဲ့ပြီး ဇနီးဖြစ်သူမှတရားလို ပြုလုပ်တိုင်တန်းသဖြင့် တာချီလိတ်မြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေး စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

မော်တော်ယာဉ် ၂၆၄၅၃ စီး သွင်းကုန်ပါမစ်ထုတ်ပေးပြီး

ရန်ကုန် အောက်တိုဘာ ၂

ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန သွင်းကုန်လုပ်ငန်းဌာနခွဲ မော်တော်ယာဉ်ပါမစ်ထုတ်ပေးရေးဌာနစိတ် ရန်ကုန်တိုင်းဒေသကြီးရုံးက လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် မော်တော်ယာဉ်သွင်းကုန်ပါမစ်များ ထုတ်ပေးလျက်ရှိရာ ၂၀၁၂ ခုနှစ် ဩဂုတ် ၁ ရက်မှ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁ ရက်အထိ 1350 CC အောက်ယာဉ်များအပါအဝင် Saloon, Van, Pick Up, Light Truck၊ Mini Truck နှင့် Box Truck တို့ အပါအဝင် စုစုပေါင်းမော်တော်ယာဉ် ၂၆၄၅၃ စီးကို သွင်းကုန်ပါမစ်ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် အမေရိကန်ဒေါ်လာ ၁၈၄ ဒသမ ၅၄၆ သန်းခန့် တန်ဖိုးရှိကြောင်း ယင်းဌာနမှ ထုတ်ပြန်သောစာရင်းအရ သိရသည်။

အေးကို(သတင်းစဉ်)

ဆင်ဆာမဲ့နှင့်ညစ်ညမ်းခွေများ ဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၂

စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁၂ နာရီခွဲက အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ကျောက်တံတားမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များနှင့်အတူ ဆင်ဆာမဲ့ခွေနှင့်ညစ်ညမ်းခွေများ ရောင်းချနေကြောင်း သတင်းအရ ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့်ရှိ အသေးလေး(ခ)ချစ်စမ်းမောင် မရမ်းကုန်းမြို့နယ်နေသူ၏ အခွေအရောင်းဆိုင်ကို ရှာဖွေရာ နိုင်ငံခြားဇာတ်လမ်းတွဲခွေမျိုးစုံဒီဗီဒီအချပ် ၅၈၀၊ ခွေထည့်ရာတွင် အသုံးပြုသည့် ပလတ်စတစ်ခြင်းများ၊ ခွေရောင်းရငွေကျပ် ၆၃၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် ကျောက်တံတားမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ဗန်းမော်မြို့တွင် ဆိုင်ကယ်ခိုးယူသူများ ဖမ်းဆီးရမိ

ဗန်းမော် အောက်တိုဘာ ၂

ဗန်းမော်မြို့နယ် မြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်ဖြိုးသီဟအောင်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၇ ရက်က ဆိုင်ကယ် ခိုးယူသူ အောင်နိုင်ဝင်းနှင့် ငြိမ်းချမ်းထွန်းတို့ကို သီရိရပ်ကွက် ငြိမ်းချမ်းထွန်း နေအိမ်တွင် ဖမ်းဆီးရမိခဲ့သဖြင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး အောင်ကျော်လှိုင် ဦးစီးပြီး ခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ဒုတိယရဲအုပ် အောင်အောင်ဦးစီးတပ်ဖွဲ့ဝင်များ၊ ဒုတိယရဲအုပ် မင်းမင်းထွန်းတို့က စစ်ဆေးကြသည်။

အောင်နိုင်ဝင်းနှင့် ငြိမ်းချမ်းထွန်းတို့သည် ပေါက်ကုန်းရပ်ကွက် ကရိန်နော်စတိုးဆိုင်အနီး တီဗွီဂိမ်းဆိုင်ရှေ့မှ စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ခိုးယူခဲ့သော Kenbo-125 အစိမ်းရောင်ဆိုင်ကယ်ကို သုံးမိုင် ရွှေပြည်သာကျေးရွာနေ ရန်နောင်စိုးနှင့် ဇနီးမခင်စန္ဒာဦးတို့ထံ ရောင်းချပေးရန်အတွက် အပ်နှံထားကြောင်း ထွက်ဆိုကြသဖြင့် ရန်နောင်စိုးနေအိမ်သို့ သွားရောက်ခဲ့ကြရာ ရန်နောင်စိုးမှာရွှေကူ၊ ကသာဘက်တွင် ဆိုင်ကယ်ရောင်းနေသဖြင့် နေအိမ်တွင် ၎င်း၏ဇနီး မခင်စန္ဒာဦးကို တွေ့ရှိရပြီး သက်သေခံဆိုင်ကယ် Kenbo-125 အစိမ်းရောင်ကို သိမ်းဆည်းခဲ့ကြသည်။

အောင်နိုင်ဝင်းနှင့် ငြိမ်းချမ်းထွန်းတို့က ရန်နောင်စိုးနှင့် မခင်စန္ဒာဝင်းတို့ထံ ရောင်းချရန် အပ်နှံထားသော ခိုးယူဆိုင်ကယ် ခုနစ်စီး ရှာဖွေသိမ်းဆည်းခဲ့ကြသည်။ ၎င်းတို့မှာ Yin Xaing-125 အစိမ်းရောင်ဆိုင်ကယ်သုံးစီး၊YinXaing-125 (EFI) နက်ဖြူကျားရောင်တစ်စီး၊ SHANYAN-125 အနီရောင်တစ်စီး၊ SHANYAN-125(ကာဘာမပါ)အနက်ရောင်တစ်စီး၊ Cyclone-110 အနက်ရောင်တစ်စီးတို့ဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်ပြီး မြို့မရဲစခန်းကအမှုဖွင့်၍ အောင်နိုင်ဝင်း (၂၇ နှစ်)၊ ဖိုးကဲ (ခ) ငြိမ်းချမ်းထွန်း (၂၃နှစ်)၊ မခင်စန္ဒာဦး (၂၆နှစ်)နှင့် ထွက်ပြေးတိမ်းရှောင်နေသူ ရန်နောင်စိုး(ခ) အငယ်လေး(ခ) စာဥ(ခ)မောင်လွင်ဦး(၃၅နှစ်)တို့ကို စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆီမီးခုံ-နန်းရီ

ချမ်းမြေ့သမ ငွေစုငွေချေးအသင်း အရပ်ရပ်ဆိုင်ရာ ညှိနှိုင်းဆွေးနွေး

မော်လူး အောက်တိုဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးကျေးရွာဒေသဖွံ့ဖြိုးရေး အုပ်ချုပ်ရေးမှူးရုံးတွင် စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီခွဲက ချမ်းမြေ့သမ အသင်း ငွေစုငွေချေး အရပ်ရပ်ဆိုင်ရာ အစည်းအဝေးပွဲ ကျင်းပသည်။ အင်းတော်မြို့နယ် ချမ်းမြေ့သမ ငွေစုငွေချေးအသင်းဥက္ကဋ္ဌ ဦးထွန်းရွှေက အမှာစကားပြောကြားသည်။

ထို့နောက် အသင်းဝင်များက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းနှီးပွင့်လင်းစွာဖြင့် ပြန်လည်ဖြေကြားပြီး အစည်းအဝေးတက်ရောက်လာသည့် အသင်းသားများကို တစ်ဦးလျှင် ငွေကျပ် ၂၀၀၀ နှုန်းစီဖြင့် ခရီးစရိတ်ပြန်လည်ပေးခဲ့သည်။

နီတိုး

အမှတ်(၁)ချစ်ကြည်ရေးတံတား၌ မြန်မာအလုပ်သမားရှစ်ဦးလွှဲပြောင်း

တာချီလိတ် အောက်တိုဘာ ၂

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မြန်မာ-ထိုင်းအမှတ်(၁) ချစ်ကြည်ရေးတံတားပေါ်၌ စက်တင်ဘာ ၂၇ ရက် နံနက်က ခရိုင်/မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များနှင့် ထိုင်းနိုင်ငံ လဝက တာဝန်ရှိသူများသည် အမှတ်(၁) ချစ်ကြည်ရေးတံတားတွင် လာရောက်လွှဲပြောင်းပေးသော မြန်မာအလုပ်သမားရှစ်ဦးကို လွှဲပြောင်းလက်ခံခြင်း ပြုလုပ်ခဲ့သည်။

လွှဲပြောင်းလက်ခံသော မြန်မာနိုင်ငံသားရှစ်ဦးတို့မှာ လူကုန်ကူးခံရခြင်း မရှိကြောင်းသိရပြီး လွှဲပြောင်းအလုပ်သမားများကို မိဘဆွေမျိုးများထံ မွန်းလွဲ ၂ နာရီခွဲ၌ ခံဝန်ဖြင့် အပ်နှံခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ရမည်းသင်းမြို့နယ်အသင်း (ရန်ကုန်)ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၂

ရမည်းသင်းမြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ ပညာရည်ချွန်ဆုပေးပွဲနှင့် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးကို စက်တင်ဘာ ၂၉ ရက်က ဗဟန်းမြို့နယ် M3 Food Center ၌ ကျင်းပသည်။

ရှေးဦးစွာ ရမည်းသင်းအသင်း (ရန်ကုန်)နာယက ဦးမြတ်သင်းအောင် (ဆမ်ဆောင်းကုမ္ပဏီ)က အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးတင်ဝင်း ရဲမှူးချုပ်(ငြိမ်း)က လက်ခံပြီး ၇၅ နှစ်အထက် သက်ကြီး ၃၀၊ တက္ကသိုလ်ဝင်တန်း(ဝိဇ္ဇာ၊သိပ္ပံ) အမှတ်အများဆုံး ကျောင်းသား ကျောင်းသူများအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ စီ၊ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ငွေကျပ် ၇၁၀၀၀ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

အမျိုးသားဝတ် Branded အင်္ကျီများနှင့် အမျိုးသမီးကိုင်အိတ်များ၊ ပါတိတ်နှင့် ပိုးချိတ်၊ ရေမွှေးများ ရောင်းမည်

